# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၇ ခုနှစ် ၊ ဝါခေါင်လပြည့်ကျော် (၅)ရက် ၊ ဗုဒ္ဓဟူးနေ့ ၊ (13-8-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၁၀၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

## နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေး ကျင်းပ

## နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြား

# ရွေးကောက်ပွဲကို အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပြီး နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ပေးရမည်၊ နိုင်ငံရေးလမ်းကြောင်းဖြောင့်ဖြူးအောင် လုပ်ဆောင်ရမည်





နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**နေပြည်တော် သြဂုတ် ၁၂**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်လုံခြုံရေး နှင့် အေးချမ်းသာယာရေးကော်မရှင်ဒုတိယ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင် ချုပ် ဦးအောင်လင်းဒွေး၊ ကော်မရှင်အတွင်း ရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ဦးသန်းဆွေ၊ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့် ဗိုလ်ချုပ်ကြီး ကျော်စွာလင်းတို့ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်း သာယာရေးကော်မရှင်ဥက္ကဋ္ဌက အဖွင့် အမှာစကားပြောကြားရာတွင် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီက

စာမျက်နှာ ၁၆ ကော်လံ ၁


Myanmar Mobile Money(MMM) ကိုအသုံးပြု၍အောက်ပါဝန်ဆောင်မှုများကိုရရှိနိုင်ပါသည်။

ငွေသွင်းငွေထုတ်ခြင်း၊ ငွေလွှဲခြင်း၊ ဝန်ထမ်းလစာ/ ပင်စင်လစာထုတ်ပေးခြင်း

လျှပ်စစ်မီတာ Bill ပေးဆောင်ခြင်း၊ E-Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊

ဈေးဝယ်ခြင်း ၊Internet Bill ပေးဆောင်ခြင်း၊

Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊

ပြည်ပငွေလွှဲ(ထိုင်း)၊ မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း၊

E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း၊

အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို

ဘဏ်သို့ သွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။

Myanmar MOBILE MONEY anywhere anytime anyone

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁

နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆




ရတနာပုံ
၂၀၁၅ ခုနှစ် ဩဂုတ် ၁၃ ရက်
အယ်ဒီတာ့အာဘော်

# သာသနာတော် ထွန်းကားပြန့်ပွားရေးအတွက် အလှူဒါန

မြန်မာနိုင်ငံသည် ဘာသာ၊ယဉ်ကျေးမှုထွန်းကားသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ သဒ္ဓါတရားထက်သန်စွာဖြင့် အလှူရေစက်လက်နှင့်မကွာဆိုစကားနှင့်အညီ အလှူအတန်းတွင် စေတနာထက်သန်ကြသူများဖြစ်ကြသည်။ ယခုဝါတွင်းကာလ၌လည်း မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ နတ်လူသာစုခါဖွယ်ရာ ဆွမ်းဆန်တော်အလှူပွဲကြီး ခမ်းနားစွာ ကျင်းပနိုင်ခဲ့သည်။

မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ဖြစ်သော အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်တို့တွင် ဝါဆိုဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ ၄၀၄၀၅ ပါး၊ သီလရှင်ဆရာကြီး၊ ဆရာလေး ၅၃၃၃ ပါး စုစုပေါင်း ၄၅၇၃၈ ပါးတို့အတွက် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ ဆွမ်းဆန်တော် ၅၇၁၇ ဒသမ ၂၅ အိတ်၊ ဆီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ဆား ပိဿာ ၅၀၀၊ ကြက်သွန်နီ ၁၁၄၃၄ ဒသမ ၅ ပိဿာ၊ ကုလားပဲ ၁၁၄၃၄ ဒသမ ၅ ပိဿာ စုစုပေါင်း တန်ဖိုးငွေကျပ် သိန်း ၈၈၀၀ ကျော်တို့ကို ဩဂုတ် ၉ ရက်က ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဝါတွင်းကာလ ဝါဆိုဝါကပ်သီတင်းသုံးတော်မူကြသည့် ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းကိစ္စအဆင်ပြေစေရန်ရည်ရွယ်၍ ဆွမ်းဆန်တော်ပစ္စယာနုဂ္ဂဟအဖြစ် လှူဒါန်းရခြင်းဖြစ်သည့်အပြင် ဆရာတော်များ ပရိယတ္တိ၊ ပဋိပတ္တိများကို စိတ်ချမ်းမြေ့စွာ အားထုတ်သင်ကြားနိုင်ရန်၊ သာသနာတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရန် သာသနာ့ကိစ္စအဝဝကို လစ်ဟင်းမှုမရှိအောင် ဆရာဒကာလက်တွဲ၍ ကြိုးပမ်းဆောင်ရွက်သွားမည်ဟုလည်း သိရသည့်အတွက် များစွာကျေနပ်ဝမ်းမြောက်ရပေသည်။

သာသနာအပေါ်ကြည်ညို၍ ပမာဏများစွာလှူဒါန်းခြင်းသည် သာသနာတော်ဆက်လက်ထွန်းကားပြန့်ပွားရေးအတွက် သာသနာတော်ကိုချီးမြှောက်ခြင်းပင်ဖြစ်သည်။ အလှူဒါနပြုလုပ်ခြင်းသည် အမွန်မြတ်ဆုံး မင်္ဂလာတစ်ပါးဖြစ်ပြီး အလှူရေစက်လက်နှင့်မကွာ လှူဒါန်းနေကြသော ပုဂ္ဂိုလ်များသည် လှူဒါန်းလိုက်ခြင်းကြောင့် မိမိတွင်ကုန်ခန်းသွားခြင်းမျိုးမဟုတ်ဘဲ ထိုဒါနမျိုးစေ့အကျိုးကြောင့်ပင် လက်ရှိဘဝတွင်သာမက နောင်သံသရာတွင်ပါ ဒါနအကျိုးကိုခံစားရမည်ဖြစ်သည်။

မြတ်စွာဘုရားအလောင်းတော်တို့သည် ပါရမီ ၁၀ ပါးတွင် ဒါနပါရမီကို အရင်ဦးဆုံး ကျင့်တော်မူကြသည်။ ဒါနသည် ပေးကမ်းခြင်း၊ စွန့်ကြဲခြင်းဖြစ်ပြီး ကံ ကံ၏အကျိုးကို ယုံကြည်စွာဖြင့် စေတနာအရပေးလှူခြင်းဖြစ်သည်။ ဒါနဖြစ်မြောက်ရေးတွင် စေတနာသည်လည်း အဓိကအခြေခံပင်ဖြစ်သည်။ ချမ်းသာ၊ ဆင်းရဲသည် ယခင်ဘဝကပြုခဲ့သော ဒါနအနည်းအများပေါ်မူတည်၍ ကွာခြားခြင်းဖြစ်ပြီး နိဗ္ဗာန်မတိုင်ခင် ဖြစ်လေရာဘဝ၌ ချမ်းသာသုခရလိုလျှင် ဒါနကို များစွာပြုလုပ်ရမည်ဖြစ်သည်။

သို့ဖြစ်ရာ မရှိ၍မလှူ မလှူ၍မရှိဘဝမှသည် ရှိ၍လှူ လှူ၍ရှိသောဘဝများ ဖြစ်လာကြစေရန်အတွက် လှူဒါန်းရန် အခွင့်အခါသင့်ချိန်တိုင်း၌ စေတနာသုံးတန်ဖြင့် ပြတ်ပြတ်သားသားလှူဒါန်းနိုင်ကြရန် လိုအပ်ပေသည်။ ထိုသို့ စေတနာသုံးတန်ကာလဒါနအလှူဟု တင်စားရလောက်ဖွယ် မန္တလေးမြို့ပေါ် ခုနစ်မြို့နယ်ရှိ ကျောင်းတိုက်များ၌ ဝါဆို ဝါကပ်တော်မူကြသည့် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၄၅၇၃၈ ပါးအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ကုလားပဲလှူဒါန်းပွဲအခမ်းအနားကြီး၏ အောင်မြင်မှုကို များစွာဝမ်းမြောက်သာဓုခေါ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၇၀၁၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါကေ ၇၀၁၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ သိရသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဝါ ၁၂၈၈ ကေ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ကေ ၇၀၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဝါကေ ၁၂၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၇၀၁၀ စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ ကျန်ကေတွေကိုလဲ ဆက်လက်စိုက်ပျိုးနေပါတယ်။ ဝါစိုက်ပျိုးထုတ်လုပ်ရာမှာ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးရာသီအမီ တောင်သူတွေ လွယ်ကူစွာစိုက်ပျိုးနိုင်ဖို့ ဝါမျိုးစေ့တွေ ပံ့ပိုးပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဝါစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝါမျိုးကောင်းမျိုးသန့်များ ရရှိစေရေး၊ ဝါသီးနှံဖြစ်ထွန်းအောင်မြင်စေရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်နိုင်ရေး၊ အထွက်နှုန်းကောင်းမွန်စေရေး၊ စိုက်နည်းစနစ်မှန်ကန်စေရေးတို့ကို နည်းပညာပေးသင်တန်းများ ဖွင့်လှစ်ပို့ချပေးခဲ့ကြောင်း သိရသည်။

ဝါစိုက်ပျိုးမှုအနေဖြင့် တစ်ကေလျှင် ကုန်ကျစရိတ် ငွေကျပ် သုံးသိန်းခွဲရှိပြီး ဝါတစ်ကေလျှင် ပိဿာချိန် ၁၀၀၀ ခန့် ထွက်ရှိကြောင်း သိရသည်။

ဝါစိုက်ပျိုးရာတွင် အခြားသီးနှံများဖြစ်သည့် ကြက်သွန်နီဖြင့် သီးကြိုစိုက်ပျိုးခြင်းနှင့် ပဲစင်းငုံဖြင့် သီးညှပ်စိုက်ပျိုးနိုင်သည့်အတွက် သီးနှံတစ်မျိုးမျိုး ရရှိမည်ဖြစ်ပြီး ဝင်ငွေတိုးပွားစေမည်ဖြစ်ကြောင်း၊ ဝါကို စစ်ကိုင်း၊ မုံရွာ၊ ယင်းမာပင်၊ ရွှေဘိုနှင့် ကန့်ဘလူခရိုင်အတွင်းရှိ မြို့နယ် ၁၉ မြို့နယ်တွင် အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

ဝါကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းသုံးစွဲမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများမြင့်မားလာမည်ဖြစ်သောကြောင့် ဝါကို ဒေသမရွေးတိုးချဲ့စိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်ကြီးမြို့နယ် ရွာသစ်ကျေးရွာ၌ ကျေးရွာခန်းမဆောက်တိုးချဲ့ခြင်းလုပ်ငန်း ကွင်းဆင်းစစ်ဆေး

**ပုသိမ်ကြီး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ရွာသစ်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)ဖြင့် ကျေးရွာခန်းမဆောက်တိုးချဲ့ခြင်းနှင့် အုတ်နံရံအစားထိုးကာရံခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ရွာသစ်ကျေးရွာ၌ အလျား ၂၇ ပေ၊ အနံ ၂၈ ပေ၊ အမြင့် ၁၀ ပေရှိ ကျေးရွာခန်းမဆောက်တိုးချဲ့ခြင်းနှင့် အုတ်နံရံအစားထိုးကာရံခြင်း လုပ်ငန်းအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ရွာသစ်ကျေးရွာ၌ ကျေးရွာခန်းမဆောက်တိုးချဲ့ခြင်းနှင့် အုတ်နံရံ အစားထိုးကာရံခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးငွေကျပ် ၁၅ သန်း၊ ပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၁ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အနီးကပ်ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇူလိုင်လပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၅၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီးဖြစ်ကြောင်း ပုသိမ်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းယုလှိုင်ထံမှ သိရသည်။

**အောင်ရဲကျော်**

# ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ရောပဒေသာစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ဇလွန် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း ရောပဒေသာစပါး တင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ပြီးခဲ့သည့် ဇွန်လအတွင်းက ရောပဒေသာစပါးတင်းရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ရောပဒေသာ စပါးတင်းရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ တစ်လအတွင်း ရောပဒေသာစပါးတင်းရေ ၆၅၀၀၀ ထိ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်ကာလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ရောပဒေသာစပါး အမျိုးအစားက အကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဘက်က ဝယ်ယူအားများနေလို့ တင်ပို့အားတက်ခဲ့တာဖြစ်ပါတယ်။ စပါးတွေကို တင်ပို့ရောင်းချတဲ့အခါမှာလဲ အခက်အခဲမရှိပါဘူး"ဟု ဇလွန်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းဌေးက ပြောပြသည်။

ဇလွန်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် တစ်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ရောပဒေသာစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၄၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ရောပဒေသာစပါးများ တင်ပို့ရောင်းချအား ကောင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၂၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မလှိုင်မြို့နယ် ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ စစ်ဆေး

**မလှိုင် ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သဘွတ်ကုန်းကျေးရွာအုပ်စု ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF)လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်စုစု၊ ဦးစီးအရာရှိ ဒေါ်အေးမိုးခိုင်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းစီမံကိန်း(RBF) ရန်ပုံငွေကျပ်သန်း ၃၀ ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်စုစုက ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း(RBF) ကျေးရွာလုပ်ငန်းအဖွဲ့၊ နို့စားနွားမွေးမြူရေး လုပ်ငန်းဆောင်ရွက်နေသည့် အသက်မွေးဝမ်းကျောင်း အဖွဲ့လေးဖွဲ့မှ အဖွဲ့ဝင်များနှင့် တွေ့ဆုံကာ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ဆက်လက်၍ ရေကမိုးကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းစီမံကိန်း (RBF)ဖြင့် နို့စားနွားမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့ အဖွဲ့ဝင်ဦးရေ ၂၀ ကို ရန်ပုံငွေကျပ် သန်း ၃၀ ထုတ်ချေးပေးထားကြောင်း မလှိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **ဟိန်းထက်စိုး(မလှိုင်)**

# နတ်တလင်းမြို့နယ် အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းစစ်ဆေး

**နတ်တလင်း ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့သည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးငွေလွင်စိုးနှင့် ဝန်ထမ်းများက အုတ်တွင်းကုန်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းနှင့်ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အုတ်တွင်းကုန်းကျေးရွာ၌ အကျယ် လေးလက်မခွဲ၊ အနက်ပေ ၄၀၀ ရှိစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင် တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်ခြင်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၉ ဒသမ ၇ သန်းဖြင့် နတ်တလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ဇူလိုင်လဒုတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၅ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပါက ၎င်းကျေးရွာရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ဖူလုံစွာရရှိမည်ဖြစ်ကြောင်း သိရသည်။ **သုတ**

# ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၉၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ဘုတလင် ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၀၉၉၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။

ဘုတလင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၉၉၅ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ဘုတလင်မြို့နယ်မှာ နှမ်းဧက ၅၃၁၁၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၀၉၉၅ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ နှမ်းစိုက်ဧက တိုးချဲ့စိုက်ပျိုးဖို့၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်"ဟု ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြသည်။

ဘုတလင်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေး လုပ်ငန်းများ ဆောင်ရွက်ပေးလျက် ရှိကြောင်း သိရသည်။

ဆီထွက်သီးနှံနှမ်းကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံနှမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဘုတလင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဖြိုးဝေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပေါင်းတည်မြို့နယ် ဖားယားကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပေါင်းတည် ဩဂုတ် ၁၂**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ပေါင်းတည်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖားယားကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပေါင်းတည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန္တာဦးရွှေက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဖားယားကြီးကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၇၇ ဦးကို ငွေကျပ် ၂၇ ဒသမ ၄၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးကို ငွေကျပ် ၄ ဒသမ ၈၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၈ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၃ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးမြတ်**

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင် အိတ်ရေ အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြ၍ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၅၀၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ညှော့မထဆန် ၂၄ ပြည်ဝင်အိတ်ရေ ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဆန်အမျိုးအစားသည် ဆန်ကြမ်းအုပ်စုတွင်ပါဝင်သည့် အမျိုးအစားဖြစ်ကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း ပန်းတနော်မြို့နယ်ကနေ ညှော့မထဆန်အိတ်ရေများများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ပန်းတနော်မြို့နယ်ကနေ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချနေပါတယ်။ ညှော့မထဆန် အမျိုးအစားကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အရင်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ညှော့မထ ဆန်အမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်။ ဆန်အိတ်တွေကို ကုန်းလမ်းနဲ့ အဓိကထားတင်ပို့ရောင်းချနေပါတယ်"ဟု ပန်းတနော်မြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးက ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့်ဇူလိုင်လအတွင်း တင်ပို့ရောင်းချခဲ့သည့် ညှော့မထဆန် ၂၄ ပြည်ဝင်တစ်အိတ်လျှင် ငွေကျပ် ၉၅၅၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဆန်များ အရောင်းအဝယ်ကောင်းလာသည့်အတွက် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**



# မနူဟာဘုရားတည်ကျောက်စာ

မောင်သာ(ရှေးဟောင်းသုတေသန)

ပုဂံအကြောင်းပြောလျှင် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူ အစရှိသည့် ပုဂံဘုရင်များ အကြောင်းပါဝင်သကဲ့သို့ သထုံဘုရင်မနူဟာလည်း ပါဝင်လေ့ရှိသည်။ သထုံဘုရင်မနူဟာသည် သထုံမှ ပုဂံသို့ရောက်ရှိနေထိုင်ခဲ့စဉ် ဘုရားတစ်ဆူကို တည်ထားခဲ့ရာ မနူဟာဘုရားဟု ထင်ရှားခဲ့သည်။

ပုဂံရှိမြင်းကပါအရပ်၌ အဖြူရောင်ဂူဘုရားတစ်ဆူ အတွင်း ကျပ်တည်းကျဉ်းမြောင်းစွာ သီတင်းသုံးနေသည့် ဗုဒ္ဓရုပ်ပွားတော်ကြီးသုံးဆူကို ဖူးမြင်ကြရမည်ဖြစ်သည်။ ၎င်းရုပ်ပွားတော်သုံးဆူအနက် အလယ်ရုပ်ပွားတော်သည် ၁၄ မီတာမြင့်၍ ဘေးနှစ်ဖက်မှ ရုပ်ပွားတော်နှစ်ဆူသည် ၁၀ မီတာစီမြင့်သည်။ ဂူဘုရား၏ကျောဘက်အဆောင်တွင် မြောက်ဘက်သို့ ဦးခေါင်းလှည့်ထားသည့် အလျား ၂၇ ဒသမ ၄ မီတာရှိသည့် လျောင်းတော်မူရုပ်ပွားတော်ကြီးကို ဖူးတွေ့နိုင်ကြသည်။

၎င်းဂူဘုရားသည် သထုံဘုရင်မနူဟာ၏ ကောင်းမှုတော်ဖြစ်၍ ရုပ်ပွားတော်များ၏ ကျဉ်းကျပ်သော အနေအထားကြောင့် မနူဟာသည် အကျဉ်းကျနေစဉ် မိမိ၏စိတ်ခံစားချက်အတိုင်း ဘုရားကိုတည်ခဲ့သည်ဟု ပြောဆိုကြသော်လည်း ၎င်းအချက်သည် ခိုင်လုံမှုမရှိသည့် နှုတ်ပြောစကားသာဖြစ်သည်။ ၎င်းအချက်နှင့် စပ်လျဉ်း၍ စာရေးဆရာ ပါရဂူက မနူဟာဘုရားတွင်ရှိသည့် ဆင်းတုတော်ကြီးများကို အများတကာနှင့်မတူညီစေရန် ထူးထူးခြားခြား ကြီးကြီးမားမားပူဇော်လိုခြင်းကို အခြေခံထားခြင်း ဖြစ်တန်ရာသည်ဟုသုံးသပ်ခဲ့ပြီး မနူဟာဘုရား အတွင်း၌ ဆင်းတုတော်ကြီးများသာ ကြီးမားသည် မဟုတ်၊ ဆင်းတုတော်ကြီးများ၏ ရှေ့မျက်နှာစာရှိ သပိတ်မှာလည်း ဆင်းတုတော်ကြီးများနှင့် လိုက်ဖက်အောင်ပင် ကြီးမားလှကြောင်း ရေးသားခဲ့သည်။

## ပုဂံရာဇဝင်ထဲက မနူဟာ

မှန်နန်းရာဇဝင်အပါအဝင် မြန်မာရာဇဝင်ကျမ်းများ၏အလိုအရ အနော်ရထာမင်းကြီးသည် သထုံဘုရင်မနူဟာထံ လိမ္မာသော အမတ်တစ်ယောက်ကို လက်ဆောင်ပဏ္ဏာများနှင့်အတူစေလွှတ်၍ ပိဋကသုံးပုံကိုတောင်းခံခဲ့သည်။ မနူဟာက ပိဋကသုံးပုံကိုမပေးဘဲ အနော်ရထာမင်းကြီးစေလွှတ်ခဲ့သည့် အမတ်ကို မချေမငံဆက်ဆံခဲ့သဖြင့် အနော်ရထာသည် မြန်မာသက္ကရာဇ် ၄၁၈ ခုနှစ် (ခရစ်နှစ် ၁၀၅၆ ခုနှစ်) တွင် သထုံသို့ စစ်ချီကာ မွေတော်ဓာတ်တော်များနှင့် ပိဋကတ်အစုံ ၃၀ ကို ပုဂံသို့ဆောင်ယူခဲ့ကာ မနူဟာမင်းနှင့် သားမယားတို့ကိုလည်း နေပြည်တော် ပုဂံသို့ ခေါ်ဆောင်ခဲ့သည်ဟုဆိုသည်။

မှန်နန်းရာဇဝင်တွင် "မနူဟာမင်းကိုလည်း မြင်းကပါအရပ်၌ အလုပ်အကျွေးနှင့်တကွ နေရ၏။ ထိုမနူဟာမင်း အာနုဘော်သည်ကား စကားပြောသော် ခံတွင်းမှ စက်ပြောင်ပြောင်ထွက်၏"ဟု အစချီကာ အနော်ရထာမင်းသည် မနူဟာဘုရင်၏ အာခံတွင်းမှ ထွက်သည့် စက်ရောင်ကိုထိတ်လန့်ခဲ့ပုံ၊ မနူဟာမင်း၏ ဘုန်းတန်ခိုး အာနုဘော်ညှိုးစေရန် မုယောလင်ပန်းနှင့် စားပွဲပြင်၍ ဘုရားတင်ပြီးမှ မနူဟာကိုကျွေးရာမှ စက်ရောင်ပျောက်ကွယ်ခဲ့ကြောင်း ရေးသားထားသည်။

ဆရာပါရဂူက မနူဟာမင်း၏ အာခံတွင်းမှ စက်ရောင်ထွက်သည့်ဇာတ်လမ်းသည် အနော်ရထာမင်းကြီး၏ ဖိနှိပ်ချုပ်ချယ်မှုကို ဇာတ်နာစေရန် ဖန်တီးပေးခြင်းဖြစ်ကြောင်းနှင့် ပုဂံရာဇဝင်ဆရာတို့သည် ဘုန်းရှင်ကံရှင် တစ်ဦးဦးကို အာခံတွင်းမှ စက်ရောင်ပိုင်ရှင်အဖြစ် ကင်ပွန်းတပ်လေ့ရှိကြောင်းရေးသားခဲ့သည်။ ဆက်လက်၍ ကျန်စစ်သားမင်းကို အာခံတွင်း စက်ရောင်ပိုင်ရှင်အဖြစ် သမုတ်ခဲ့ခြင်းနှင့်နှိုင်းယှဉ်လျက် အနော်ရထာမင်းကြီးသည် စက်ရောင်ကို ထိတ်လန့်ပုံနှစ်ခု တူညီနေကြောင်း သုံးသပ်ခဲ့သည်။

မနူဟာမင်းသည် စက်ရောင်ပျောက်ကွယ်ခဲ့သဖြင့် မိမိကြံသော်ငြားလည်းမဖြစ်နိုင်ဟု စိတ်လျှော့ခဲ့ရာမှ သံဝေဂရကာ သံသရာဝဋ် ကျင်လည်သရွေ့ တစ်ပါးသူက အနိုင်ယူခြင်းကို မဖြစ်လိုသဖြင့် ကြီးစွာသော ထက်ဝယ်ဖွဲ့ခွေတော်မူဟန် ဘုရားတစ်ဆူ၊ ပရိနိဗ္ဗာန်ပြုတော်မူဟန် ဘုရားတစ်ဆူတည်တော်မူခဲ့ရာ ထိုဘုရားသည် ယခုတိုင် မနူဟာဟု အမည်တွင်ကြောင်း မှန်နန်းရာဇဝင်တွင် ဖော်ပြထားသည်။

ရာဇဝင်များ၌ သထုံမင်းမနူဟာကို ရွှေစည်းခုံဘုရားမှာ အနော်ရထာမင်းစောလှူသည်ဟု ရေးသားကြပြီး တွင်းသင်းမဟာရာဇဝင်တွင် မနူဟာကျောက်စာအရ အကယ်၍ သထုံမင်းကို အနော်ရထာမင်းစောက ဘုရားမှာလှူသည်မှန်လျှင် သထုံမင်းမနူဟာ၏မြစ်ဖြစ်သော နာဂသမာန်းကို နရပတိစည်သူမင်းကြီး၏သမီးတော်နှင့် မပေးစားတန်ရာဟု သုံးသပ်ထားသည်။

## မနူဟာဂူဘုရား

မနူဟာဘုရားသည် ကုလားကျောင်းခံလိုဏ်ဘုရားတစ်ဆူဖြစ်ပြီး စတုရန်းပုံလိုဏ်ကို နှစ်ထပ်တည်ဆောက်ထားသည်။ အပေါ်ထပ်လိုဏ်သည် အောက်ထပ်လိုဏ်ထက်ငယ်ပြီး ပစ္စယာများအထက်၌ စေတီငယ် ၃၇ ဆူရှိရာ ဗောဓိပက္ခိယတရား ၃၇ ပါးကို ရည်ညွှန်းခဲ့ဟန်ရှိကြောင်း ယူဆကြသည်။ မနူဟာဂူဘုရား၏အပြင်တွင် အင်္ဂတေပန်းတော့ လက်ရာများနှင့် ဘီလူးပန်းဆွဲများကို မြင်တွေ့နိုင်သည်။

အရှေ့ဘက် အာရုံခံတန်ဆောင်းအတွင်းရှိ ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားတော်၏ လက်ဟန်သည် ဘူမိဖဿမုဒြာ (လက်တော်မြေထိဟန်) ဖြစ်ပြီး ဘေးနှစ်ဖက်၌ ရုပ်ပွားတော်နှစ်ဆူရှိသည်။ ရုပ်ပွားတော်သုံးဆူစလုံးသည် ဂူဘုရားအတွင်း ကျပ်တည်းကျဉ်းမြောင်းစွာ သီတင်းသုံးနေကြသည်။ ၁၉၇၅ ခုနှစ်ကလှုပ်ခဲ့သည့် ပုဂံလျှင်တွင် မနူဟာဂူဘုရား၏ အမိုးပြိုကျခဲ့သဖြင့် အကြီးဆုံးထိုင်တော်မူရုပ်ပွားတော်ကိုထိခိုက်ခဲ့သည်။

ဂူဘုရားထိပ်သို့တက်ရောက်နိုင်ရန် မနူဟာဂူဘုရား၏ အနောက်ဘက်၊ လျောင်းတော်မူရုပ်ပွားရှိသည့် အာရုံခံတန်ဆောင်းအဝင်တွင် လှေကားတစ်ခု ပြုလုပ်ထားသည်။ ၎င်းလှေကားမှတက်၍ ထိုင်တော်မူဗုဒ္ဓရုပ်ပွားတော်ကြီး၏ မျက်နှာတော်ကို ပြတင်းပေါက်မှတစ်ဆင့် ဖူးမြော်နိုင်သည်။



မနူဟာဂူဘုရား(နှစ်ထပ်အဆောက်အအုံ)ကို တွေ့ရစဉ်။

မနူဟာဂူဘုရားသည် အရှေ့ဘက်သို့မျက်နှာမူပြီး ဂူဘုရားသို့ဝင်သည်နှင့် အလွန်ကြီးမားသည့် သပိတ်ကြီးတစ်လုံးကို မြင်တွေ့ကြရသည်။ သပိတ်ကြီး၏ လက်ယာဘက်တွင် လှေကားတစ်စင်းထောင်ထားသဖြင့် မနူဟာဂူဘုရားသို့ ရောက်လာကြသူများသည် လှေကားမှတက်ကာ သပိတ်အတွင်းပိုင်းကို ကြည့်ရှုလေ့ရှိကြသည်။ နှစ်စဉ် မနူဟာဘုရားပွဲတော်တွင် ဆွမ်းဆန် ၁၇ တင်းဆံ့သော ၎င်းသပိတ်တော်ကြီး အတွင်းသို့ ဆွမ်းများထည့်၍ ဘုရားရှင်ကိုဆက်ကပ်လှူဒါန်းပြီး ရပ်နီးရပ်ဝေးမှလာကြသော ဧည့်ပရိသတ်များကို ကျွေးမွေးလေ့ရှိသည်။ ဒေသခံများသည် သပိတ်အတွင်းသို့ ဆွမ်းအပြည့်ထည့်၍ လှူဒါန်းပါက အစားအစာငတ်မွတ်ရှားပါးခြင်းဘေးမှ ကင်းဝေးသည်ဟု ယုံကြည်ကြသည်။

နှစ်စဉ် တော်သလင်းလပြည့်နေ့တွင်ကျင်းပသည့် မနူဟာဘုရားပွဲကို ရွှေခြံ၊ ရွှေလယ်၊ စိန်ကုန်းရပ်ကွက်တို့က တာဝန်ယူကျင်းပသည်။ မနူဟာဘုရားပွဲ အတွင်းကျင်းပလေ့ရှိသည့် အရုပ်ချိုးပွဲသည် ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်စားသည့် ပြိုင်ပွဲတစ်ရပ်အဖြစ် ထင်ရှားသည်။

နှုတ်ပြောရာဇဝင်များနှင့် စိတ်ဝင်စားဖွယ်ကောင်းနေသည့် မနူဟာဘုရားသည် ကျဉ်းကျပ်နေသည့် ရုပ်ပွားတော်ကြီးများကြောင့် ပိုမိုထင်ရှားခဲ့သည်။ သို့သော် မနူဟာဂူဘုရားနှင့် ရုပ်ပွားတော်များကို ခေတ်အဆက်ဆက် ပြုပြင်ခဲ့ကြကြောင်း ပုဂံသုတေသီ ဦးဗိုကေက ရေးသားခဲ့သည်။

## နန်းဘုရား

နန်းတော်တစ်ခုဆန်ဆန်တည်ထားသည့် နန်းဘုရားသည် မနူဟာဂူဘုရား၏အနောက်တောင်ဘက်တွင်တည်ရှိပြီး ပုဂံဒေသတွင် ကျောက်များဖြင့် တည်ဆောက်ထားသည့် ရှေးဟောင်းအဆောက်အအုံများအနက် တစ်ခုဖြစ်သည်။ နန်းဘုရား၏ ဗိသုကာလက်ရာသည် အခြားသော စေတီပုထိုးများနှင့်မတူဘဲ တစ်မူထူးခြားနေသည်။ နန်းဘုရားအဆောက်အအုံ အပြင်ပိုင်းကို သဲကျောက်များဖြင့်တည်ဆောက်ထားပြီး အဆောက်အအုံအတွင်းပိုင်းကို အုတ်များဖြင့် ဆောက်လုပ်ထားသည်။ နန်းဘုရားအတွင်း၌ ရာဇပလ္လင်ထားရှိသည့် အဆောင်နှင့်တူညီသည့် အခန်းကိုမြင်ကြရသည်။

နန်းဘုရားသည် ကွမ်းတောင်ပေါက် လိုဏ်တစ်ဆင့်ခံဘုရားဖြစ်ပြီး ပုဂံစေတီပုထိုးများတွင် ကိုယ်ပိုင်ဟန်ဖြင့် တည်ဆောက်ထားသည့် ထူးခြားသော အဆောက်အအုံတစ်ခုဖြစ်သည်။ နန်းဘုရား၏ အပြင်နံရံအခြေ ပတ်လည်တွင် ကလသာအိုးခံလျက် အထက်တွင် ဟင်္သာရုပ်များထုလုပ်ထားသည်။ နန်းဘုရားအပြင်ပတ်လမ်းတစ်လျှောက် ကျောက်ဆစ်လက်ရာများဖြစ်သည့် ဘီလူးပန်းဆွဲများ၊ တိုင်ထောင့်နှင့်တိုင်အောက်ခြေပန်းများ၊ လေသာပြတင်းများ၊ ပြတင်းပန်းအိုးများ၊ နတ်ရုပ်များ၊ ဟင်္သာရုပ်ပန်းခွေများကို တွေ့မြင်ကြရသည်။ ဘီလူးပန်းဆွဲများကို ကျောက်တုံးများပေါ်တွင် ထုလုပ်ထားသည်။

နန်းဘုရားအပြင်၌တပ်ဆင်ထားသည့် ကျောက်ပြတင်းများသည် အလွန်လက်ရာမြောက်ပြီး ပြတင်းပတ်လည်ကို ခြူးပန်းခြူးနွယ်များဖြင့် အလှဆင်ထားသည်။ ပြတင်းတစ်ဖက်တစ်ချက်တွင် မကန်းပုံများနှင့် အလယ်ငှက်ပျောဖူးတွင် နတ်သမီးရုပ်ကို ထုလုပ်ထားသည်။ နန်းဘုရားကျောက်ပြတင်းပေါက်များသည် ကျောက်ဂူဥမင်တွင်ရှိသည့် ကျောက်ပြတင်းပေါက်များကဲ့သို့ပင် ကျောက်သားချပ်ပေါ်တွင် အဝိုင်းပေါက်များကို တိကျသပ်ရပ်စွာထွင်းဖောက်ထားကာ လေနှင့်အလင်းရောင်ဝင်ပေါက်အဖြစ် အသုံးပြုထားသည်။

နန်းဘုရားအတွင်း၌ ပုဂံခေတ်၏အကောင်းဆုံးဟုဆိုနိုင်သည့် ကျောက်ဆစ်လက်ရာများကို မြင်တွေ့နိုင်ကြသည်။ နန်းဘုရား၏ ဂူမကြီးအတွင်း၌ စိုက်ထူထားသည့် ကွန်းတိုင်စင်လေးတိုင်ဖြစ်သည့် ကျောက်တိုင်ကြီးများ၏ မျက်နှာလေးဖက်တွင် ဗြဟ္မာရုပ်ကြီးများနှင့် ဘီလူးပန်းဆွဲများ၊ ဘီလူးပန်းကိုက်ပန်းပုံစံများ၊ သုံးမြောင့်ကနုတ်ပန်းများကို ကျောက်ချပ်များစီ၍ ပြုလုပ်ထားသည်။ တိုင်တစ်တိုင်စီမှ ဗြဟ္မာရုပ်ကြီးများသည် ကြာဖတ်ပေါ်တွင် ထိုင်လျက် လက်နှက်ဖက်က ကြာဖတ်၊ ကြာပွင့်များ ကိုင်ထားပုံထွင်းထုထားသည်။

နန်းဘုရားကို ပုဂံဘုရင်နရပတိစည်သူ လက်ထက် (ခရစ်နှစ် ၁၁၇၄-၁၂၁၁) တွင် မနူဟာမင်း၏မြစ်ဖြစ်သူ နာဂသမာန်းနှင့် နရပတိစည်သူမင်း၏သမီးတော်ရွှေအိမ်သည်တို့မောင်နှံက တည်ခဲ့သည်ဟုဆိုသည်။ လေးထောင့်ပန္နက်တွင် လိုဏ်ခံကာ အရှေ့ဘက်အာရုံခံသို့ ပေါင်းကူးထားသည့်ဟန်သည် ပုဂံခေတ် ၁၁ ရာစု လက်ရာဖြစ်သည်ဟု ယူဆကြသည်။ တချို့က နန်းဘုရားကို မနူဟာနန်းကျစဉ် နေထိုင်ခဲ့သည့် အဆောက်အအုံဟုဆိုကြသည်။ ပုဂံသုတေသနလမ်းညွှန်စာအုပ်တွင် နန်းဘုရားကို အနော်ရထာမင်းလက်ထက်နောက် မကွာဝေးသည့်အချိန်တွင် တည်ဆောက်ခဲ့ကြောင်း မှန်းဆထားသည်။

နန်းဘုရားသည် ရာသီဥတုဒဏ်အပါအဝင် ထိခိုက်မှုများစွာကို ရင်ဆိုင်ခဲ့ရသော်လည်း နှစ် ၉၀၀ ဝန်းကျင်သက်တမ်းရှိသည့် ပုဂံခေတ်ကျောက်ဆစ်လက်ရာများကို အစဉ်အဆက်ထိန်းသိမ်းထားနိုင်သဖြင့် ယနေ့တိုင်ကောင်းစွာမြင်တွေ့နေကြရသည်။

## မနူဟာကျောက်စာ

မနူဟာဘုရားသည် မြင်းကပါတွင်ရှိသည့်ဂူဘုရားများအနက် အကြီးဆုံးနှင့် အထင်ရှားဆုံးဖြစ်သည်။ မနူဟာဂူဘုရားကို မနူဟာမင်းကတည်ခဲ့ပြီး မှတ်တမ်းကျောက်စာရေးထိုးခဲ့သည်။ မနူဟာကျောက်စာကို ယခုအခါတွင် မန္တလေးနန်းတွင်းကျောက်စာရုံ၌ ကျောက်စာအမှတ် (၉) အဖြစ် ထိန်းသိမ်းထားသည်။

မနူဟာကျောက်စာသည် နှစ်မျက်နှာထိုး ကျောက်စာဖြစ်၍ စာကြောင်း ၂၆ ကြောင်းရေးထိုးထားသည်။ ကျောက်စာတွင် ဖော်ပြထားချက်အရ မနူဟာ၏ဘွဲ့အမည်သည် သီရိတြိဘာဝနာဒိတျပဝရသုဓမ္မရာဇာဖြစ်သည်။ မနုဟောမည်သော သထုံမင်းကြီးဟု ရေးထိုးထားသည်။

စာမျက်နှာ ၅ သို့ ➤

# လမ်းလျှောက်ခြင်းဖြင့် စိတ်ကိုကြည်လင်လန်းဆန်းစေနိုင်သည်



မိမိတို့အနေနဲ့တစ်ခါတလေမှာ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ ကြုံဖူးမှာပါ။ အဲဒီအချိန်မှာ မရည်ရွယ်ပါဘဲ ခဏလောက်ဖြစ်ဖြစ်လမ်းထလျှောက်မိတတ်ကြပါတယ်။

အဲဒီလို လမ်းလျှောက်လိုက်ချိန်မှာ မိမိတို့မှာဖြစ်ပေါ်နေတဲ့ စိတ်ညစ်မှုတွေ၊ စိတ်အလိုမကျမှုတွေ သက်သာပျောက်ကင်းသွားပြီး တစ်ခါတစ်ရံမှာ အကြံဉာဏ်ကောင်းတွေ ထွက်လာတာကိုလက်တွေ့ကြုံဖူးကြမှာပါ။

ပညာရှင်တွေရဲ့ လေ့လာမှုအရဆိုရင်လည်း လမ်းလျှောက်ခြင်းဟာ စိတ်ကိုကြည်လင်လန်းဆန်းစေတယ်လို့ တွေ့ရှိထားပါတယ်။

တစ်ကိုယ်တည်းလမ်းလျှောက်ခြင်းထက် စိတ်တူကိုယ်တူရှိတဲ့ အဖော်တစ်ဦးဦးနဲ့လမ်းလျှောက်ခြင်းက ပိုပြီးတော့တောင် အထောက်အကူဖြစ်စေပါတယ်။

ဒါ့အပြင် ပုံမှန်လမ်းလျှောက်ခြင်းဟာ စိတ်ဖိစီးမှု၊ စိတ်ဓာတ်ကျဆင်းမှုနဲ့ စိတ်ပူပန်မှုတွေကိုလည်း ကျဆင်းစေတယ်လို့ ဆိုပါတယ်။

လမ်းလျှောက်ခြင်းဟာ ငွေကုန်ကြေးကျခြင်းလည်း မရှိပါဘူး။ ကိုယ့်ရဲ့တစ်နေ့တာအချိန် ၂၄နာရီထဲကမှ မိနစ် ၃၀လေးသာ ဖဲ့ပေးလိုက်ရုံနဲ့ ပြန်ရလာမယ့် အကျိုးကျေးဇူးတွေက မနည်းလှပါဘူး။

ကိုယ်ကျန်းမာရင် စိတ်ချမ်းသာတယ်လို့ ပြောစမှတ်ရှိသလိုမျိုး စိတ်လည်းချမ်းသာစေ၊ ကိုယ်လည်းကျန်းမာစေဖို့ နေ့စဉ်ဘဝမှာ မိနစ် ၃၀ ကြာ လမ်းလျှောက်ကြပါစို့လို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။

## လူ့၏တန်ဖိုး ချစ်မြတ်နိုး

- လူ့တန်ဖိုးရှိအောင်ဖြင့်
သတိနှင့် အမြဲရှိရန်၊
ဆင်ခြင်တုံ ဉာဏ်အစွမ်းနဲ့
လျှောက်လှမ်းဓောန်၊
အဆိုး၊ ကောင်း အမှားမှန်
ထိုနှစ်တန် ခွဲကာခြား၊
ဘဝကို အစဉ်ရှေးရှုလို့
ထုဆစ်လုပ်ရှား။

- စိတ်ဓာတ်တွေ မြင့်တင်ထားပေါ့
နှလုံးသား အလှဆင်၊
လူ့ဂုဏ်ရည် နေခြည်ရွှန်းသို့
ထွန်းတောက်စေချင်၊
နှလုံးသွင်း ချစ်ချစ်ခင်
ပတ်ဝန်းကျင် နေထိုင်ကြ၊
လူ့နယ်ပယ် အလှဆင့်လို့
မြင့်မြတ်မယ်ပ။

- ဗုဒ္ဓအရှင် ဟောညွှန်ပြ
ဆိုဆုံးမ လိုက်နာပါ၊
လူသားတွေ အမုန်းကင်းတော့
ကောင်းခြင်းမေတ္တာ၊
ဖြူစင်သည့် စေတနာ
မင်္ဂလာ ကောင်းမှုပျိုး၊
သီလလုံ သဒ္ဓါဖွေးလို့
ငြိမ်းအေးတန်ဖိုး။ ။

ရင်ခတ်ပန်း(စွယ်တော်)

# ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၃၂၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ငပုတော ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၁၆၅၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၀၄၁၂၂ဧက စိုက်ပျိုးရန်လျာထားပြီး မေလဒုတိယပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ စပါး ၁၆၅၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊အဆိုပါစပါးဧကအားလုံး ရာနှုန်းပြည့် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"အခုနှစ် ငပုတောမြို့နယ်မှာ မိုးစပါး ၂၀၄၁၂၂ ဧက လျာထား စိုက်ပျိုးနေပါတယ်။ ဒီနေ့ထိ စပါး ၁၆၅၃၂၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စိုက်ပျိုးနေတဲ့မိုးစပါးတွေ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းဖို့ နည်းပညာပေးတာတွေ ဆောင်ရွက်နေပါတယ်။ ငပုတောမြို့နယ်မှာ ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး စတဲ့စပါးတွေကို အများဆုံး စိုက်ပျိုးနေပါတယ်။ ရွှေခရုနဲ့ ပတ်သက်ပြီးတော့ တောင်သူပညာပေးလုပ်ငန်းတွေ မစိုက်ခင် အချိန်ကတည်းက အသိပညာပေးတာတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ငပုတောမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

ငပုတောမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးလျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ရန် စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အဆိုပါဒေသတွင် ပေါ်ဆန်းရင်၊ ပေါ်ဆန်းမွှေး၊ ရွှေသွယ်ရင်၊ မနော်သုခ စသည့်ဒေသနှင့် ကိုက်ညီသည့် စပါးအမျိုးအစားများကို စိုက်ပျိုးကြကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# နတ်မောက်မြို့နယ် ရွာမွန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**နတ်မောက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် နတ်မောက်မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရွာမွန်ကျေးရွာ၌ တတိယအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်ဦးက ရွာမွန်ကျေးရွာရှိ ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေတိုးပွားလာကာ ကျေးလက်ဒေသဆင်းရဲမှုနှုန်း လျော့ကျလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ဆောင်ရွက်ပေးရခြင်းဖြစ်ကြောင်း၊ စီမံကိန်းမှ ရရှိလာမည့်အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းစဉ်အကြောင်းအရာများ၊ ကျေးလက်နေပြည်သူများ ထားရှိရမည့် ကျေးရွာစိတ်ဓာတ်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းက အတိုးအရင်းငွေများကို သတ်မှတ်ရက်အတွင်းပေးသွင်းစေလိုကြောင်း၊ စီမံကိန်းစက်ဝန်းကာလနှင့် အတိုးနှုန်းသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးပေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် စီမံကိန်းတာဝန်ခံဝန်ထမ်း၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ရွာမွန်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၂ ဦးကို ရန်ပုံငွေကျပ် ၃၂ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ချိုလေး**

➤ စာမျက်နှာ ၄ မှအဆက်

ကျောက်စာအစမှာပင် သံသရာအဆက်ဆက်ကျိုးဆက် မူလမပြတ်သရွေ့ မင်းနှင့်နှင့်ဖြစ်၍၊ ရန်သူမနှိမ်နင်းနိုင်သည်ဖြစ်၍ အဆုံးစွန်သောနိဗ္ဗာန်ကို ရောက်ချင်သောကြောင့် မနောမယဟူသော ကြောင်မျက်ရွဲကို မြင်းကပါသူဌေးအား ရောင်းချကြောင်း၊ ငွေအသပြာခြောက်လုည်းရကြောင်း၊ ထိုငွေဖြင့် စွယ်တော်ဆိုက်ရာသဘော်ဆိပ်ဖြစ်သောလောကနန္ဒာ၏အရှေ့မြောက်ဘက်ရှိ သီရိဇေယျာဘုံကုန်း၌ ကြီးစွာသောဘုရားကြီးကိုတည်ကြောင်း ရေးထိုးထားသည်။

ကျောက်စာအရ ဘုရားစတင်တည်သည့်ရက်သည် သက္ကရာဇ် ၄၂၉ ခုနှစ် ဝါခေါင်လဆန်းနှစ်ရက်၊ ကြာသပတေးနေ့(ခရစ်နှစ် ၁၀၆၇ ခုနှစ် ဩဂုတ် ၁၅ ရက်) ဖြစ်ပြီး ခရစ်နှစ် ၁၀၆၈ ခုနှစ် မတ် ၁၂ ရက်တွင် ပြီးစီးခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပုံရုပ်ပွားတော်ကို ခြောက်လနှင့်ခြောက်ရက်ကြာ တည်ဆောက်ခဲ့သည်။

ဘုရားမတည်မီ မိုးကြီးစွာရွာပြီး ငလျင်လှုပ်ကြောင်း ရေးထိုးထားသဖြင့် သက္ကရာဇ် ၄၂၉ ခုနှစ်တွင် ပုဂံ၌ ငလျင်လှုပ်ခဲ့ကြောင်း မှန်းဆနိုင်ခဲ့သည်။ နှောင်းကန်ရွာနှင့်တကွ မြေတော် ၁၀၀၀၊ မန်ကျည်းစည်မြေ ၃၀၀၀၊ ဘုရားဝန်းကျင်တွင် အုန်း၊ ထန်း၊ သရက်၊ ပိန္နဲစိုက်၍လှူကြောင်း ဆက်လက်ဖော်ပြကာ ဆုတောင်းစာနှင့် ကျိန်စာကိုရေးထိုးခဲ့သည်။

မနူဟာဘုရားသည် ပုဂံ၏ထင်ရှားသောဘုရားတစ်ဆူဖြစ်သကဲ့သို့ ကျောက်စာအထောက်အထား အခိုင်အမာရှိသော သာသနိကအဆောက်အအုံတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့ပေသည်။

**ကိုးကား**

- **ရှေးဟောင်းမြန်မာကျောက်စာများ ပထမတွဲ (ဦးငြိမ်းမောင်)**
- **ပုဂံသုတေသန လမ်းညွှန်(ဦးဗိုကေ)**
- **ပုဂံခရီးသည်(ပါရဂူ)**
- **မှန်နန်းမဟာရာဇဝင်တော်ကြီး**

## နိုင်ငံတကာ သတင်းများ

# တောင်ကိုရီးယားသမ္မတနှင့် အမေရိကန်သမ္မတတို့ ဩဂုတ် ၂၅ ရက်တွင် တွေ့ဆုံဆွေးနွေးမည်



**ဆိုးလ် ဩဂုတ် ၁၂**

တောင်ကိုရီးယား သမ္မတ လီဂျေးမြောင်နှင့် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်တို့သည် လာမည့် ဩဂုတ် ၂၅ ရက်တွင် ဝါရှင်တန်မြို့၌ တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဩဂုတ် ၂၅ ရက်ဆွေးနွေးပွဲ၌ နှစ်နိုင်ငံမဟာမိတ်ဆက်ဆံရေးကို မြှင့်တင်ရေးနှင့် စီးပွားရေးလုံခြုံရေးကိစ္စများဆွေးနွေးမည်ဖြစ်ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

ဩဂုတ် ၂၅ ရက် ထိပ်သီးဆွေးနွေးပွဲသည် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့်တောင်ကိုရီးယားသမ္မတ လီဂျေးမြောင်တို့၏ ပထမဆုံးဆွေးနွေးပွဲဖြစ်လာလိမ့်မည်ဖြစ်သည်။

ယခုနှစ် ဇွန်လအတွင်း သမ္မတရာထူးစတင်ရယူခဲ့သည့် သမ္မတလီဂျေးမြောင်သည် ကမ္ဘာ့ကုန်သွယ်ရေးလောက အပြောင်းအလဲများကို တောင်ကိုရီးယားနိုင်ငံ ကျော်ဖြတ်နိုင်ရေး ဦးစားပေးကြိုးပမ်းလျက်ရှိသည်။

တောင်ကိုရီးယား နိုင်ငံသည် အမေရိကန်နိုင်ငံ၏ အခွန်စည်းကြပ်မှုကို ရှောင်ရှားရေးအတွက် ပြီးခဲ့သည့်လအတွင်း အမေရိကန်အစိုးရနှင့် ကုန်သွယ်ရေးသဘောတူညီချက်ရယူနိုင်ခဲ့သည်။

ယင်းကုန်သွယ်ရေး သဘောတူညီချက်အရ အမေရိကန်အစိုးရအနေဖြင့် တောင်ကိုရီးယားထုတ်ကုန်များအပေါ် ၁၅ ရာခိုင်နှုန်းသာ သတ်မှတ်ပေးထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ဝါရှင်တန်၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၈၀၀ ဖြန့်ကြက်မည်ဟု ဒေါ်နယ်ထရမ့်ကြေညာ

**ဝါရှင်တန် ဩဂုတ် ၁၂**

ဝါရှင်တန်မြို့၌ အမျိုးသားအစောင့်တပ်ဖွဲ့ဝင် ၈၀၀ ဖြန့်ကြက်၍ ဝါရှင်တန်ရဲတပ်ဖွဲ့ကို ဖက်ဒရယ်အစိုးရ၏ ကွပ်ကဲမှုအောက်၌ထားရှိမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဩဂုတ် ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ဝါရှင်တန်မြို့ကို တရားဥပဒေကင်းမဲ့မှုမှ ကယ်တင်ရေးအတွက် အမျိုးသားအစောင့် တပ်ဖွဲ့ဝင်များကို စေလွှတ်ဖြန့်ကြက်ရန်လိုကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က အိမ်ဖြူတော်သတင်းစာရှင်းလင်းပွဲ၌ ကြေညာထားသည်။

အမေရိကန်နိုင်ငံ၏ မြို့ကြီးဖြစ်သည့် ဝါရှင်တန်မြို့ကို အကြမ်းဖက်ဒုစရိုက်ဂိုဏ်းများနှင့် သွေးဆာနေသော ရာဇဝတ်ကောင်များက စိုးမိုးနေကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့ရာတွင် တရားဝင်ကိန်းဂဏန်းအချက်အလက်များအရ ဝါရှင်တန်မြို့ရှိ ရာဇဝတ်မှုဖြစ်ပွားနှုန်းမှာ ၂၀၂၃ ခုနှစ်တွင် မြင့်တက်ခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်လည် ကျဆင်းသွားကြောင်း သိရသည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်သည် ယခုနှစ်ဇွန်လအတွင်း လော့အိန်ဂျလိစ်မြို့၌ ဆန္ဒပြပွဲများ ဖြစ်ပွားစဉ်ကလည်း အမျိုးသားအစောင့်တပ်ဖွဲ့ဝင်များ ဖြန့်ကြက်ခဲ့ဖူးသည်။

ဝါရှင်တန်မြို့ရှိ အိုးအိမ်မဲ့များကို ဖယ်ရှား၍ ရာဇဝတ်ကောင်များကို ထောင်သွင်းအကျဉ်းချမည်ဟု သမ္မတဒေါ်နယ်ထရမ့်က ကတိပေးထားကြောင်း သိရသည်။

Ref : Xinhua
Trs : KKO

# ရုရှားနှင့် ဘယ်လာရုစ် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်မည်

**မင့်စ် ဩဂုတ် ၁၂**

ရုရှားနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့သည် မဟာဗျူဟာမြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန်စီစဉ်ထားကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။



အဆိုပါမဟာဗျူဟာမြောက် ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ဘယ်လာရုစ်နိုင်ငံတွင် စက်တင်ဘာ ၁၂ ရက်မှ ၁၆ ရက်ထိ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် ဘယ်လာရုစ် လက်နက်ကိုင်တပ်များ၏ စွမ်းဆောင်ရည်ကို စမ်းသပ်ရေးအတွက် အထက်ဖော်ပြပါ မဟာဗျူဟာမြောက် ပူးတွဲစစ်ရေးလေ့ကျင့်မှုများပြုလုပ်ရန် စီစဉ်ထားခြင်းဖြစ်ကြောင်း ဘယ်လာရုစ်ကာကွယ်ရေး ဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားသည်။

ဘယ်လာရုစ်နိုင်ငံသည် ရုရှားနိုင်ငံ၏ အဓိကမဟာမိတ်ဖြစ်ပြီး ယူကရိန်းပဋိပက္ခ၌ ရုရှားနိုင်ငံကို ထောက်ခံထားသည့်နိုင်ငံဖြစ်သည်။

ရုရှားနှင့် ဘယ်လာရုစ်တို့၏ ပူးတွဲစစ်ရေး လေ့ကျင့်မှုများကို ဘယ်လာရုစ် အနောက်ဘက်နယ်စပ်နှင့် ဝေးကွာသည့်နေရာများ၌ပြုလုပ်ရန် ဆုံးဖြတ်ထားကြောင်း ဘယ်လာရုစ်သမ္မတ လူကာရှန်ကိုက ပြောကြားထားသည်။

ဘယ်လာရုစ်နိုင်ငံ အနောက်ပိုင်းသည် မြောက်အတ္တလန်တစ်စာချုပ်အဖွဲ့(နေတိုး)အုပ်စုဝင်နိုင်ငံများနှင့် ထိစပ်လျက်ရှိကြောင်း သိရသည်။

Ref : RT
Trs : KKO

# အမေရိကန်နိုင်ငံ သံမဏိစက်ရုံ၌ ပေါက်ကွဲမှုဖြစ်ပွား နှစ်ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာရရှိ



**နယူးယောက် ဩဂုတ် ၁၂**

အမေရိကန်နိုင်ငံ ပင်ဆယ်ဗေးနီးယားပြည်နယ် ပစ္စဘာ့ဂ်မြို့ပြင်ရှိ သံမဏိစက်ရုံတစ်ရုံ၌ ဩဂုတ် ၁၁ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ နှစ်ဦးသေဆုံး၍ ၁၀ ဦး ဒဏ်ရာများရရှိခဲ့သည်။

ပေါက်ကွဲမှုကြီးတစ်ရပ်ဖြစ်ပွားခဲ့ပြီးနောက် နောက်ဆက်တွဲ ပေါက်ကွဲမှု အငယ်စားများလည်း ဆက်လက်ဖြစ်ပွားခဲ့ရာ သံမဏိစက်ရုံတာဝန်ရှိသူများက ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် သံမဏိစက်ရုံပေါက်ကွဲမှု ဖြစ်ပွားရခြင်း အကြောင်းရင်းကို တာဝန်ရှိသူများက စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကလဲယာတန်အမည်ရှိ အဆိုပါ သံမဏိစက်ရုံသည် အလုပ်သမား ၁၄၀၀ထိ အလုပ်လုပ်နေသော သံမဏိစက်ရုံဖြစ်သည်။

အဆိုပါ သံမဏိစက်ရုံသည် ရှေးယခင်ကလည်း ပေါက်ကွဲမှုများနှင့် အကြိမ်ကြိမ်ရင်ဆိုင်ခဲ့ရဖူးကြောင်း အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၂၀၀၉ ခုနှစ် စက်တင်ဘာလတွင် ဖြစ်ပွားခဲ့သည့် ပေါက်ကွဲမှု၌ ပြုပြင်ထိန်းသိမ်းရေးအလုပ်သမားတစ်ဦးသေဆုံးခဲ့ရပြီး ၂၀၁၀ ပြည့်နှစ်ကဖြစ်ပွားခဲ့သော ပေါက်ကွဲမှုတွင် လူပေါင်း ၂၀ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

Ref : RT
Trs : KKO

# ဘလူချီစတန်ပြည်နယ်အခြေစိုက် ခွဲထွက်ရေးဝါဒီအုပ်စုကို ပြည်ပအကြမ်းဖက်အုပ်စုအဖြစ် အမေရိကန်သတ်မှတ်

**အစ္စလာမ္မာဘတ် ဩဂုတ် ၁၂**

ပါကစ္စတန်နိုင်ငံ ဘလူချီစတန်ပြည်နယ်အခြေစိုက် ဘလူချီစတန် လွတ်မြောက်ရေး တပ်မတော် (ဘီအယ်လ်အေ)ခေါ် ခွဲထွက်ရေးဝါဒီအုပ်စုကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်လိုက်ကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဩဂုတ် ၁၁ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

ဘီအယ်လ်အေ ခွဲထွက်ရေးဝါဒီအုပ်စုအား ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် အမေရိကန်အစိုးရက သတ်မှတ်ကြေညာမှုကို ပါကစ္စတန်အစိုးရက ကြိုဆိုခဲ့ကြောင်း သိရသည်။

အမေရိကန်နိုင်ငံသို့ ပါကစ္စတန်စစ်ဦးစီးချုပ် ဖီးမာရှယ်လ်အက်ဆင်းမ်မူနီရာရောက်ရှိနေချိန်တွင် ဘီအယ်လ်အေ ခွဲထွက်ရေးဝါဒီအုပ်စုကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် ကြေညာခဲ့ခြင်းဖြစ်သည်။

ဘီအယ်လ်အေခွဲထွက်ရေးဝါဒီအုပ်စုသည် ဘလူချီစတန်ပြည်နယ်နှင့်အခြား ပါကစ္စတန်မြို့ကြီးများ၌ ဖြစ်ပွားခဲ့သော အကြမ်းဖက် တိုက်ခိုက်မှုများအတွက် တာဝန်ရှိကြောင်း အမေရိကန်နိုင်ငံခြားရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အာဖဂန်နစ္စတန်နှင့် နယ်စပ်ချင်းထိစပ်နေသော ဘလူချီစတန်ပြည်နယ်သည် သဘာဝသယံဇာတကြွယ်ဝသည့် ပြည်နယ်တစ်ခုဖြစ်သည်။

ဘီအယ်လ်အေ ခွဲထွက်ရေးဝါဒီအုပ်စုကို ပြည်ပအကြမ်းဖက်အဖွဲ့အစည်းအဖြစ် သတ်မှတ်ခဲ့မှုသည် အမေရိကန်အစိုးရ၏ တောင်အာရှမူဝါဒပြောင်းလဲလာမှုကို ပြသနေကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : Xinhua
Trs : KKO

# SCIENCE AND TECHNOLOGY

## ယခုနှစ်၏အကြိမ် ၁၀၀ မြောက်မစ်ရှင်အဖြစ် ပရောဂျက်ကွီပါဂြိုဟ်တု ၂၄ စင်း Space-X ကုမ္ပဏီက လွှတ်တင်ခဲ့



**ဝါရှင်တန် ဩဂုတ် ၁၂**

ယခုနှစ်၏ အကြိမ် ၁၀၀ မြောက်မစ်ရှင်အဖြစ် Amazon ကုမ္ပဏီ၏ ပရောဂျက်ကွီပါ အင်တာနက်ဝန်ဆောင်မှုဂြိုဟ်တု ၂၄ စင်းကို Space-X ကုမ္ပဏီက ဩဂုတ် ၁၁ ရက်တွင် လွှတ်တင်ခဲ့ကြောင်း သိရသည်။

ပရောဂျက်ကွီပါဂြိုဟ်တု ၂၄ စင်း သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကိပ်ကာနေဗာရယ် အာကာသစခန်းမှ တစ်ဆင့် လွှတ်တင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် မူလက အထက်ပါပရောဂျက်ကွီပါဂြိုဟ်တုများကို ဩဂုတ် ၉ ရက်တွင်လွှတ်တင်ရန် စီစဉ်ခဲ့သော်လည်း ရာသီဥတုအခြေအနေကြောင့် ဩဂုတ် ၁၁ ရက်မှသာလွှတ်တင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါမစ်ရှင်သည် Space-X ကုမ္ပဏီအတွက် ယခုနှစ်၏အကြိမ် ၁၀၀ မြောက်မစ်ရှင်ဖြစ်ပြီး ဖယ်လ်ကွန်-၉ ဒုံးပျံများ၏ ၉၇ ခုမြောက် မစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

Space-X ကုမ္ပဏီသည် ယခုနှစ်အတွင်း အာကာသမစ်ရှင်ပေါင်း ၁၆၃ ခုနှစ်ထိ လွှတ်တင်နိုင်ဖွယ်ရှိကြောင်း သိရသည်။

၂၀၂၄ ခုနှစ်တွင် Space-X ကုမ္ပဏီသည် ဖယ်လ်ကွန်-၉ မစ်ရှင် ၁၃၂ ခုအပါအဝင် အာကာသမစ်ရှင်ပေါင်း ၁၃၈ ခုထိ လွှတ်တင်ခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**

## အရွယ်အစားအလွန်ကြီးမားသည့် ကြယ်တံခွန်အမြီးတန်းတစ်ခုကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ကျော်က ကမ္ဘာပေါ်၌ ရာသီဥတုပုံစံများပျက်ပြားခဲ့ရ

**မော်စကို ဩဂုတ် ၁၂**

အရွယ်အစား အလွန်ကြီးမားသည့် ကြယ်တံခွန်အမြီးတန်း တစ်ခုကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ကျော်က ကမ္ဘာပေါ်၌ ရာသီဥတုပုံစံများ ပျက်ပြားခဲ့ရကြောင်း သိပ္ပံပညာရှင်များ၏အဆိုကို ကိုးကား၍ ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

သမုဒ္ဒရာကြမ်းပြင်မှ တူးဖော်ရယူထားသော မြေစာနမူနာများထဲတွင် တွေ့ရှိရသော ရုပ်မှုန်အထောက်အထားများအရ ကမ္ဘာပေါ်၌ အအေးခေတ်ကြီးစိုးထားသော ခေတ်ကာလမစတင်မီ ကမ္ဘာ့လေထုလွှာအတွင်းသို့ ပြိုကွဲသွားသည့် ကြယ်တံခွန်တစ်စင်း၏ ရုပ်မှုန်များ ဝင်ရောက်ခဲ့သည်ကို တွေ့ရကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။

ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်ခဲ့သည့်ကြယ်တံခွန်ရုပ်မှုန်များကြောင့် လွန်ခဲ့သောနှစ်ပေါင်း ၁၂၀၀၀ ကျော်က မြောက်ယာဉ်စွန်းတန်းဒေသ တစ်နှစ်တာကာလအတွင်း အပူချိန်မှာ ၁၈ ဒီဂရီဖယ်ရင်ဟိုက်(၁၀ ဒီဂရီဆဲစီယပ်)ထိ ထိုးကျခဲ့ကြောင်း၊ ကမ္ဘာ့လေထုလွှာထဲသို့ ဝင်ရောက်လာသည့် ကြယ်တံခွန်ရုပ်မှုန်များကြောင့်ပေါ်ထွက်လာသည့် ဆောင်းရာသီမှာ နှစ်ပေါင်း ၁၂၀၀၀ ကျော်ကြာမြင့်ခဲ့ကြောင်း ရုရှားသိပ္ပံပညာရှင်များက ပြောကြားသည်။



အထက်ပါဆောင်းရာသီကာလအတွင်း မြောက်ယာဉ်စွန်းတန်းဒေသ၌ ဒရိုင်းယပ် (Dryas) ခေါ် တောရိုင်းပန်းများ ပေါက်ဖွားခဲ့ကြရာ ၎င်းဆောင်းကာလကို yo-unger Dryas events ခေတ်ဟူ၍ သိပ္ပံပညာရှင်များက အမည်ပေးထားကြောင်း သိရသည်။

ရုရှားသိပ္ပံပညာရှင်များ၏ ဂရင်းလန်ကျွန်းနှင့် ကနေဒါနိုင်ငံတို့ကြား ဘက်ဖင်းပင်လယ်ကွေ့၌တူးဖော်ရရှိသော သမုဒ္ဒရာကြမ်းပြင်မြေစာ နမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ်ရှိ နေအိမ်တစ်လုံးပေါ်သို့ကျရောက်ခဲ့သည့် ဥက္ကာခဲက ကမ္ဘာဂြိုဟ်ထက် နှစ် သန်း ၂၀ ပိုရှေးကျ

**ဝါရှင်တန် ဩဂုတ် ၁၂**

အမေရိကန်နိုင်ငံ ဂျော်ဂျီယာပြည်နယ် နေအိမ်တစ်လုံးပေါ်သို့ ကျရောက်ခဲ့သည့် ဥက္ကာခဲတစ်ခဲသည် သက်တမ်းအားဖြင့် ကမ္ဘာဂြိုဟ်ထက် နှစ် သန်း ၂၀ ရှေးကျကြောင်း သိပ္ပံပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

အဆိုပါဥက္ကာခဲသည် ယခုနှစ် ဇွန် ၂၆ ရက်တွင် ကမ္ဘာ့လေထုလွှာအတွင်းသို့ နေ့ခင်းပိုင်းတွင် ဝင်ရောက်လာခဲ့ပြီး မက်ဒိုးနော့ချ်မြို့တွင်းရှိ လူနေအိမ်တစ်လုံးပေါ်သို့ ကျရောက်ခဲ့သည်။

ဂျော်ဂျီယာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏လေ့လာတွေ့ရှိချက်အရ အဆိုပါဥက္ကာခဲ၏သက်တမ်းမှာ နှစ်ပေါင်း ၄ ဒသမ ၅၆ ဘီလီယံထိရှိရာ ကမ္ဘာဂြိုဟ်ထက် နှစ်ပေါင်း သန်း ၂၀ ထိပို၍ရှေးကျကြောင်း သိရသည်။

မက်ဒိုးနော့ချ် ဥက္ကာခဲဟူ၍ အမည်ပေးထားသည့် ၎င်းဥက္ကာခဲသည် အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေထဲမှ လွတ်ထွက်လာခြင်း ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

မက်ဒိုးနော့ချ်ဥက္ကာခဲသည် ကမ္ဘာ့လေထုလွှာအတွင်း ဝင်ရောက်လာစဉ်ပြိုကွဲခဲ့ပြီး အစအန အငယ်စားများအဖြစ် တစ်စက္ကန့်လျှင် တစ်ကီလိုမီတာအမြန်နှုန်းဖြင့် လူနေအိမ်ခေါင်မိုးပေါ်သို့ ကျရောက်ခဲ့ကာ မက်ဒိုးနော့ချ်ဥက္ကာခဲသည် ဂျော်ဂျီယာပြည်နယ်၌ ရရှိခဲ့သည့် ၂၇ ခု မြောက်ဥက္ကာခဲဖြစ်သည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## လစ်သီယမ်သတ္တုဓာတ်အနည်းငယ်က အယ်ဇိုင်းမားရောဂါကို ကာကွယ်ရာတွင် အထောက်အကူပြုနိုင်ဖွယ်ရှိ

**နယူးယောက် ဩဂုတ် ၁၂**

သဘာဝသတ္တုဓာတ်တစ်မျိုးဖြစ်သော လစ်သီယမ်သတ္တုဓာတ်အနည်းငယ်မျှသည် အယ်ဇိုင်းမားရောဂါကို ကာကွယ်ရာတွင် အထောက်အကူ ပြုနိုင်ဖွယ်ရှိကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် လစ်သီယမ်သတ္တုဓာတ်ထည့်သွင်းထားသည့် ဓာတ်စာများကို ကြွက်များအား ကျွေးမွေး၍ လက်တွေ့စမ်းသပ်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

လေ့လာမှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ လစ်သီယမ်ထည့်သွင်းထားသောဓာတ်စာများ စားသုံးထားသည့် ကြွက်များတွင် မှတ်ဉာဏ် ပြဿနာဖြစ်ပေါ်လာမှု နည်းပါးသွားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ထို့ပြင် လစ်သီယမ်သတ္တုဓာတ်ပါဝင်သည့်ဓာတ်စာများ စားသုံးထားသောကြွက်များ၏ ဦးနှောက်အတွင်း ဘီတာအမိုလွိုက်ပရိုတင်းများ စုစည်းမှုအဆင့်ကျဆင်းသွားသည်ကို တွေ့ရကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

၎င်းတို့၏ လေ့လာတွေ့ရှိချက်အရ လစ်သီယမ်သတ္တုဓာတ်သည် လူ့ကိုယ်ခန္ဓာတွင်း၌ သဘာဝအလျောက် အနည်းငယ်မျှရှိနေတတ်ပြီး ဦးနှောက်ကျန်းမာရေးကို အထောက်အကူ ပြုနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Sputnik News**

**Trs : KKO**

## ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများကြောင့် အမျိုးသမီးများ၌ လေဖြတ်နိုင်ခြေမြင့်မားနိုင်

**အမ်စတာဒမ် ဩဂုတ် ၁၂**

ကိုယ်ဝန်ဆောင်ကာလကျန်းမာရေးပြဿနာများနှင့် ရင်ဆိုင်ခဲ့ရသည့် အမျိုးသမီးများ၌ လေဖြတ်နိုင်ခြေ မြင့်မားလာနိုင်ကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍ ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးပြဿနာများမှာ အမျိုးသမီးများကြား အထိုက်အလျောက် အဖြစ်နည်းသော်လည်း ၎င်းပြဿနာများနှင့် ရင်ဆိုင်ခဲ့ရပါက အသက် ၅၀ မတိုင်မီလေဖြတ်နိုင်ခြေ မြင့်တက်လာနိုင်ကြောင်း နယ်သာလန် သုတေသနပညာရှင်များက ပြောကြားသည်။

နယ်သာလန် သုတေသနပညာရှင်များသည် အသက် ၁၈ နှစ်နှင့် ၄၉ နှစ်အကြား အမျိုးသမီးဦးရေ ၁၀၀၀ ကျော်တို့၏ကိုယ်ဝန်ဆောင်ကာလ ကျန်းမာရေးအခြေအနေများကို လေ့လာခဲ့ကြကြောင်း သိရသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ ကိုယ်ဝန်ဆောင်ကာလအတွင်း သွေးဖိအားပုံမှန်ထက်မြင့်တက်နေခြင်း၊ မွေးရက်မစေ့ဘဲ ကလေးမွေးဖွားခြင်းစသည့် ကျန်းမာရေးပြဿနာများ ရင်ဆိုင်ခဲ့ရသူ အမျိုးသမီးများ၌ အသက် ၅၀ မတိုင်မီ လေဖြတ်နိုင်ခြေမှာ ပုံမှန်ထက် နှစ်ဆ မြင့်တက်လာနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

**Ref : Russia Today**

**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ခံစစ်ကစားသမား ဆူလီ ခြေသလုံးဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်ဟု ဒေါ့မွန်အသင်း ထုတ်ပြန်

ဘာလင် ဩဂုတ် ၁၂

ရာသီကြို ခြေစမ်းပွဲစဉ်အဖြစ် ကစားခဲ့သည့် ဒေါ့မွန်အသင်းနှင့် ဂျူဗင်တပ်အသင်းတို့ ပွဲစဉ်တွင် ဒေါ့မွန်အသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အပြင် အဆိုပါပွဲစဉ်တွင် အသင်းခံစစ်ကစားသမား ဆူလီသည်လည်း ကြွက်သား ဒဏ်ရာရရှိခဲ့သောကြောင့် နှစ်လခန့် အနားယူရမည်ဖြစ်သည်ဟု ဒေါ့မွန်အသင်းက ထုတ်ပြန်ထားသည်။

အဆိုပါ ပွဲစဉ်သည် ဒေါ့မွန်အသင်း၏ သုံးပွဲမြောက် ခြေစမ်းပွဲစဉ်ဖြစ်ခဲ့ပြီး ပွဲစကတည်းက ဂျူဗင်တပ်အသင်း၏ ဖိအားပေးမှုကို ခံခဲ့ရသောကြောင့် ပွဲချိန် ၁၆ မိနစ်တွင် ဦးဆောင်ဂိုးခွင့်ပြုခဲ့ရပြီးနောက် ဒေါ့မွန်အသင်းက ခံစစ်ကစားသမား ဟမ်းမဲလ်နေရာတွင် ဆူလီနှင့်လူစားလဲခဲ့ကာ ပြိုင်ဘက်ကို ဖိအားပေးနိုင်ရန် ကြိုးပမ်းခဲ့သော်လည်း ပွဲကစားချိန် ၄၅ မိနစ်အရောက်တွင် ဆူလီအနေဖြင့် ကြွက်သားဒဏ်ရာ ပြင်းထန်စွာ ရရှိခဲ့မှုကြောင့် လူစားလဲထွက်ခွာခဲ့ရပြီး အသင်းအနေဖြင့် ဒုတိယပိုင်းတွင် ဂျူဗင်တပ်အသင်း၏ ဦးဆောင်မှုကို ထပ်မံခံခဲ့ရကာ ချေပဂိုးတစ်ဂိုးသာ သွင်းယူနိုင်ခဲ့သဖြင့် နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးပွဲကြုံခဲ့ရသည်။

လက်ရှိတွင် ဆူလီ၏ ဒဏ်ရာကို လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှုခံယူရန်မလိုအပ်သော်လည်း ဒဏ်ရာကောင်းမွန်ရန်အတွက် အနည်းဆုံး နှစ်လခန့် အနားယူရမည်ဖြစ်ကြောင်း ဒေါ့မွန်အသင်းက အတည်ပြုထုတ်ပြန်ခဲ့သည်။

အသက် ၂၉ နှစ်ရှိ ဆူလီသည် နည်းပြကိုဗက်လက်အောက်တွင် ပုံစံကောင်းပြသနေသည့် ကစားသမားဖြစ်ပြီး ပြီးခဲ့သည့်ဘောလုံးရာသီကလည်း အသင်းအတွက် ပြိုင်ပွဲစုံ ၂၁ ပွဲပါဝင်ကစားပေးခဲ့ကာ ပြိုင်ဘက်ကို ဂိုးမပေးရအောင် တားဆီးနိုင်မှု ၅၆ ကြိမ်ထိ ပြုလုပ်နိုင်ခဲ့ပြီး အသင်းကို အမှတ်ပေးဇယား အဆင့်(၄)နေရာသို့ ရောက်ရှိအောင် ပါဝင်ကူညီနိုင်ခဲ့သူဖြစ်သည်။

ဒေါ့မွန်အသင်းသည် လာမည့် ဩဂုတ် ၁၈ ရက်တွင် ပိုကယ်ဖလား ပထမအဆင့်အဖြစ် တတိယတန်းကလပ်ရှော့ဝိန်းစ်အသင်းနှင့် ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်အပြီးတွင် လာမည့် ဩဂုတ် ၂၃ ရက်တွင် ဘွန်ဒက်လီဂါအဖွင့် ပွဲစဉ်အဖြစ် စိန့်ပေါလီအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : ML



## အားကစားသတင်းအတိုအထွာများ

- စပါးအသင်းက အာဆင်နယ်အသင်းမှ ခေါ်ယူရန် ပစ်မှတ်ထားနေသည့် တောင်ပံကစားသမားအက်ဇီကို ကြားဖြတ်ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ချန်ပီယံလိဂ်ခြေစစ်ပွဲစဉ်တွင် ကာဇက်စတန်ကလပ် အယ်မက်တီအသင်းအတွက် သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့သည့် တိုက်စစ်မှူး ဆက်ပါရက်ဗ်သည် ဂိုးသွင်းယူချိန်တွင် အသက် ၁၆ နှစ် ၁၀ လ ၂၆ ရက်သာရှိသေးသဖြင့် ချန်ပီယံလိဂ်ပြိုင်ပွဲသမိုင်းတွင် အသက်အငယ်ဆုံး ဂိုးသွင်းယူနိုင်သူအဖြစ် မှတ်တမ်းဝင်ခဲ့သည်။
- လီဗာပူးအသင်းက ပဲလေ့စ်အသင်းခံစစ်ကစားသမား ဂူဟီကို ခေါ်ယူရန် ကနဦးပြောင်းရွှေ့ကြေးစတာလင်ပေါင် သန်း ၃၀ ကိုပေးချေရမည်ဖြစ်ကာ ကစားသမားအတွက် အပိုဆုကြေးစတာလင်ပေါင် ငါးသန်းပါဝင်ခဲ့သဖြင့် စုစုပေါင်း စတာလင်ပေါင် ၃၅ သန်းဖြင့် ခေါ်ယူရန် နှစ်ဖက်သဘောတူညီမှု ရရှိခဲ့ကြောင်း သိရသည်။ ML

# ပဲလေ့စ်အသင်း အယူခံပယ်ချခံရသည့်အတွက် ကွန်ဖရန့်လိဂ်တွင် ကစားရမည်



လန်ဒန် ဩဂုတ် ၁၂

ပဲလေ့စ်အသင်းသည် လာမည့် ဘောလုံးရာသီတွင် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိထားသော်လည်း ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းကြောင့် ပြိုင်ပွဲမှ ထုတ်ပယ်ခံထားရသည့်အတွက် အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသောကြောင့် ယူရိုပါကွန်ဖရန့်လိဂ်တွင်သာ ကစားရမည်ဖြစ်ကြောင်း သိရသည်။

ပဲလေ့စ်အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက အက်ဖ်အေဖလား ဆွတ်ခူးနိုင်ခဲ့သည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိထားသော်လည်း ဥရောပဘောလုံးအဖွဲ့ချုပ်၏ ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းကြောင့် ပြိုင်ပွဲမှထုတ်ပယ်ခံခဲ့ရခြင်းဖြစ်သည်။

ပဲလေ့စ်အသင်း၏ အစုရှယ်ယာအများစုကိုပိုင်ဆိုင်ထားသည့် ဂျွန်တက်တာသည် လိုင်ယွန်အသင်းကိုလည်း ပိုင်ဆိုင်ထားသည့်အတွက် ကလပ်အသင်းပိုင်ရှင်တူ စည်းမျဉ်းအရ အမှတ်ပေးဇယားရပ်တည်မှု မြင့်မားသည့် လိုင်ယွန်အသင်းကိုသာ ယူရိုပါလိဂ်ပြိုင်ပွဲကို ဝင်ရောက်စေခဲ့ပြီး ပဲလေ့စ်အသင်းကို ကွန်ဖ ရန့်လိဂ်ပြိုင်ပွဲသို့ ပြောင်းလဲကစားစေခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဆုံးဖြတ်ချက်အတွက် ပဲလေ့စ်အသင်းက အားကစားလောကတွင် အမြင့်ဆုံးဖြစ်သည့် အားကစားသမာဓိခုံရုံးထံ အယူခံဝင်ရောက်ခဲ့သော်လည်း ပယ်ချခံခဲ့ရသည့်အတွက် ယူရိုပါလိဂ်ပြိုင်ပွဲမှ ကွန်ဖရန့်လိဂ်ပြိုင်ပွဲသို့ ပြောင်းလဲကစား ရမည်ဖြစ်ကြောင်း သိရသည်။

Ref : Fabrizio Romano

Trs : STA

# ဘာစီလိုနာနှင့် ဗီလာရီးရဲလ်အသင်းတို့ ကစားမည့် လာလီဂါပွဲစဉ်ကို အမေရိကန်တွင် ကျင်းပခွင့်ပေးမည်ဟု စပိန်ဘောလုံးအဖွဲ့ချုပ်အတည်ပြု

မက်ဒရစ် ဩဂုတ် ၁၂

လာလီဂါ ဘောလုံးအဖွဲ့ချုပ်သည် ပြိုင်ပွဲကို ပရိသတ်စိတ်ဝင်စားမှု မြင့်တက်လာစေရန်အတွက် လာမည့် ဒီဇင်ဘာလတွင် ကစားမည့် ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ပွဲစဉ်ကို အမေရိကန်နိုင်ငံ မီယာမီမြို့တွင် ကျင်းပရန် တင်ပြခဲ့ရာ စပိန်ဘောလုံးအဖွဲ့ချုပ်က ကျင်းပခွင့်ပြုခဲ့ကြောင်း သိရသည်။

ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့ ကစားမည့် လာလီဂါပွဲစဉ်ကို လာမည့် ဒီဇင်ဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ကို လာလီဂါအဖွဲ့ချုပ်က မီယာမီမြို့တွင် ကျင်းပနိုင်ရန်တင်ပြတောင်းဆိုခဲ့ရာ စပိန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုပေးခဲ့သောကြောင့် ယူအီးအက်ဖ်အေနှင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်တို့၏ ခွင့်ပြုချက်သာရယူရန် လိုတော့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့သည် နိုင်ငံတကာခြေစမ်းပွဲ စည်းမျဉ်းနှင့်အညီ တစ်ပြိုင်တည်း တောင်းဆိုခဲ့ရာ စပိန်ဘောလုံးအဖွဲ့ချုပ်က စည်းမျဉ်းအတိုင်း ယှဉ်ပြိုင်ခွင့်ပြုခဲ့သောကြောင့် ဥရောပထိပ်သီးကလပ်ပြိုင်ပွဲများကို နိုင်ငံပြင်ပတွင် ကစားခွင့်ရသည့် ပထမဆုံးပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

လာလီဂါ အဖွဲ့ချုပ်အနေဖြင့် ၂၀၁၈ ခုနှစ်ကတည်းက လာလီဂါပွဲစဉ်ဖြစ်သည့် ဂျီရိုနာအသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်ကို အမေရိကန်တွင် ကျင်းပခွင့်ရရှိရန် ကြိုးပမ်းခဲ့ရာ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပယ်ချခဲ့ပြီးနောက် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အေတီကိုအသင်းနှင့် ဘာစီလိုနာအသင်းတို့ ပွဲစဉ်ကို နိုင်ငံပြင်ပတွင် ကျင်းပခွင့်ရရှိရန် ထပ်မံကြိုးပမ်းခဲ့သော်လည်း အစီအစဉ်အထမမြောက်ခဲ့ကြောင်း သိရသည်။

ယခုအခါ ဘာစီလိုနာအသင်းနှင့် ဗီလာရီးရဲလ်အသင်းတို့က အမေရိကန်တွင် ကျင်းပခွင့်ရရှိရန် တစ်ပြိုင်တည်း တောင်းဆိုခဲ့ရာ စပိန်ဘောလုံးအဖွဲ့ချုပ်က အတည်ပြုခဲ့သောကြောင့် လာလီဂါဥက္ကဋ္ဌ တီဗက်စ်က လာလီဂါပွဲစဉ်များကို အမေရိကန်ပရိသတ်များ အားပေးမှုမြင့်တက်လာအောင် လုပ်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ကြောင်း သိရသည်။

Ref : GSFN

Trs : ML

# ဂိုးသမား ဒွန်နာရမ်မာကို စူပါဖလားယှဉ်ပြိုင်မည့် ကစားသမားစာရင်းမှ ပီအက်စ်ဂျီအသင်း ထုတ်ပယ်

ပဲရစ် ဩဂုတ် ၁၂

ပီအက်စ်ဂျီ အသင်းသည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာရန် ဆုံးဖြတ်ထားသည့် ဂိုးသမား ဒွန်နာရမ်မာကို စပါးအသင်းနှင့် ကစားရမည့် ယူအီးအက်ဖ်အေ စူပါဖလားယှဉ်ပြိုင်မည့် ကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့ကြောင်း သိရသည်။

ဒွန်နာရမ်မာသည် ပီအက်စ်ဂျီအသင်းနှင့် လာမည့် ၂၀၂၆ ခုနှစ်မှ စာချုပ်သက်တမ်း ကုန်ဆုံးမည်ဖြစ်သော်လည်း ၎င်းအနေဖြင့် ပရီးမီးယားလိဂ်သို့ ပြောင်းရွှေ့ရန် ဆန္ဒရှိနေပြီး ချဲလ်ဆီးအသင်းနှင့် မန်ယူအသင်းတို့က အပြိုင်ကမ်းလှမ်းမှု ပြုလုပ်နေသည့်အပြင် အင်တာမီလန် အသင်းကလည်း ခေါ်ယူရန် ကြိုးပမ်းနေသောကြောင့် အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် ပီအက်စ်ဂျီအသင်းသည် ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက လိုင်လီအသင်းမှ ဂိုးသမား ချီဗာလီယာကို အပြီးသတ်ခေါ်ယူနိုင်ခဲ့ပြီးနောက် အသင်းတာဝန်ရှိသူများကလည်း ဒွန်နာရမ်မာကို လက်လွှတ်သွားမည်ဖြစ်ပြီး စပါးအသင်းနှင့် လာမည့် ဩဂုတ် ၁၄ ရက်တွင် ကစားရမည့် စူပါဖလားပြိုင်ပွဲ ကစားသမားစာရင်းမှ ချန်လှပ်ခဲ့ကြောင်း သိရသည်။



ပီအက်စ်ဂျီ အသင်းသည် ပြီးခဲ့သည့် ဘောလုံးရာသီက ဒွန်နာရမ်မာ၏ လက်စွမ်းပြကစားနိုင်မှုကြောင့် ပြည်တွင်းဖလားအားလုံး ဆွတ်ခူးခဲ့သည့်အပြင် ချန်ပီယံလိဂ် ပြိုင်ပွဲတွင်လည်း ပထမဆုံးအကြိမ် ဆုဖလားဆွတ်ခူးခဲ့ပြီးနောက် ဒွန်နာရမ်မာကို ဆက်လက်ထိန်းသိမ်းရန် ကြိုးပမ်းခဲ့ရာ ကစားသမားအနေဖြင့် လုပ်ခလစာတိုးမြှင့်ပေးခြင်း မရှိသောကြောင့် စာချုပ်သစ်ကို ငြင်းပယ်၍ အသင်းမှထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

Ref : Fotmob

Trs : ML

# မန်ယူအသင်း တိုက်စစ်ကစားသမားသစ် ဆက်ကို ကျောနံပါတ် ၃၀ ဝတ်ဆင်ကစားမည်




မန်ချက်စတာ ဩဂုတ် ၁၂

လက်ရှိ နွေရာသီကစားသမား အပြောင်းအရွှေ့ ကာလတွင် လိုက်ပ်ဇစ်အသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့သည့် တိုက်စစ်ကစားသမားသစ် ဆက်ကိုသည် အသင်းတွင် ကျောနံပါတ် ၃၀ ဂျာစီကို ဝတ်ဆင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက လိုက်ပ်ဇစ်အသင်းနှင့် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့သည့် ဆက်ကိုအား လက်ရှိအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့်အတူ ဥရောပထိပ်တန်းကလပ်အသင်းများက အပြိုင်ကမ်းလှမ်းမှုများလုပ်ဆောင်ခဲ့ရာ ဆက်ကိုက မန်ယူအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဆက်ကိုသည် ဆဲလ်ဘတ်အသင်းနှင့် လိုက်ပ်ဇစ်အသင်းတို့တွင် ကစားခဲ့စဉ်ကလည်း ကျောနံပါတ် ၃၀ကိုသာ ဝတ်ဆင်ကစားခဲ့သူဖြစ်ပြီး မန်ယူအသင်းတွင်လည်း ၎င်းစိတ်ကြိုက်ကျောနံပါတ်ဖြစ်သည့်ကျောနံပါတ် ၃၀ကို ဆက်လက်ဝတ်ဆင်လိုသည့်အတွက် မန်ယူအသင်းကလည်းကျောနံပါတ်၃၀ကို ဝတ်ဆင်ရန်ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အစောပိုင်းက မန်ယူအသင်းတွင် ကျောနံပါတ် ၃၀ကို လူငယ်ခံစစ်ကစားသမား လီအွန်နက ဝတ်ဆင်နေခြင်းဖြစ်ပြီး ယခုအခါ ဆက်ကိုက ကျောနံပါတ် ၃၀ကို ဝတ်ဆင် လိုနေသည့်အတွက် လီအွန်နက ကျောနံပါတ်ပြောင်းလဲပြီး ကျောနံပါတ် ၃၀ကို ဆက်ကိုအားပေးအပ်ကာ ၎င်းက ကျောနံပါတ် ၃၅ကို ပြောင်းလဲဝတ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

Ref : Fotmob
Trs : STA

# တိုက်စစ်မှူး မူနစ်ကို ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် အတ္တလန်တာကမ်းလှမ်းမှု ဖူလ်ဟမ်အသင်းငြင်းဆို

လန်ဒန် ဩဂုတ် ၁၂

ဖူလ်ဟမ်အသင်းမှတိုက်စစ်မှူး မူနစ်ကို အတ္တလန်တာအသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၄၀ ဖြင့်ခေါ်ယူရန် ကြိုးပမ်းခဲ့ရာ ဖူလ်ဟမ်အသင်းက ငြင်းဆိုခဲ့ကြောင်း သိရသည်။

တိုက်စစ်မှူး မူနစ်သည် လက်ရှိ အပြောင်းအရွှေ့ကာလတွင် ပရီးမီးယားလိဂ်မှ ထွက်ခွာ၍ ယူရိုပါလိဂ်ကစားရမည့် အတ္တလန်တာအသင်းသို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေသော်လည်း ဖူလ်ဟမ်အသင်းက ပြောင်းရွှေ့ကြေး ယူရို သန်း ၅၀ တန်ကြေးရှိသည့် ကစားသမားကို ယူရို သန်း ၄၀ဖြင့် ကမ်းလှမ်းလာသည့်အတွက် ငြင်းပယ်ခဲ့ခြင်းဖြစ်သည်။

အတ္တလန်တာ အသင်းသည် ယခုအပြောင်းအရွှေ့ကာလအတွင်း အသင်းတိုက်စစ်မှူး ရီတီဂွကို ဆော်ဒီပရိုလိဂ် အယ်ကွာစီယာ့ အသင်းသို့ ယူရို သန်း ၈၀ဖြင့် လက်လွှတ်ခဲ့ရသဖြင့် တိုက်စစ်ပိုင်း လိုအပ်ချက်အတွက် ကစားသမားသစ်ရှာဖွေလျက်ရှိရာ ကနဦးက ပဲလေ့စ်အသင်း တိုက်စစ်မှူး မာတီတာကို ခေါ်ယူရန် ကမ်းလှမ်းခဲ့သော်လည်း ကစားသမားအနေဖြင့် စာချုပ်သက်တမ်းတစ်နှစ်ကျန်ရှိနေ၍ ပဲလေ့စ်အသင်းက ပယ်ချခဲ့သောကြောင့် ဖူလ်ဟမ်အသင်း တိုက်စစ်မှူးမူနစ်ကို ခေါ်ယူရန် ဆက်လက်ကြိုးပမ်းခဲ့သည်။

လက်ရှိတွင် အတ္တလန်တာအသင်း အမှုဆောင်ဒါရိုက်တာ ပါကက်စ်စီသည် ဖူလ်ဟမ်အသင်းနှင့်ဆက်လက်ဆွေးနွေးရန် လန်ဒန်မြို့သို့ ရောက်ရှိနေသော်လည်း မူနစ်ကို လိဒ်ယူနိုက်အသင်းကလည်း စိတ်ဝင်စားနေသဖြင့်အပြိုင်ကြိုးပမ်းရမည်ဖြစ်သည်။

အတ္တလန်တာအသင်း အနေဖြင့် လက်ရှိတိုက်စစ်ပိုင်းမှလွတ်မန်းကို အင်တာမီလန်အသင်းသို့ လက်လွှတ်ရဖွယ်ရှိနေကာ ကစားသမားအနေဖြင့် အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ပါဝင်ရန် ငြင်းဆိုထားသောကြောင့် မူနစ်ကို ခေါ်ယူနိုင်ရန် ပစ်မှတ်ထားနေရကြောင်း သိရသည်။

Ref : Goal.com
Trs : ML

# အေတီကိုအသင်းက ၁၀ ဦးမြောက် ကစားသမားခေါ်ယူမှုအဖြစ် နာပိုလီတိုက်စစ်မှူး ရက်စ်ပါဒိုရီကို ခေါ်ယူ

မက်ဒရစ် ဩဂုတ် ၁၂

အေတီကိုအသင်းသည် နာပိုလီအသင်းတိုက်စစ်ပိုင်းတွင် ခြေစွမ်းပြကစားနေသည့် တိုက်စစ်မှူး ရက်စ်ပါဒိုရီကို နွေရာသီအပြောင်းအရွှေ့ကာလ ၁၀ ဦးမြောက် ကစားသမားခေါ်ယူမှုအဖြစ် ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။




အေတီကို အသင်းအနေဖြင့် တိုက်စစ်မှူး ရက်စ်ပါဒိုရီအတွက် ပြောင်းရွှေ့ကြေး ယူရို ၂၆ သန်းထိ အသုံးပြုခဲ့ရကာ လာမည့် ၂၀၃၀ ပြည့်နှစ်ထိ ငါးနှစ်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးနောက် တိုက်စစ်ပိုင်း ထပ်မံဖြည့်တင်းနိုင်ခဲ့ကာ လက်ရှိအပြောင်းအရွှေ့ကာလတွင် ၁၀ ဦးမြောက် ကစားသမားခေါ်ယူမှုဖြစ်လာခဲ့သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီက အေတီကိုအသင်းသည် အမှတ်ပေးပြိုင်ပွဲတွင် အဆင့်(၃) နေရာတွင်သာ ရပ်တည်နိုင်ခဲ့ပြီး ချန်ပီယံလိဂ်ပြိုင်ပွဲတွင်လည်း ၁၆ သင်းအဆင့်မှလည်းကောင်း၊ ကိုပါဒယ်ရေး ဖလားပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်အဆင့်မှလည်းကောင်း၊ ဖီဖာကလပ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း အုပ်စုအဆင့်မှလည်းကောင်း အစောဆုံး ထွက်ခွာခဲ့ရပြီးနောက် အသင်းလိုအပ်ချက်ကို ထပ်မံဖြည့်တင်းခဲ့ကြောင်း သိရသည်။

အသက် ၂၅ နှစ်ရှိ တိုက်စစ်မှူးသည် ပြီးခဲ့သည့်ရာသီက နာပိုလီအသင်းအတွက် ပြိုင်ပွဲစုံ ၂၆ ပွဲ ပါဝင်ခဲ့ရာတွင် သွင်းဂိုး ခြောက်ဂိုး သွင်းယူနိုင်ခဲ့ပြီး သွင်းဂိုး နှစ်ဂိုးကို အလွတ်တည်ကန်ဘောမှ ရရှိခဲ့သောကြောင့် တိုက်စစ်မှူး စီရော့နယ်ဒိုနှင့် တိုက်စစ်မှူး ဗလာဟိုဗစ်တို့နောက်တွင် တတိယမြောက်ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : SI
Trs : ML

# Cincinnati Open တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်သို့ ဆာဘာလင်ကာ တက်ရောက်

အိုဟိုင်းယိုး ဩဂုတ် ၁၂

အမေရိကန်နိုင်ငံ အိုဟိုင်းယိုးပြည်နယ်တွင် ကျင်းပနေသည့် Cincinnati Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ကမ္ဘာ့အဆင့်(၁)နေရာတွင် ရပ်တည်နေသည့် ဘယ်လာရုစ်တင်းနစ်မယ် ဆာဘာလင်ကာသည် ဗြိတိန်တင်းနစ်မယ်အမ်မာနှင့် ယှဉ်ပြိုင်ကစားခဲ့ရာ ဆာဘာလင်ကာက (၇-၆၊ ၆-၄၊ ၇-၆) ရလဒ်ဖြင့် အနိုင်ရရှိကာ စတုတ္ထအဆင့်သို့ တက်ရောက်ခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

နိုင်ခြေအဆင့်(၁)အဖြစ် သတ်မှတ်ခံထားရသည့် ဆာဘာလင်ကာသည် အနိုင်ရခဲ့သော်လည်း အနိုင်ရရှိခဲ့သော ပွဲငယ်နှစ်ပွဲစလုံး၌ tie-break အဆင့်ထိ ကစားခဲ့ရပြီး ရှုံးနိမ့်ခဲ့သော ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

အမ်မာအနေဖြင့် ရှုံးနိမ့်ခဲ့သော ပထမပွဲငယ်နှင့် တတိယပွဲငယ်တို့တွင် အနိုင်ရနိုင်သည့် အခွင့်အရေးကောင်းများပိုင်ဆိုင်ခဲ့သော်လည်း အကောင်းဆုံးအသုံးမချနိုင်ခဲ့၍ ရှုံးနိမ့်ခဲ့ရခြင်းလည်းဖြစ်သည်။

ဆာဘာလင်ကာက "ကျွန်မအတွက် အရမ်းကိုခက်ခဲတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဒီလိုခက်ခဲတဲ့ ပွဲစဉ်မျိုးမှာ အနိုင်ရလဒ်ကို စွမ်းဆောင်နိုင်ခဲ့ပြီး နောက်တစ်ဆင့်ကို တက်ရောက်နိုင်ခဲ့လို့ ဝမ်းသာပါတယ်။ အခုလိုခက်ခဲတဲ့ ပွဲစဉ်ကစားပြီးရင် လုံလောက်တဲ့ အနားယူမှုပြုလုပ်ဖို့တော့ လိုအပ်တယ်။ ၂၄ နာရီလောက် အနားယူခွင့်ရမှာဆိုတော့ လုံလောက်တဲ့ အချိန်ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL



# BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ ဩစတြေးလျားကစားသမား စထရာကာ နုတ်ထွက်

မယ်ရီလန်း ဩဂုတ် ၁၂

ဩစတြေးလျား အဆင့် (၁) ဂေါက်သီးရိုက် ကစားသမား စထရာကာသည် အမေရိကန်နိုင်ငံ မယ်ရီလန်းပြည်နယ်တွင် ကျင်းပမည့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှ နုတ်ထွက်လိုက်ကြောင်း ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့သည်။

FedEx Cup အမှတ်ပေးဇယား၏ အဆင့်(၅၀)အတွင်း ရပ်တည်ထားနိုင်သည့် ကစားသမားများသာ BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ပြီး လက်ရှိကမ္ဘာ့အဆင့် (၁၀) နေရာတွင် ရပ်တည်နေသည့် စထရာကာအနေဖြင့် ပြိုင်ပွဲဝင်ခွင့် ရရှိထားသူဖြစ်သည်။

စထရာကာအနေဖြင့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်သွားရန် ပစ်မှတ်ထားနေသော်လည်းပုဂ္ဂိုလ်ရေးပြဿနာကြောင့် ပြိုင်ပွဲမှနုတ်ထွက်ရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ပြိုင်ပွဲကျင်းပရေး ကော်မတီအနေဖြင့် ပြိုင်ပွဲအားပြိုင်ပွဲဝင် ဦးရေ၅၀ဖြင့် ကျင်းပမည်ဖြစ်သော်လည်း စထရာကာနုတ်ထွက်ခဲ့သည့်အတွက် ပြိုင်ပွဲဝင်၄၉ဦးဖြင့်သာကျင်းပရတော့မည်ဖြစ်သည်။

အခြားသောပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိထားသော ကစားသမားတစ်ဦးဦး ပြိုင်ပွဲမှနုတ်ထွက်သွားပါက အဆင့်သတ်မှတ်ချက်အလိုက်အစားထိုးပေးသော်လည်း BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲတွင်မူ မူဝါဒအရ အစားထိုးခွင့်မရကြောင်း သိရသည်။

စထရာကာ၏ မန်နေဂျာဖြစ်သူ ဘက်တလာက "စထရာကာဟာ ပုဂ္ဂိုလ်ရေးကိစ္စတစ်ခုကြောင့် BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲကနေ နုတ်ထွက်ဖို့ ဆုံးဖြတ်လိုက်ပါတယ်။ ဒါကြောင့် စထရာကာကို BMW Championship ဂေါက်သီးရိုက်ပြိုင်ပွဲမှာ မြင်တွေ့ခွင့်ရတော့မှာ မဟုတ်ပါဘူး။စထရာကာအနေနဲ့ BMW Championshipဂေါက်သီးရိုက်ပြိုင်ပွဲမှာ အောင်မြင်မှုတစ်ခုရဖို့ ရည်မှန်းထားပါတယ်။ပုဂ္ဂိုလ်ရေးကိစ္စကဖြစ်မနေဖြေရှင်းဆောင်ရွက်ဖို့ လိုအပ်တဲ့အတွက်ကြောင့် သူ့ခုလိုဆုံးဖြတ်ခဲ့တာဖြစ်တယ်လို့ အသိပေးလိုပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RT
Trs : AZL

# နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့

**မောင်သောင်းဝင်း(တမန်ဟောင်း)**

သစ်ပင်သစ်တောများသည် ကမ္ဘာမြေပေါ်တွင် ရှိသည့်သက်ရှိများ ရှင်သန်ရပ်တည်ရေးအတွက် လွန်စွာအရေးပါလျက်ရှိသည်။ ထို့ပြင် သစ်ပင်သစ်တောများသည် လူသားများအပါအဝင် သက်ရှိများအသက်ရှင်သန်ရေးအတွက် အဓိကလိုအပ်သည့် အောက်ဆီဂျင်ကို ထုတ်လွှတ်ပေးရုံသာမက ရာသီဥတုပြောင်းလဲမှုကိုဖြစ်ပေါ်စေပြီး ကျန်းမာရေးကို ထိခိုက်စေနိုင်သည့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များကိုလည်း လေထုအတွင်းမှ စုပ်ယူဖယ်ရှားပေးလျက်ရှိသည်။ တစ်နည်းအားဖြင့် သစ်ပင်သစ်တောများသည် ရာသီဥတုမျှတရေး၊ သဘာဝဘေးအန္တရာယ်တားဆီးကာကွယ်ရေး ၊ရေနှင့် မြေဆီလွှာထိန်းသိမ်းရေး စသည့်ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ညီညွတ်မျှတရေးကို စဉ်ဆက်မပြတ်ပံ့ပိုးပေးလျက်ရှိသည်။

ထို့ကြောင့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများ စိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သောစိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျစီမံဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်သည်။ အမှန်တော့ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့် ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်းပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာရရှိနိုင်သည်။

**ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရန်**

သစ်တောသစ်ပင်များ ထိန်းသိမ်းဆောင်ရွက်ခြင်းသည် ကောင်းမွန်သည့်ဆောင်ရွက်ချက်ပင်ဖြစ်သည်။ လမ်းဘေးဝဲယာတွင်လည်း သစ်ပင်များ စိုက်ပျိုးရန်လိုပြီး ခရီးသွားပြည်သူများအနေဖြင့် သစ်ပင်များ စိမ်းစိုနေမှုကိုကြည့်၍ မျက်စိပသာဒကို ရရှိပြီး စိတ်ချမ်းသာမှုကို ရရှိနိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပတ်ဝန်းကျင်ကို စိမ်းလန်းစိုပြည်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ပေသည်။ ယခုအခါ သစ်ပင်စိုက်ပျိုးမှုများ ဆောင်ရွက်ခြင်းသည် နောင်လာနောက်သားများအတွက် ကောင်းမွန်သည့် ပတ်ဝန်းကျင်ခံစားနိုင်ရန်အတွက် အမွေခံကောင်းကို ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပေသည်။

စင်စစ်အားဖြင့် သစ်ပင်စိုက်ပျိုးခြင်းသည် ရာသီဥတုပူပြင်းမှုကို တစ်ဖက်တစ်လမ်းမှ လျှော့ချနိုင်သည်။ ထို့ပြင် စိမ်းလန်းစိုပြည်သည့် မြင်ကွင်းများကို မြင်တွေ့ရခြင်းဖြင့် မျက်စိပသာဒကို ဖြစ်ပေါ်စေပြီး လူများ၏ စိတ်နှလုံးကိုလည်း အေးမြစေသည့် အကျိုးကျေးဇူးကို ရရှိစေသည်။ ထို့ကြောင့် စိုက်ပျိုးသည့်အပင်များ "တစ်ပင်စိုက်၊ တစ်ပင်ရှင်"ရန်လိုအပ်သည်။ မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုအနေဖြင့် ယခင်က ၅၀ ရာခိုင်နှုန်းကျော်ရှိခဲ့ပြီး လက်ရှိအချိန်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းခန့်သာ ကျန်ရှိတော့သည်။ သစ်တောဖုံးလွှမ်းမှုများ ကျဆင်းလာလျက်ရှိရာ တစ်နိုင်ငံလုံး သစ်တောဖုံးလွှမ်းမှုဧရိယာတိုးတက်လာစေရေးအတွက် နှစ်ရှည်ပင်များကို တိုးချဲ့စိုက်ပျိုးသွားရန် လိုအပ်ပေသည်။ နိုင်ငံတော်အစိုးရသည် သစ်ပင်စိုက်ပျိုးခြင်း၊ သစ်ပင်စိုက်ပျိုးပွဲများကို ကျင်းပပြုလုပ်၍ ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

**သယံဇာတအမွေအနှစ်**

အမှန်တော့ နိုင်ငံသူ နိုင်ငံသားတိုင်းသည် ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပရေး၊ သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဂေဟစနစ် ကောင်းမွန်မျှတစေရေး၊ တောတောင်ရေမြေကိုထိန်းသိမ်းပြီး သဘာဝဘေးအန္တရာယ်များ

❖နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရန် လိုအပ်သည်။ စီးပွားရေးတိုးတက်သော်လည်း နိုင်ငံ၏မြေထု၊ ရေထု၊ လေထုတို့ အရည်အသွေးယုတ်လျော့ကျဆင်းကာ ညစ်ညမ်းမှုများမဖြစ်ပေါ်အောင်ထိန်းသိမ်းသွားရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် ကောင်းမွန်သည့် ရေခံ၊ မြေခံသဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသော်လည်း လူတို့၏ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိရာ နိုင်ငံနှင့်ပြည်သူအတွက် များစွာထိခိုက်နစ်နာစေလျက်ရှိသောကြောင့် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပေသည်။ ❖

မှ တားဆီးကာကွယ်နိုင်ရေး၊ ရာသီဥတုမျှတကောင်းမွန်စေရေးနှင့် သစ်ပင်စိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများတွင် နှီးကြားတက်ကြွစွာ ပိုမိုပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လိုအပ်သည်။

"အိမ်တိုင်းမှာ သစ်ပင်၊ ရွာစဉ်မှာ တောတန်း၊ တစ်တောဝင်တစ်တောဆက်၊ မြို့တက်မဲ့လမ်း" ဆိုသကဲ့သို့ ပြည်သူလူထုတစ်ရပ်လုံးအနေဖြင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့ပြပတ်ဝန်းကျင်နေရာအသီးသီး၌စိမ်းလန်းစိုပြည်ပြီး အရိပ်အာဝါသရရှိစေရေး သစ်ပင်သစ်တောများကို ထိန်းသိမ်းကာ တိုးချဲ့စိုက်ပျိုးသွားရန်လိုအပ်သည်။ ထို့ပြင် စိုက်ပျိုးထားသည့် သစ်ပင်သစ်တောများကို ထိန်းသိမ်းသွားရန်လည်း လိုအပ်သည်။ နောင်သားစဉ်မြေးဆက်အတွက် စိမ်းလန်းစိုပြည်ပြီး အေးချမ်းသာယာသည့်ပတ်ဝန်းကျင်ကောင်းနှင့် သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝသည့်နိုင်ငံအဖြစ် လက်ဆင့်ကမ်းပေးနိုင်ရန်အတွက် သဘာဝသယံဇာတအမွေအနှစ်ဖြစ်သည့် သစ်တောများကို အားလုံးဝိုင်းဝန်း ထိန်းသိမ်းသွားရန် လိုအပ်သည်။

**အမျိုးသားရေးတာဝန်**

သစ်ပင်သစ်တောများသည် နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ စားရေရိက္ခာဖူလုံရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ သာယာသန့်ရှင်းသည့် ပတ်ဝန်းကျင်နှင့် ကောင်းမွန်သည့် ဂေဟစနစ်ကို ထိန်းသိမ်းနိုင်ရေးအတွက် လွန်စွာအရေးပါသည့်အခန်းကဏ္ဍက ပါဝင်လျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတစ်ဝန်း သစ်တောဖုံးလွှမ်းမှုတိုးတက်လာပြီး စိမ်းလန်းစိုပြည်သာယာလှပစေရေး၊ ရာသီဥတု မျှတကောင်းမွန်စေရေးနှင့်သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေးတို့အတွက် သစ်တော စိုက်ပျိုးထိန်းသိမ်းခြင်းလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။

ထို့ကြောင့် သစ်တောစိုက်ခင်းများ တည်ထောင်ခြင်း၊ သဘာဝတောများထိန်းသိမ်းခြင်း၊ လေကာတန်းများစိုက်ပျိုးခြင်း၊ ရေရှည်တည်တံ့သောစိုက်ပျိုးနည်းစနစ်များကျင့်သုံးခြင်း၊ ရေအရင်းအမြစ်များ စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုနှင့် မိုးခေါင်ရေရှားမှုတို့ကို ဖြေရှင်းဆောင်ရွက်သွားရန် လိုအပ်သည်။ အမှန်တော့ သစ်ပင်သစ်တောများကို စိုက်ပျိုးထိန်းသိမ်းခြင်းဖြင့် ရေ၊ မြေ၊ ရာသီဥတု ကောင်းမွန်မျှတသာယာပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုနှင့်ဝန်ဆောင်မှုကဏ္ဍအသီးသီးအတွက် ကုန်ကြမ်းပစ္စည်းများ၊ သွင်းအားစုများနှင့်ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများကိုလည်း ပံ့ပိုးပေးလျက်ရှိသောကြောင့် အကျိုးကျေးဇူးများစွာ ရရှိနိုင်သည်။

**နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့**

လက်ရှိအချိန်တွင် ကမ္ဘာပေါ်၌ လူဦးရေတိုးတက်များပြားလာခြင်းနှင့်အတူ နည်းပညာနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး မှန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများပြားလာသည့်အတွက် ရာသီဥတုများသည် အဆိုးဘက်ကိုပြောင်းလဲလာလျက်ရှိသည်။ ထို့ပြင် သဘာဝသယံဇာတများကို အလွန်အကျွံထုတ်ယူသုံးစွဲလာခြင်းကြောင့် ဂေဟစနစ်များ ယိုယွင်းလာပြီး ဇီဝမျိုးစုံမျိုးကွဲများ တဖြည်းဖြည်း မျိုးသုဉ်းပျောက်ကွယ်လာလျက်ရှိသည်။ မြို့ပြနှင့်စက်ရုံအလုပ်ရုံများက စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံမှုမရှိသည့်အတွက် ပတ်ဝန်းကျင်ညစ်ညမ်းစေသည့်ပြဿနာများကို မြန်မာနိုင်ငံအပါအဝင် ယနေ့ကမ္ဘာတစ်ဝန်းလုံး၌ ရင်ဆိုင်ကြုံတွေ့ရလျက်ရှိသည်။

ထို့ပြင် လူသားတို့နေစဉ် စွန့်ပစ်သောပစ္စည်းများထဲတွင် ပလတ်စတစ် စွန့်ပစ်အမှိုက်များသည် နေ့စဉ်နှင့်အမျှ များပြားလာပြီး သဘာဝပတ်ဝန်းကျင်ညစ်ညမ်းခြင်း၏ အဓိကစိန်ခေါ်မှုတစ်ရပ်ကဲ့သို့ဖြစ်လာလျက်ရှိသည်။ သက်ရှိသတ္တဝါများ ရှင်သန်ရပ်တည်ရေး၊ လူသားအားလုံး၏ ကျန်းမာရေးနှင့် ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးတို့အပေါ် များစွာခြိမ်းခြောက်လာနေပြီဖြစ်သည်။ ထို့ကြောင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအနေဖြင့် ပလတ်စတစ်ညစ်ညမ်းမှုကင်းစင်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် ပိုမိုပူးပေါင်းဆောင်ရွက်သွားသင့်ပေသည်။

ထို့ပြင် မြို့ပြပတ်ဝန်းကျင် သာယာလှပရေးအတွက် ရေနုတ်မြောင်းများသည်ရေစီးရေလာများ ကောင်းမွန်ရန်လိုအပ်သကဲ့သို့ နေထိုင်ကြသူများအနေဖြင့်လည်း စည်းကမ်းတကျနေထိုင်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်းတို့ကို ဆောင်ရွက်သွားရန်လိုအပ်သည်။ ရေစီးရေလာကောင်းမွန်မှုမရှိခြင်းကြောင့် ရေဆိုးရေညစ်များနှင့် ကျန်းမာရေးနှင့်ညီညွတ်မျှတမှုမရှိသည့်ပတ်ဝန်းကျင် ဖြစ်လာစေနိုင်သည်။

နိုင်ငံခေတ်မီဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တစ်ဖက်တွင်လည်း သဘာဝပတ်ဝန်းကျင်ကောင်းမွန်ရန်လိုအပ်သည်။ စီးပွားရေးတိုးတက်သော်လည်း နိုင်ငံ၏ မြေထု၊ ရေထု၊ လေထုတို့ အရည်အသွေးယုတ်လျော့ကျဆင်းကာ ညစ်ညမ်းမှုများမဖြစ်ပေါ်အောင် ထိန်းသိမ်းသွားရန် လိုအပ်သည်။ မြန်မာနိုင်ငံသည် ကောင်းမွန်သည့် ရေခံ၊ မြေခံသဘာဝပတ်ဝန်းကျင်များကို ပိုင်ဆိုင်ထားသော်လည်း လူတို့၏ပယောဂကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်လျက်ရှိရာ နိုင်ငံနှင့်ပြည်သူအတွက် များစွာထိခိုက်နစ်နာစေလျက်ရှိသောကြောင့် ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပေသည်။ အထူးသဖြင့် နိုင်ငံ၏ သစ်တောများနှင့် ရေအရင်းအမြစ်များ ပျက်စီးဆုံးရှုံးမှုမရှိစေရန် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားရန် လိုသည်။ အထူးသဖြင့် မြို့ရွာဒေသများ စိမ်းလန်းစိုပြည်သာယာလှပစေရေးနှင့် ရာသီဥတုဖောက်ပြန်မှုလျော့နည်းရေးတို့အတွက် သစ်ပင်များ စိုက်ပျိုးခြင်း၊ တစ်ပင်စိုက်တစ်ပင်ရှင်သန်ရေး ပြုစုခြင်းတို့တွင် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ပါဝင်ဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ။**

## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job–PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit–PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Pass-port for Job–PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

# သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်ပြသမည်




ရန်ကုန် ဩဂုတ် ၁၂

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားကို ရုပ်သံဇာတ်လမ်းအဖြစ် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ဩဂုတ် ၁၇ ရက်တွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ကျော်ထက်ဇော်ထံမှ သိရသည်။

အဆိုပါ သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကား၏ဝတ္ထုဇာတ်လမ်းကို မဟာဆွေက ရေးဖွဲ့ထားပြီး ကိုကျော်က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကျော်ဇောလင်း (အတွေးပုံရိပ်)က ပုံဖော်ရိုက်ကူးထားသည့် အချစ်ဟာသ ဇာတ်ကား တစ်ကားလည်းဖြစ်ပြီး CANAL+ ZAT LENN ရုပ်သံလိုင်းမှ တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအဖြစ် ထုတ်လွှင့်သွားမည်ကြောင်း သိရသည်။

"၂၀၂၃ ခုနှစ် ဇူလိုင်လက ရုံတင်ထားတဲ့ ရုပ်ရှင်ဇာတ်ကားပါ။ ရုံတင်ကာလမှာ သုံးပတ်ဆက်တိုက် ရုံတင်ပြသခွင့်ရတဲ့ ဇာတ်ကားဖြစ်ပါတယ်။ မကြည့်လိုက်ရသေးတဲ့၊ ထပ်မံကြည့်ရှုလိုတဲ့ ပရိသတ်တွေအတွက် တစ်ပိုင်းတည်းအပြီး ရုပ်သံဇာတ်လမ်းအနေနဲ့ CANAL+ ZAT LENN ရုပ်သံလိုင်းကနေ ထုတ်လွှင့်ပေးမှာ ဖြစ်ပါတယ်။ ဇာတ်လမ်းကတော့ အချစ်ဟာသ ဇာတ်မြူးလေးပါ"ဟု သရုပ်ဆောင် ကျော်ထက်ဇော်က ပြောပြသည်။

သဲသဲလှုပ် ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ကျော်ထက်ဇော်၊ စိုးမြတ်သူဇာ၊ ရွှေမှုံရတီ၊ ယွန်းရွှေရည်နှင့် အနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားပြီး ဩဂုတ် ၁၇ ရက် ည ၇ နာရီ မိနစ် ၃၀ အချိန်တွင် CANAL+ ZAT LENN ရုပ်သံလိုင်းမှ ထုတ်လွှင့်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# The Batman-2 ဇာတ်ကားကို ၂၀၂၆ ခုနှစ် နွေရာသီတွင် စတင်ရိုက်ကူးရန်စီစဉ်ထား

နယူးယောက် ဩဂုတ် ၁၂

The Batman နောက်ဆက်တွဲ ဇာတ်ကားကို ၂၀၂၆ ခုနှစ် နွေရာသီတွင် စတင်ရိုက်ကူးရန် ဝါနာဘရားသားကုမ္ပဏီ စီစဉ်ထားကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် The Batman-2 ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဒါရိုက်တာ မက်ရီးဗက်က ရေးသားထားပြီးဖြစ်သည်ဟု ဝါနာဘရားသားကုမ္ပဏီက ကြေညာထားကြောင်း သိရသည်။

ဒါရိုက်တာ မက်ရီးဗက်ရိုက်ကူးခဲ့သော The Batman(2022) သည် အောင်မြင်မှုရခဲ့ပြီး ကမ္ဘာတစ်ဝန်းဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၇၇၀ ကျော် ရရှိခဲ့သည်။

The Batman(2022) တွင် မင်းသား ရောဘတ်ပက်တင်ဆန်က အဓိကဇာတ်ကောင် The Batman အဖြစ် သရုပ်ဆောင်ခဲ့သည်။

The Batman-2 ဇာတ်ကားတွင်လည်း မင်းသား ရောဘတ်ပက်တင်ဆန်ကပင် The Batman အဖြစ် သရုပ်ဆောင်မည်ဖြစ်ပြီး အဆိုပါ ဇာတ်ကားကို ၂၀၂၇ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ရုံတင်ပြသရန် ဝါနာဘရားသားကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲ Press Show ကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Kantharyar Shopping Center တွင် ပြုလုပ်

ရန်ကုန် ဩဂုတ် ၁၂

ဩဂုတ် ၁၈ ရက်မှ စတင်ကာ MRTV-4 ရုပ်သံလိုင်းမှ ထုတ်လွှင့်ပေးသွားမည့် သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲ Press Show ကို ဩဂုတ် ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ Kantharyar Shopping Center တွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းကို ဟေမာစန်းက ရေးဖွဲ့ထားကာ ဟေမာစန်း၊ အေးချမ်းမွန်နှင့် အေးမြတ်ချိုတို့က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကျော်မင်းသိမ်းက တာဝန်ယူပုံဖော် ရိုက်ကူးပေးထားကြောင်းလည်း သိရသည်။

"သံသယကင်းတဲ့အချစ် ဇာတ်လမ်းတွဲကို ပင်းတယမှာရှိတဲ့ တောင်ပေါ်မှာ ရိုက်ကူးခဲ့ရတာပါ။ ဒီဇာတ်လမ်းတွဲကို လွန်ခဲ့တဲ့




ညကနေ မနက်မိုးလင်းတဲ့အထိ ရိုက်ကူးခဲ့တာ အမှတ်တရပါပဲ။ တစ်နှစ်ကျော်လောက်က ရိုက်ခဲ့တာပါ။ အခုမှ ပြသဖြစ်တာပါ။ ဇာတ်လမ်းတွဲလေး ထုတ်လွှင့်ပြသရင်လဲ ဝေဖန်အားပေးကြပါအုံးလို့ ပြောချင်ပါတယ်"ဟု အဆိုပါရုပ်သံဇာတ်လမ်းတွဲတွင် ပါဝင် သရုပ်ဆောင်ထားသူ သရုပ်ဆောင် အောင်ပိုင်က ပြောပြသည်။

သံသယကင်းတဲ့အချစ် ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် အောင်ပိုင်၊ မိုးသူရ၊ ညီနန္ဒ၊ နေနီနွေးထွေး၊ မင်းသူ၊ Lucas၊ ငြိမ်းချမ်း၊ ကောင်းမြတ်၊ သက်ဦးကို၊ ကျော်မိုးပိုင်၊ ဆုလာဘ်၊ ထူးပြည့်အောင်၊ ခိုင်သဇင်ဝေ၊ ဖွန်လေးဖြူနှင့် အခြားအနုပညာရှင်များစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

ASH

# Spider-Man: Brand New Dayကို စကော့တလန်နိုင်ငံ ဂလပ်စဂိုမြို့၌ ရိုက်ကူးနေ

နယူးယောက် ဩဂုတ် ၁၂

Spider- Man: Brand New Day ရုပ်ရှင်ဇာတ်ကားကို စကော့တလန်နိုင်ငံ ဂလပ်စဂိုမြို့၌ ရိုက်ကူးနေကြောင်း ဩဂုတ် ၁၁ ရက် သတင်းများအရ သိရသည်။

Spider- Man: Brand New Day ဇာတ်ကား စတင်ရိုက်ကူးနေမှုကို ရိုက်ကွင်းနောက်ကွယ် ဓာတ်ပုံများဖြင့် ဆိုနီရုပ်ရှင်ကုမ္ပဏီက အတည်ပြုထားသည်။

အဆိုပါဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်ဒန်နီယယ်ခရက်တွန်က တာဝန်ယူရိုက်ကူးနေခြင်းဖြစ်ကြောင်း သိရသည်။

Spider - Man: Brand New Day ဇာတ်ကားတွင် မင်းသား တွမ်ဟော်လန်း၊ ဗွန်ဘန်းသဲ၊ ချာလီကော့၊ မင်းသမီး ဇန်ဒါးယားနှင့် ဆာဒီဆင့်တို့ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသည် မာဗယ်၏ Spider Man ရုပ်ပြဇာတ်ကောင်များကို အခြေခံရိုက်ကူးသည့် စတုတ္ထမြောက် Spider Man ဇာတ်ကားဖြစ်သည်။

၎င်းဇာတ်ကားကို ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသရန် ဆိုနီရုပ်ရှင်ကုမ္ပဏီက စီစဉ်ထားကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**



# ရောင်စဉ်လှိုင်းအမှတ်တရ Gentleman Night တေးဂီတဖျော်ဖြေပွဲကို မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR ၌ ပြုလုပ်မည်

ရန်ကုန် ဩဂုတ် ၁၂

ရောင်စဉ်လှိုင်းအမှတ်တရ Gentleman Night တေးဂီတဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ The Heart of Rangoon –THOR ၌ ဩဂုတ် ၁၄ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း အဆိုပါ တေးဂီတဖျော်ဖြေပွဲတွင် ပါဝင်သီဆိုဖျော်ဖြေမည့် တေးသံရှင် ခင်မောင်ထူးထံမှ သိရသည်။

ရောင်စဉ်လှိုင်းအမှတ်တရ Gentleman Night တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင် ဘိုဘိုဟန်၊ ခင်မောင်ထူး၊ ဂျမောင်မောင်၊ ကောင်းဆက်၊ မျိုးကျော့မြိုင်၊ ဂရေဟမ်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဖွဲ့ပြည့်၊ စစ်မာန်တို့ ပါဝင်ဖျော်ဖြေကြမည်ဖြစ်ပြီး တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့ Spectrum Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးမည်ဖြစ်ကြောင်းလည်း သိရသည်။

" The Heart of Rangoon – THOR မှာ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နဲ့အတူ ကိုဘိုဘိုဟန်၊ ဂျမောင်မောင်၊ ကောင်းဆက်၊ မျိုးကျော့မြိုင်၊ ဂရေဟမ်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဖွဲ့ပြည့်၊ စစ်မာန်တို့နဲ့ ဖျော်ဖြေတင်ဆက်သွားဖို့ ရှိပါတယ်။ တစ်ချိန်တစ်ခါက ရောင်စဉ်လှိုင်းနဲ့အတူ အောင်မြင်ခဲ့ဖူးတဲ့ တေးသီချင်းကောင်းများစွာကို ပြန်လည်ဆန်းသစ်သွားမှာပါ"ဟု တေးသံရှင် ခင်မောင်ထူးက ပြောပြသည်။

အဆိုပါ ရောင်စဉ်လှိုင်း အမှတ်တရ Gentleman Night တေးဂီတဖျော်ဖြေပွဲကို ဩဂုတ် ၁၄ ရက် ည ၆ နာရီ မိနစ် ၃၀ မှ ည ၉ နာရီထိ ဖျော်ဖြေတင်ဆက်သွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# State Security and Peace Commission holds meeting; Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers address

## Improve the country’s image by ensuring the best means for the election and strengthen the political path



Chairman of State Security and Peace Commission Senior General Min Aung Hlaing delivers address at the SSPC meeting.

**Nay Pyi Taw August 12**

The State Security and Peace Commission held a meeting this morning, with an address delivered by Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present were Vice Chairman of State Security and Peace Commission Vice-Senior General Soe Win, Commission member Prime Minister U Nyo Saw, Commission member Executive Chief U Aung Lin Dway, Commission Secretary Joint Executive Chief General Ye Win Oo, Commission members General Maung Maung Aye, Lt-Gen Tun Tun Naung, U Than Swe, Lt-Gen Yar Pyae, and General Kyaw Swa Lin.

In his keynote address, the Senior General said as for providing necessary guidance and effective co-ordination for the national defence, security and peace and successful holding of the multiparty democracy general election, the National Defence and Security Council set up and assigned the SSPC. The current goal of SSPC is the success of the multiparty democracy general election, convening of the parliament after the election and paving the way for the elected government to shoulder the State duties. The election will be held without fail. The task of enumerating the 2024 census, included in the preparations for correctness of voter list, has achieved success to a certain degree. As for the success of the election, the Election Commission was reformed and constituency-wise data and area-wise security data were collected.

The election will be held to convene the hluttaws at all levels. The Hluttaw will entrust the President, Vice-President and executive bodies and the Union level organizations assigned by the President with their relevant responsibilities, and finally, to assign the government. The successful holding of the election as per the law is of vital importance. The Election Law of Myanmar does not define the percentage of the voters required for the success of an election, and according to the studies other countries do the same. If the voter population exceeds 50 percent, it can be determined that the election includes the majority wish. Endeavours will be made for holding an honorable and successful election. In the global arena, voter turnout of the elections of certain countries may be lower than 50%, but the figure exceeds 50% in the elections of most countries.

Regarding the quorum for a parliamentary session, the Section 85 of the Constitution says, “The first day session of the Pyidaungsu Hluttaw shall be valid if more than half of the total number, who have the right to attend the session, is present. The valid sessions that are extended shall be valid if at least one-third of the Hluttaw representatives are present.” As for the attendance of a parliamentary session to reach 50%, the election will be held in all possible townships. Measures will be taken for all eligible voters to cast votes. An advanced voting system will be arranged for the displaced persons of the natural disaster-hit areas, and voting rights of the persons who are in the safe places will be ensured.

Measures will be taken for the political parties to launch canvassing campaigns during the election period. Parties should have the right to open offices and all eligible persons should also have the right to join their chosen party. The relevant organizations must conduct careful checks to prevent the occurrence of the extra number of party members through overlaps.

It is necessary to systematically supervise the qualifications of Hluttaw candidate representatives. As candidates conduct campaign activities, their security must be arranged and ensured by themselves. Moreover, within the specified timeframe, security guarantees must be provided to ensure that voting can be conducted safely according to the respective townships.

There may be individuals and groups, both domestic and foreign, who attempt to sabotage the successful conduct of the election. They may use various methods to undermine the election's success. Similarly, among foreign countries, some may support and welcome the holding of a multiparty democratic general election in Myanmar, while others may take a critical stance toward it. Therefore, the upcoming election must be conducted as a free and fair election, free from any immorality. To prevent any fraud, Myanmar electronic voting machines have been fully funded and implemented, ensuring that no form of misconduct can occur. Furthermore, necessary protection measures must be provided to political party members and candidate representatives participating in the election so that they can safely carry out their activities from the campaigning period through to the voting period.

Regarding the allegations and killings labeling government staff and the public as “informants,” such incidents may increase during the election period, so effective prevention and protective measures need to be implemented. Those who commit such acts must be collectively identified and exposed, and the judicial sector must expedite their prosecution. Since these are not ordinary cases but offenses that threaten the security of government staff and the public, swift and effective legal action is necessary.

According to current records, there are over seven million students attending schools nationwide. Among the schools that were open last year, some are unable to open this year, while some schools that could not open last year are able to open this year. It is necessary to focus on ensuring that schools currently operating are not closed unnecessarily due to natural disasters or other avoidable reasons. As the saying goes, “Let us ensure education sector for the development of the Nation,” education is very important for the country. A review of the schedules for the 2024-2025 and 2025-2026 academic years shows that all regions and states are experiencing insufficient student enrolment and weak grade promotion rates. Therefore, the relevant ministries need to conduct research and seek solutions to address the decline in education quality. The commission also emphasizes the need to prioritize improving education quality going forward.

Recently, there have been arrests related to illegal trade in border areas. Suppressing and preventing illegal trade will help uphold the rule of law and reduce armed terrorists. Armed terrorists in border regions use the profits collected from illegal trade to strengthen their forces, which undermines national stability and the rule of law. Therefore, all must effectively combat illegal trade to promote peace, stability, and the rule of law. Those responsible for exposing and preventing illegal trade must carry out their duties systematically and diligently with loyalty to the nation. Looking back at the country’s history, illegal trade routes have caused economic damage. Valuable national resources have been smuggled out through clandestine channels, and illegal goods smuggled in, preventing economic growth. In line with the motto “Let us encourage production for prosperity of the Nation,” only with productive industries can the national economy remain strong. Hence, efforts to promote production activities must continue. *See Page 13*

*From Page 12*

**Presentation by Relevant Sectors**

Subsequently, the Commission Secretary Joint Executive Chief presented an assessment of the feasibility of conducting multi-party democratic general elections in phases across regions and states at the township level, the distribution and usability of Myanmar Electronic Voting Machines (MEVMs), and matters related to security arrangements. The Commission Member Union Minister for Home Affairs provided comparative data on security and rule of law over the years, the establishment of public security and counter-terrorism units, and measures to enhance security to ensure the successful conduct of the elections. The Commission Member Chief of General Staff (Army, Navy and Air) discussed ongoing military operations and security activities in collaboration with regional military commands, efforts to strengthen territorial control to expand election activities at the township level, and plans for further implementation. The Commission Member Union Minister for Foreign Affairs outlined arrangements for enabling overseas voters to cast advance votes, noting that, based on election-related studies, out of 193 UN member states, 123 countries do not have provisions for advance voting, while 70 countries have adopted advance voting systems. Of these 70, 54 countries allow both domestic and overseas advance voting, while 16 permit only domestic advance voting. Furthermore, only 15 countries allow all voters to cast advance votes freely, while 55 countries specify particular categories of voters eligible for advance voting.

The Commission Vice Chairman presented details on the activities of opposing organizations and Ethnic Armed Organizations (EAOs) across regions and states, progress in military operations and security measures, and efforts by the military, public security, counter-terrorism units, and people's militia to combat drug trafficking, illegal smuggling, and other illicit activities.

**General Discussion**

Subsequently, Commission Member Prime Minister U Nyo Saw discussed the preparations by government ministries to ensure the successful conduct of the elections, as well as efforts to enhance public education. Commission Member Executive Chief U Aung Lin Dway reported on the transportation of MEVMs and the implementation of election laws and procedures. Commission Member Union Minister for Defence General Maung Maung Aye highlighted media efforts to raise public awareness about the use of MEVMs, emphasizing the need to encourage all eligible voters to participate and ensure the elections' success to advance the multi-party democratic system desired by the public.

**Supplementary Instructions**

Regarding the presentations, the Chairman of the State Security and Peace Commission instructed on the need to expand the number of townships where elections can be held, address military and security-related matters, implement phased elections, and arrange for the use of MEVMs. The Ministry of Home Affairs was directed to enhance security for political party personnel, party offices, and wards, as well as to ensure the competence of police force members. The Tatmadaw was tasked with supporting media campaigns and public education efforts to ensure the elections' success, while those who support democracy were urged to promote and support efforts to achieve a successful election outcome.

In the concluding remarks, the Chairman of the State Security and Peace Commission emphasized the priority of successfully conducting multi-party democratic elections. He noted that individuals and organizations opposing national stability and development might engage in disruptive acts or attacks to undermine the elections. Such actions could involve drug trafficking, online gambling, and other indirect attacks that could affect national and regional security. He stressed the importance of intensifying efforts to combat drug trafficking and effectively address online financial fraud, ensuring legal action based on thorough intelligence gathering. Security authorities, in collaboration with local administrative bodies and the public, were directed to decisively address these issues.

The commission, established to provide guidance and coordination for national defense, security, peace, and the successful conduct of multi-party democratic elections, urged all members to work tirelessly to ensure the success of these objectives. The meeting was then adjourned.

100

# Wetlet Township cultivates over 4,000 acres of rainfed peanuts

**Wetlet August 12**

A total of 4,260 acres of peanuts have been planted in Wetlet Township during this year rain crops planting season, according to the statistics of the Department of Agriculture for Wetlet Township.

Wetlet Township has planned to plant 5,986 acres of peanuts in the 2025-2026 rain crops planting season, and planting has begun since June this year, and 4,260 acres have been planted to date.

"We are also working to ensure that the target acres are met. As for oilseed crops, they are in a successful position. Peanut cultivation is increasing year by year," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

In Wetlet Township, one and a half baskets of peanut seeds are planted per acre, and the cultivation of peanuts costed more than 200,000 kyats, including the costs of seed, labour, fertilizer, and pesticides. It is reported that more than 50 baskets are produced per acre. 206

# Explainer: What to know about Trump's deployment of National Guard in Washington

**Washington August 12**

U.S. President Donald Trump declared on Monday a public safety emergency in Washington and ordered the deployment of the National Guard in the nation's capital, citing what he called a surge of violent crime and urban decay.

The order, invoking Section 740 of the Home Rule Act of 1973, temporarily placed Washington's police department under federal control and resulted in the deployment of 800 National Guard troops.

The White House argued that Washington faces one of the highest violent crime and robbery rates among large U.S. cities, citing a 2024 homicide rate of over 27 per 100,000 residents and vehicle thefts more than three times the national average. Trump pointed to homelessness, graffiti and infrastructure neglect as threats to public safety and federal operations.

The president did not provide a timeline for the control of the police department, but he is limited to 30 days under statute unless he gets approval from Congress. The takeover could also face challenges in court.

"We're going to take our capital back," Trump said at a White House press conference.

He also stressed the need to clear Washington's homeless encampments, but offered no plan for where the thousands of displaced people would go.

Speaking at a news conference on Monday, Washington Mayor Muriel Bowser called the president's decision to deploy the National Guard in the capital "unsettling and unprecedented" as she sought to reassert the city government's control over its police department.

Xinhua

# 49 Palestinians killed in Israeli attacks across Gaza: civil defense

**Gaza August 12**

At least 49 Palestinians were killed in Israeli attacks across the Gaza Strip on Tuesday, said the civil defense in Gaza.

Mahmoud Basal, the spokesperson for Gaza's civil defense, told Xinhua that 32 people were killed as a result of intensive Israeli airstrikes on the Zeitoun neighborhood, south of Gaza City.

Basal said that the Israeli army destroyed dozens of inhabited homes without prior warning in a "systematic" bombing campaign targeting the neighborhood.

The spokesperson added that civil defense crews are recovering the bodies of the dead under difficult security conditions resulting from the Israeli targeting of the neighborhood, which is densely populated with civilians.

In Khan Younis, in the southern Gaza Strip, five were killed in an Israeli airstrike that targeted a tent in the Al-Mawasi area, west of the city, according to Basal.

He said that three people were killed when Israeli aircraft targeted a gathering of Palestinians in the Sabra neighborhood in southern Gaza City, while four others were killed in another airstrike on an apartment in the Al-Sahaba area in the same city.

Basal indicated that five people were killed by Israeli army fire near U.S.-backed aid distribution centers, in the center and south of the Gaza Strip.

Xinhua

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## ဂျပန်နိုင်ငံက အစ္စရေးနိုင်ငံထုတ် အီလက်ထရွန်နစ်ထောက်လှမ်းရေးနှင့် စစ်ဆင်ရေးစနစ်ပါမောင်းသူမဲ့လေယာဉ်ကို စမ်းသပ်ခဲ့



ဂျပန်နိုင်ငံ Wakayama စီရင်စုရှိ Shirahama လေဆိပ်တွင် အစ္စရေးနိုင်ငံထုတ် Heron MK II မောင်းသူမဲ့လေယာဉ်ကိုစမ်းသပ်ပျံသန်းခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

Kawasaki Heavy Industries ကုမ္ပဏီထုတ် Heron MK II မောင်းသူမဲ့လေယာဉ်သည် အတောင်ပံအောက်တွင် ထူးခြားသော အင်တင်နာများနှင့် ကိုယ်ထည်တွင် ရှည်လျားသော အီလက်ထရွန်နစ် ထောက်လှမ်းရေးစနစ်များနှင့် အီလက်ထရွန်နစ် စစ်ဆင်ရေးများအတွက် ဒီဇိုင်းထုတ်ထားသည်။

အရှေ့အာရှဒေသတွင်း တင်းမာမှုများနှင့် ရေပိုင်နက်ဆိုင်ရာ ပြိုင်ဆိုင်မှုများကြောင့် ထောက်လှမ်းရေး၊ စောင့်ကြည့်ရေး၊ ပစ်မှတ်ရှာဖွေရေးနှင့် ကင်းထောက်ရေးစွမ်းရည်များကို အာရုံစိုက်နေချိန်တွင် ယခုကဲ့သို့စမ်းသပ်ခြင်းသည် ဂျပန်နိုင်ငံ၏ အဆင့်မြင့်မောင်းသူမဲ့စနစ်များကို အကဲဖြတ်ဆန်းစစ်ရာတွင် အရေးပါသော တိုးတက်မှုတစ်ရပ်ဖြစ်သည်။

အစ္စရေးနိုင်ငံ IAI ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် Heron MK II မောင်းသူမဲ့လေယာဉ်သည် အီလက်ထရွန်နစ်စစ်ဆင်ရေးနှင့် ဆက်သွယ်ရေး၊ ထောက်လှမ်းရေးတာဝန်များအပါအဝင် လုပ်ငန်းစဉ်မျိုးစုံအတွက် ဒီဇိုင်းထုတ်ထားသည့် အလယ်အလတ်အမြင့်ပျံ၊ လေထဲတွင် အချိန်ကြာ မြင့်စွာ ပျံသန်းနိုင်သော မောင်းသူမဲ့ လေယာဉ်တစ်မျိုးဖြစ်သည်။

၎င်းသည်ယခင်မော်ဒယ်နှင့် နှိုင်းယှဉ်ပါက ပျံတက်နှုန်း ၅၀ ရာခိုင်နှုန်းပိုမိုမြန်ဆန်ပြီး အမြန်ဆုံး အလျင်နှုန်း ၁၄၀ ကီလိုနော့၊ အမြင့်ဆုံး ပျံတက်နိုင်သည့် အလေးချိန် ၁၃၅၀ ကီလိုဂရမ်နှင့် payload အလေးချိန် ၄၇၀ ကီလိုဂရမ်ထိ သယ်ဆောင်နိုင်သည်။ ကျယ်ပြန့်သော ကိုယ်ထည်တည်ဆောက်မှုတွင် အဆင့်မြင့် စက်ကိရိယာများကို တပ်ဆင်နိုင်စေပြီး ၎င်း၏ဘက်စုံတပ်ဆင်နိုင်မှုများက လုပ်ငန်းစဉ် လိုအပ်ချက်များနှင့်အညီ ဂျပန်တပ်မတော်တွင် လျင်မြန်စွာအသုံးပြုလာခြင်းသည် ဂျပန်နိုင်ငံ၏ ကာကွယ်ရေးစစ်လက်နက်ပစ္စည်း၊ ဝယ်ယူရေးမဟာဗျူဟာနှင့် မဟာမိတ်များဖြစ်သော အမေရိကန်နှင့် ဥရောပနိုင်ငံများအပြင်ဘက်မှ မိတ်ဖက်များနှင့် ပူးပေါင်းလိုသည့်ဆန္ဒကို ထင်ဟပ်စေလျက်ရှိသည်။ ၎င်းလုပ်ဆောင်ချက်သည် မောင်းသူမဲ့စနစ်များတွင် ဒေသတွင်း ပိုမိုကျယ်ပြန့်စွာ ကြိုးပမ်းဆောင်ရွက်နေကြသည့်အခြေအနေ၌ နည်းပညာအသာစီးရရှိရန် ရည်ရွယ်ချက်ကိုပါ တွေ့မြင်ရပြီး ရန်လိုသည့် အင်အားစုများ၏ စစ်ဆင်ရေးဆိုင်ရာ တွက်ချက်မှုများကို ရှုပ်ထွေးသွားစေကာ မဟာမိတ်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မှုကို ခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၏ Heron MK II မောင်းသူမဲ့လေယာဉ်စမ်းသပ်မှုသည် လေကြောင်းထောက်လှမ်းရေးနှင့် စစ်ပွဲသဘာဝတို့ ပြောင်းလဲလာမှုကို ရှင်းလင်းစွာ အသိအမှတ်ပြုခြင်းကို ပြသနေသည်။ ဂျပန်နိုင်ငံ၏ လက်ရှိရေကြောင်းကင်းလှည့်စနစ်များကို အားဖြည့်ပေးသည့် အနေဖြင့် ဖြစ်စေ၊ သီးခြားအီလက်ထရွန်နစ် ထောက်လှမ်းရေးစနစ်အဖြစ်ဖြစ်စေ Heron MK II မောင်းသူမဲ့လေယာဉ်သည် ဂျပန်နိုင်ငံကို ရေကြောင်းချဉ်းကပ်မှု လမ်းကြောင်းတစ်လျှောက် ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို တုံ့ပြန် ရန်အတွက် လိုအပ်သော ကြိုတင် သတိပေးမှုများကို ပံ့ပိုးပေးနိုင်ကြောင်း သိရသည်။

**Japan Tests Israeli Heron MK II Drone Signaling Possible Shift in Regional Intelligence and Electronic Warfare**ကို ဘာသာပြန်ဆိုထားပါသည်။

## တူကီယဲထုတ် Baykar Akinci မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်က Eren နှင့် Alpagut ဒရုန်းများကို စမ်းသပ်ပစ်လွှတ်ခဲ့



တူကီယဲကာကွယ်ရေးကုမ္ပဏီ Baykar သည် ၎င်း၏ Baykar Akinci မောင်းသူမဲ့တိုက်ခိုက်ရေးလေယာဉ်က Eren နှင့် Alpagut ဒရုန်းများကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့ကြောင်း Army Recognition သတင်းဌာနက ဩဂုတ် ၁၁ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းမောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်သည် ပြည်တွင်းထုတ် ကာမီကာဇီ တိုက်ခိုက်ရေးဒရုန်း အသစ်နှစ်မျိုးဖြစ်သည့် Eren နှင့် Alpagut ဒရုန်းတို့ကို လုပ်ငန်းစဉ်တစ်ခုတည်းတွင် ပထမဆုံးအကြိမ်အဖြစ်အောင်မြင်စွာ ပစ်လွှတ်နိုင်ခဲ့သည်။ Sinop ကမ်းလွန်ပင်လယ်ပြင်ရှိ ပစ်မှတ်များအပေါ် စမ်းသပ်မှုများ ပြုလုပ်ခဲ့ကာ လေကြောင်းနှင့် မြေပြင်ပစ်မှတ်နှစ်ခုစလုံးကို တိုက်ခိုက်နိုင်သည့်စနစ်များဖြင့် တူကီယဲနိုင်ငံ ပြည်တွင်းထုတ်တိုက်ခိုက်ရေးဒရုန်းလက်နက်များ အဆင့်မြှင့်တင်ရန် တွန်းအားပေးလုပ်ဆောင်နေသည်ကို ပြသနေသည်။ ယခုကဲ့သို့ တိုးတက်မှုသည် တိုက်ခိုက်ရေးဒရုန်းလက်နက်ဈေးကွက်တွင် Baykar ကုမ္ပဏီ၏ ရပ်တည်မှုကိုလည်း ခိုင်မာစေကြောင်း သိရသည်။

Eren နှင့် Alpagut ဒရုန်းတို့သည် Akinci မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်နှင့် ပေါင်းစပ်၍ အသုံးပြုနိုင်မည်ဖြစ်သည်။ Roketsan ကုမ္ပဏီမှ ထုတ်လုပ်ထားသည့် Erenဒရုန်းသည် အင်ဂျင်တပ်၊ မြန်နှုန်းမြင့်၊ မစ်ရှင်မျိုးစုံဆောင်ရွက်နိုင်သည့် အလေးချိန် ၃၅ ကီလိုဂရမ်ရှိသော တိုက်ခိုက်ရေးဒရုန်း ဖြစ်ပြီး အကွာအဝေး ၁၀၀ ကီလိုမီတာကျော်ထိ တိုက်ပွဲဝင်နိုင်စွမ်းရှိသည်။ ၎င်းသည် ရွေ့လျားမှုနှေးသော လေထဲမှ ပစ်မှတ်များနှင့် မြေပြင်ပစ်မှတ်အမျိုးမျိုးကို တိုက်ခိုက်နိုင်ကြောင်း သိရသည်။

Baykar၏ မိတ်ဖက်ဖြစ်သော Roketsan နှင့် STM ကုမ္ပဏီတို့မှ ပူးတွဲထုတ်လုပ်သည့် Alpagut ဒရုန်းသည် လျှပ်စစ်မော်တာဖြင့် မောင်းနှင်ပြီး ၁၁ ကီလိုဂရမ်ရှိထိပ်ဖူးကို ပုံစံအမျိုးမျိုးဖြင့် သယ်ဆောင်နိုင်သည်။ ၎င်းသည် အကွာအဝေး ၆၀ ကီလိုမီတာကျော်တွင် မိနစ် ၆၀ ကျော်ကြာ ပျံသန်းနိုင်စွမ်းရှိသည်။ ၎င်းကာမီကာဇီတိုက်ခိုက်ရေး ဒရုန်းနှစ်မျိုးလုံးကို မောင်းသူမဲ့တိုက်ခိုက်ရေး လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ရေတပ်သုံးစစ်ရေယာဉ်များပေါ်မှ ပစ်လွှတ်နိုင်ပြီး စစ်ဆင်ရေးမျိုးစုံတွင် လိုက်လျောညီထွေရှိစွာ အသုံးပြုနိုင်သည်။

စစ်ဆင်ရေးရှုထောင့်မှ ကြည့်လျှင် Erenဒရုန်း၏ အမြန်နှုန်းနှင့် ပစ်မှတ်မျိုးစုံကို တိုက်ခိုက်နိုင်မှုတို့ကို Alpagut ဒရုန်း၏ လေထဲတွင် ကြာရှည်နေနိုင်စွမ်း၊ စုပြုံတိုက်ခိုက်နိုင်စွမ်းတို့နှင့်ပေါင်းစပ်လိုက်ခြင်းသည် အခြားပြိုင်ဘက်စနစ်များတွင် ရှားရှားပါးပါးတွေ့ရခဲ့သည့် စွယ်စုံရမှုကို အထင်းသားတွေ့မြင်ရမည်ဖြစ်သည်။

Eren နှင့် Alpagut ဒရုန်းနှစ်မျိုးစလုံးကို စမ်းသပ်ပစ်လွှတ်ခြင်းကို အောင်မြင်စွာ ပြသနိုင်ခဲ့ခြင်းဖြင့် Baykar ကုမ္ပဏီနှင့်၎င်း၏ မိတ်ဖက်ကုမ္ပဏီများဖြစ်သည့် Roketsan နှင့် STM တို့သည် မောင်းသူမဲ့လေကြောင်း တိုက်ခိုက်ရေးစွယ်စုံရမှုတွင် တိုးတက်ဖွံ့ဖြိုးမှုများကို ထုတ်ဖော်ပြသနိုင်ခဲ့ခြင်းလည်းဖြစ်သည်။ အဆိုပါအောင်မြင်မှုသည် တူကီယဲနိုင်ငံ၏ ကမ္ဘာ့ဒရုန်းလုပ်ငန်းတွင် အရေးပါသော နိုင်ငံတစ်နိုင်ငံအဖြစ်ရပ်တည်မှုကို ခိုင်မာစေရုံသာမကဘဲ လုပ်ငန်းစဉ်နှစ်ခုအတွက် မတူညီသော စွမ်းဆောင်ရည်ရှိသည့် တိုက်ခိုက်ရေးလက်နက်များကို သယ်ဆောင်ပစ်လွှတ်နိုင်သည့် မောင်းသူမဲ့ တိုက်ခိုက်ရေးလေယာဉ်၏ စစ်ဆင်ရေးပုံစံသစ်တစ်ခုကို ပိုင်ဆိုင်ထားနိုင်ပြီဖြစ်ကြောင်း သိရသည်။

**Türkiye's Baykar Akinci Dro- ne Successfully Tests Eren and Alpagut Loitering Munitions Expanding Dual-Role Strike Capability** ကို ဘာသာပြန်ဆိုထားပါသည်။

မင်းမျိုး

# ကန့်ဘလူမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၉၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကန့်ဘလူ ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း ၈၉၂၆၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကန့်ဘလူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်း ဧက ၇၅၀ စုစုပေါင်း ၈၉၆၈၁ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၈၈၉၃၁ ဧကနှင့် ဖူးစားပြောင်း ၃၃၃ ဧက စုစုပေါင်း ၈၉၂၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကန့်ဘလူမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၉၆၈၁ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၈၉၂၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့၊ ပြောင်းသီးနှံတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေဖို့အတွက် အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်" ဟု ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

ကန့်ဘလူမြို့နယ်၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စိုက်ပျိုးရာတွင် အစေ့ထုတ်ပြောင်း တစ်ဧကလျှင် တင်း ၅၀ ကျော် ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ် ငါးသိန်း ကုန်ကျစရိတ်ရှိကြောင်း၊ ဖူးစားပြောင်း တစ်ဧကလျှင် ပြောင်းဖူးရေ ၁၅၀၀၀ ထွက်ရှိပြီး တစ်ဧကစိုက်ပျိုးပါက ငွေကျပ်ငါးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံများကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်၍ ပြောင်းသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်း စိုက်ပျိုးကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးဇော်က ပြောပြသည်။

(၂၀၆)

# ငပုတောမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေ



**ငပုတော ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် တီလားဗီးယားငါးများ အရောင်းအဝယ်ကောင်းမွန်နေကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြ၍ သိရသည်။

ငပုတောမြို့နယ်တွင် ဒေသထွက် တီလားဗီးယားငါးများကို ဩဂုတ်လပထမပတ်မှ စတင်ကာ ယနေ့ထိ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ တီလားဗီးယားငါးများ တစ်ရက်လျှင် ပိဿာချိန် ၄၀၀၀ မှ ၅၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"လက်ရှိ တီလားဗီးယားငါးတွေ အဝယ်လိုက်နေပါတယ်။ အခြားဒေသက ဝယ်လက်တွေက အဝယ်များနေပါတယ်။ ငပုတောမြို့နယ်ကနေ အခြားဒေသတွေကို ပိဿာချိန်များများ တင်ပို့နေရလို့ အရောင်းအဝယ် ကောင်းနေပါတယ်။ ဒေသထွက် တီလားဗီးယားငါးတွေက ရောင်းပန်းလှပြီးအကင်ဆိုင်တွေ၊ ပင်လယ်စာဆိုင်တွေရဲ့ အကြိုက်ပါ။ လက်ရှိ အရောင်းအဝယ် ကောင်းနေတာကြောင့် ရေလုပ်ငန်း၊ ငါးလုပ်ငန်းနဲ့ ဆက်စပ်သူတွေအားလုံး အဆင်ပြေနေပါတယ်"ဟု ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ပြောပြသည်။

ငပုတောမြို့နယ်မှ ထွက်ရှိပြီး အရောင်းအဝယ် ကောင်းမွန်နေသည့် တီလားဗီးယားငါး တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ ဒေသထွက် တီလားဗီးယားငါးများ အပါအဝင် အခြားရေထွက်ကုန်များကို ဝါးခယ်မဈေးကွက်အပြင် ပုသိမ်၊ မြောင်းမြ စသည့်ဒေသများသို့တင်ပို့ရောင်းချနေကြောင်း ငပုတောမြို့နယ် ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ခင်ခင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မြစ်သားမြို့နယ် ကျောက်ကုန်းကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မြစ်သား ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ခန္တောကျေးရွာအုပ်စု ကျောက်ကုန်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း(VDP)မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP)၏ လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာသည့် ကျေးရွာသူ၊ ကျေးရွာသားများ၏အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း ကော်မတီဝင် ကိုးဦးကို ရွေးချယ်၍ကော်မတီဝင်များ လိုက်နာရမည့်စည်းကမ်းချက်များကို ဆွေးနွေးပြောကြားသည်။

အဆိုပါကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်သုံးသန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**




# သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး



**သရက် ဩဂုတ် ၁၂**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပိတောက်ပင်ကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းဦး၊ သရက်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမိုးဝင်း၊ သရက်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းနှင့် ဝန်ထမ်းများက ပိတောက်ပင်ကျေးရွာ၌ မြေသားရေကန်အတွက် နုန်းထိန်းတမံတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်ဦးစီးမှူး ဦးယုနိုင်လင်းက လုပ်ငန်းတိုးတက်မှုအခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီးနောက် ခရိုင်အုပ်ချုပ်ရေးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် ပိတောက်ပင်ကျေးရွာ၌ အရှည်ပေ ၆၀၊ အကျယ်နှစ်ပေ ခြောက်လက်မ၊ အမြင့်ခြောက်ပေရှိ မြေသားရေကန်အတွက် နုန်းထိန်းတမံတည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၂၄ ဒသမ ၈ သန်းအသုံးပြုပြီး ရွှေမန်း(မကွေး)ကုမ္ပဏီက ယခုနှစ် ဇူလိုင် ၁၅ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၂၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပါက ပိတောက်ပင်ကျေးရွာရှိ အိမ်ခြေ ၃၃၈ အိမ်မှ လူ ၁၃၅၇ ဦးတို့သည် သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာ ရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမိုးဝင်းက ပြောပြ၍ သိရသည်။

**ကိုညို**




ရှေ့ဖုံးမှအဆက်

နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးတို့အတွက် လိုအပ်သည့် လမ်းညွှန်မှုများပြုလုပ်နိုင်ရန်နှင့် ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊** မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် ရွေးကောက်ပွဲ ကျင်းပပြီးစီးချိန်တွင် လွှတ်တော်ခေါ်ယူ၍ ထွက်ပေါ်လာသည့် အစိုးရအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးရေးပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကို မဖြစ်ဖြစ်အောင် ဆောင်ရွက်ပေးသွားရမည်ဖြစ်ပြီး မဲစာရင်းများ မှန်ကန်မှုရှိစေရေး ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများတွင် ပါဝင်သည့် ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်း ကောက်ယူခြင်းကိုလည်း အတိုင်းအတာတစ်ခုအထိ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲကော်မရှင်ကို အသစ်ပြန်လည်ဖွဲ့စည်းဆောင်ရွက်သကဲ့သို့ မဲဆန္ဒနယ်များ အလိုက် အချက်အလက်များကောက်ယူခြင်းနှင့် နယ်မြေများအလိုက် လုံခြုံရေးဆိုင်ရာ အချက်အလက်များရယူခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ရွေးကောက်ပွဲကျင်းပပြုလုပ်ခြင်းသည် လွှတ်တော်အသီးသီးကို ခေါ်ယူဖွဲ့စည်းနိုင်ရန် ဖြစ်ကြောင်း၊ လွှတ်တော်မှနေ၍ သမ္မတ၊ ဒုတိယသမ္မတ၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ သမ္မတမှ တာဝန်ပေးအပ်သည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများတွင် တာဝန်ပေးအပ်ပြီး အစိုးရအဖွဲ့တာဝန်ပေးအပ်နိုင်အောင် ဆောင်ရွက်ရခြင်းဖြစ်သည့်အတွက် ရွေးကောက်ပွဲအထမြောက်ရန်နှင့် ဥပဒေနှင့်ညီညွတ်ရန် အရေးကြီးကြောင်း။

ရွေးကောက်ပွဲဥပဒေတွင် ဆန္ဒမဲပေးသူမည်သည့်ရာခိုင်နှုန်းရှိမှ ရွေးကောက်ပွဲ အောင်မြင်မည်ဟု သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိကြောင်း၊ အခြားနိုင်ငံများတွင်လည်း ထိုသို့သတ်မှတ်ထားခြင်းမရှိဟု လေ့လာသိရှိရကြောင်း၊ ၅၀ ရာခိုင်နှုန်းနှင့်အထက် ဆန္ဒမဲပေးနိုင်မည်ဆိုပါက လူထုအများစု၏ ဆန္ဒပါဝင်သည်ဟု သတ်မှတ်နိုင်မည်ဖြစ်ကြောင်း၊ သိက္ခာရှိသည့် ရွေးကောက်ပွဲ၊ အောင်မြင်သည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာ၌ ရွေးကောက်ပွဲကျင်းပရာတွင် ၅၀ ရာခိုင်နှုန်းအောက်မဲပေးခဲ့သည့် နိုင်ငံများလည်းရှိသကဲ့သို့ အများစုမှာ ၅၀ ရာခိုင်နှုန်းအထက် ဆန္ဒမဲပေးကြသည်ကို လေ့လာတွေ့ရှိရကြောင်း။

လွှတ်တော်အစည်းအဝေး အထမြောက်ရန်အတွက် လိုအပ်သည့် ကိုယ်စားလှယ်များရရှိရေးနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၈၅)တွင် ပထမဆုံး လွှတ်တော်အစည်းအဝေးကျင်းပရာ၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ဦးရေ၏ ထက်ဝက်ကျော်တက်ရောက်ပါက အစည်းအဝေးအထမြောက်မည်ဟု ဖော်ပြပါရှိကြောင်း၊ အထမမြောက်ပါက ဒုတိယအကြိမ် အစည်းအဝေး၌ လွှတ်တော်တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်များအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်ပါက ဒုတိယအကြိမ် အစည်းအဝေးအထမြောက်သည်ဟု ဖော်ပြပါရှိကြောင်း၊ ထို့ကြောင့် လွှတ်တော်အစည်းအဝေးကျင်းပချိန်တွင် အနည်းဆုံး လွှတ်တော်ကိုယ်စားလှယ် ၅၀ ရာခိုင်နှုန်း တက်ရောက်နိုင်ရေး မိမိတို့အနေဖြင့် ရွေးကောက်ပွဲဆောင်ရွက်နိုင်သည့် မြို့နယ်များအားလုံး၌ ရွေးကောက်ပွဲကျင်းပနိုင်ရေး ရည်မှန်းဆောင်ရွက်လျက်ရှိကြောင်း၊ မဲပေးခွင့်ရှိသူ ပြည်သူများအားလုံး ဆန္ဒမဲပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်သကဲ့သို့ သဘာဝဘေးအန္တရာယ်ကြောင့် ရွှေ့ပြောင်းနေထိုင်နေရသည့် မဲဆန္ဒရှင်များလည်း ကြိုတင်မဲများဖြင့် ဆန္ဒမဲများပေးအပ်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဘေးအန္တရာယ်ကင်းရှင်းသည့် နေရာတွင် ရောက်ရှိနေသည့် ဆန္ဒမဲပေးခွင့်ရှိသူများ အားလုံး မဲပေးခွင့်များမဆုံးရှုံးအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲကျင်းပချိန်တွင် ပါဝင်ယှဉ်ပြိုင်ကြမည့် နိုင်ငံရေးပါတီများကိုလည်း မဲစည်းရုံးခြင်းလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်အတွက် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ပါတီရုံးဖွင့်ခွင့်များရရှိရေး၊ ပါတီဝင်ခွင့်ရှိသူများ ပါတီဝင်ခွင့်ရရှိရေး ဆောင်ရွက်ပေးရန်လိုသကဲ့သို့ ပါတီ နှစ်ပါတီ၊ သုံးပါတီထပ်၍ ပါတီဝင်များ ဖောင်းပွမှုမရှိစေရေးအတွက်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက စိစစ်ကြပ်မတ်သွားရန် လိုကြောင်း။

လွှတ်တော် ကိုယ်စားလှယ်လောင်း အရည်အချင်းသတ်မှတ်ချက်များနှင့် ပတ်သက်၍လည်း စနစ်တကျစိစစ်ကြပ်မတ် ဆောင်ရွက်သွားရန်လိုကြောင်း၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးခြင်းများဆောင်ရွက်ချိန်တွင် ၎င်းတို့၏ လုံခြုံရေးအတွက် မိမိတို့အနေဖြင့် စီစဉ်ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသည့် အချိန်ကာလအတွင်း သက်ဆိုင်ရာမြို့နယ်များအလိုက် ဆန္ဒမဲပေးနိုင်ရေး လုံခြုံရေးအရ အာမခံချက်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

ရွေးကောက်ပွဲဖြစ်မြောက်မှုမရှိစေရေး ပြည်တွင်း၊ ပြည်ပမှ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်လာမည့်သူများ၊ အဖွဲ့အစည်းများလည်း ရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး နည်းလမ်းပေါင်းစုံဖြင့် လုပ်ဆောင်လာနိုင်ကြောင်း၊ အလားတူ ပြည်ပနိုင်ငံများအနေဖြင့်လည်း မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်မည့်အပေါ် ထောက်ခံအားပေးသည့်၊ အပြုသဘောဆောင်သည့် နိုင်ငံများရှိသကဲ့သို့ ရွေးကောက်ပွဲအပေါ် စောဒကတက်သည့်နိုင်ငံများလည်းရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် **ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့် ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲမသမာမှုမရှိစေရေး အတွက်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက်များကို ငွေကြေးအကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည်မဟုတ်ကြောင်း၊ ရွေးကောက်ပွဲတွင်ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့် ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။**

နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုတို့အား ဒလန်ဟုစွပ်စွဲ၍ သတ်ဖြတ်နေမှုများနှင့်ပတ်သက်၍လည်း ရွေးကောက်ပွဲကာလတွင် ပိုမိုဖြစ်ပေါ်လာနိုင်သဖြင့် ထိရောက်သည့် ဟန့်တားကာကွယ်မှုများ ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ လုပ်ဆောင်ကျူးလွန်သူများကိုလည်း ဝိုင်းဝန်းပူးပေါင်းဖော်ထုတ်ရမည်ဖြစ်ပြီး တရားစီရင်ရေးကဏ္ဍအနေဖြင့်လည်း အမြန်ဆုံး တရားစီရင်နိုင်ရန်လိုအပ်မည်ဖြစ်ကြောင်း၊ သာမန်အမှုအခင်းမျိုးမဟုတ်ဘဲ နိုင်ငံ့ဝန်ထမ်းများ၊ ပြည်သူလူထုများ၏ လုံခြုံရေးကို ထိခိုက်စေမည့် ကျူးလွန်မှုဖြစ်သဖြင့် ထိရောက်သည့်တရားစီရင်မှုများဖြင့် အမြန်ဆုံး တရားစီရင်နိုင်ရန် လိုအပ်မည်ဖြစ်ကြောင်း။

ကျောင်းများ ဖွင့်လှစ်သင်ကြားပေးနိုင်မှုနှင့်ပတ်သက်၍ လက်ရှိအချိန်အထိ စာရင်းများအရ တစ်နိုင်ငံလုံးတွင် လက်ရှိ ကျောင်းတက်ရောက်နေသူဦးရေ ခုနစ်သန်းကျော်ခန့်ရှိသည်ဟု သိရှိရကြောင်း၊ ယခင်နှစ်က ဖွင့်လှစ်သင်ကြားခဲ့သည့် စာသင်ကျောင်းများ အနက် ယခုနှစ်တွင် မဖွင့်လှစ်နိုင်သည့် ကျောင်းများရှိသကဲ့သို့ ယခင်နှစ်တွင် ဖွင့်လှစ်နိုင်မှုမရှိခဲ့သည့် ကျောင်းများအနေဖြင့် ယခုနှစ်တွင် ဖွင့်လှစ်နိုင်သည်များလည်းရှိကြောင်း၊ မိမိတို့အနေဖြင့် လက်ရှိဖွင့်လှစ်သင်ကြားနေသည့်ကျောင်းများအား သဘာဝဘေးအန္တရာယ်ကြောင့် မဖြစ်မနေပိတ်ရသည်မှအပ ကျောင်းပိတ်ရခြင်းများမရှိစေရေး အလေးထားအားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ **"နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးအားပေးစို့"** ဟူသည့်အတိုင်း ပညာရေးသည် နိုင်ငံအတွက်အလွန် အရေးကြီးကြောင်း၊ ပညာရေးနှင့်ပတ်သက်၍ ၂၀၂၄-၂၀၂၅ ခုနှစ်၊ ၂၀၂၅-၂၀၂၆ ခုနှစ် စာရင်းဇယားများကို ကြည့်ရှုခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များအားလုံးအနေဖြင့် ကျောင်းတက်ရောက်သူဦးရေမပြည့်မီခြင်း၊ တန်းစဉ်ကူးပြောင်းမှုအားနည်းခြင်းများကို တွေ့မြင်ရကြောင်း၊ သို့ဖြစ်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် ပညာရေးအားနည်းလာမှုအပေါ် သုတေသနပြုလုပ်အဖြေရှာသွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့ ကော်မရှင်အနေဖြင့်လည်း ပညာရေးအားကောင်းလာစေရန် အထူးအလေးပေးဆောင်ရွက်သွားရန် လိုအပ်မည်ဟု ပြောကြားလိုကြောင်း။

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးနှင့်ပတ်သက်၍ လတ်တလောကာလအတွင်း နယ်စပ်ဒေသများတွင် တရားမဝင်ကုန်သွယ်မှုများ ဖမ်းဆီးရမိမှုများရှိကြောင်း၊ တရားမဝင်ကုန်သွယ်မှုများကို တိုက်ဖျက်တားဆီးခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကို ဖြစ်ပေါ်စေနိုင်မည်ဖြစ်သကဲ့သို့ လက်နက်ကိုင်အကြမ်းဖက်မှုများကိုလည်း လျော့ကျလာစေနိုင်မည်ဖြစ်ကြောင်း၊ နယ်စပ်ဒေသများရှိ လက်နက်ကိုင် အကြမ်းဖက်သမားများအနေဖြင့် တရားမဝင်ကုန်သွယ်မှုများမှ ကောက်ခံရရှိနေသည့် ဆက်ကြေးများဖြင့် ၎င်းတို့အင်အားကို ပိုမိုတည်ဆောက်လာမည်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့်

> **ကျင်းပမည့်ရွေးကောက်ပွဲသည် လွတ်လပ်၍တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး၊ မသမာမှုကင်းရှင်းသည့်ရွေးကောက်ပွဲဖြစ်စေရေး ဆောင်ရွက်သွားရမည်ဖြစ်၊ မဲမသမာမှုမရှိစေရေးအတွက်လည်း မြန်မာအီလက်ထရောနစ် မဲပေးစက်များကို ငွေကြေး အကုန်အကျခံ၍ ဆောင်ရွက်ထားခြင်းဖြစ်ပြီး မည်ကဲ့သို့သော မသမာမှုမျိုးမျှ ဆောင်ရွက်နိုင်မည်မဟုတ် . . .**
>
> **ရွေးကောက်ပွဲတွင်ပါဝင်မည့် နိုင်ငံရေးပါတီဝင်များ၊ ကိုယ်စားလှယ်လောင်းများအနေဖြင့် မဲဆွယ်စည်းရုံးသည့်ကာလမှ မဲပေးသည့်ကာလအထိ လုံခြုံစွာဖြင့် လုပ်ကိုင်ဆောင်ရွက်နိုင်ရေး လိုအပ်သည့်ကာကွယ်ပေးမှုများကိုလည်း ဆောင်ရွက်ပေးသွားရမည်ဖြစ် . . .**

# နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၂**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် တစ်နှစ်နီးပါးပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများကို ၂၀၂၅ ခုနှစ် ဇူလိုင်၂၅ ရက်မှစ၍ ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသား၊



နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများကို ကျောင်းအပ်လက်ခံစဉ်။

ကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် အခြေခံပညာကျောင်း ရှစ်ကျောင်း ထပ်မံဖွင့်လှစ်နိုင်ခဲ့သဖြင့် နောင်ချိုမြို့နယ်အတွင်း အခြေခံပညာကျောင်းပေါင်း ၆၁ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီး ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ ၈၅၆ ဦး ထပ်မံ၍ ကျောင်းအပ်နှံသဖြင့် စုစုပေါင်း ကျောင်းသား၊ ကျောင်းသူ

တရားမဝင်ကုန်သွယ်မှုများကို ထိထိရောက်ရောက်တိုက်ဖျက်ခြင်းဖြင့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုဆောင်ရွက်နေမှုများကို ဖော်ထုတ်တားဆီးရန် တာဝန်ရှိသူများအနေဖြင့်လည်း စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်မည်ဖြစ်ပြီး နိုင်ငံတော်အပေါ် သစ္စာရှိစွာဖြင့် တာဝန်ကိုကျေပွန်အောင် ထမ်းဆောင်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏သမိုင်းကြောင်းကို ပြန်ကြည့်မည်ဆိုပါကလည်း တရားမဝင်ကုန်သွယ်မှုလမ်းကြောင်းများကြောင့် နိုင်ငံတော်၏ စီးပွားရေးပျက်ခဲ့ရသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှိ အဖိုးတန် သယံဇာတများကို မှောင်ခိုလမ်းကြောင်းများမှ ခိုးထုတ်ပြီး တရားမဝင်ကုန်စည်များကို ခိုးသွင်းခြင်းများ ဆောင်ရွက်ခဲ့ကြသဖြင့် စီးပွားရေးအား ကောင်းလာမှုမရှိခြင်းဖြစ်ကြောင်း၊ **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကုန်ထုတ်လုပ်မှုရှိမှသာလျှင် နိုင်ငံ့စီးပွားရေးသည်လည်း အစဉ် အားကောင်းနေနိုင်မည်ဖြစ်သဖြင့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

### သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြ

ထို့နောက် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ်က တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် မြို့နယ်များ၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပနိုင်မည့် အခြေအနေသုံးသပ်ချက်၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များ ဖြန့်ခွဲအသုံးပြုနိုင်မှု၊ လုံခြုံရေးပိုင်းဆိုင်ရာ ဆောင်ရွက်ရမည့် အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက နှစ်အလိုက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ နှိုင်းယှဉ်ချက်များ၊ ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်မှုနှိမ်နင်းရေး အဖွဲ့များဖွဲ့စည်းထားရှိမှု၊ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်သွားမည့် အစီအမံများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) က တိုင်းစစ်ဌာနချုပ်များနှင့် နယ်မြေအလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မြို့နယ်များအလိုက် ရွေးကောက်ပွဲများ ပိုမိုတိုးချဲ့ကျင်းပနိုင်ရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်လျက်ရှိမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြည်ပမဲဆန္ဒရှင်များအတွက် ကြိုတင်မဲပေးနိုင်ရေး ဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာ လေ့လာဆန်းစစ်ချက်များအရ ကုလသမဂ္ဂအဖွဲ့ဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၉၃ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ပြဋ္ဌာန်းချက်မရှိသည့် နိုင်ငံ ၁၂၃ နိုင်ငံရှိပြီး နိုင်ငံပေါင်း ၇၀ တွင် ကြိုတင်မဲပေးခြင်းစနစ် လက်ခံကျင့်သုံးလျက်ရှိမှု၊ ထိုနိုင်ငံ ၇၀ အနက် ၅၄ နိုင်ငံတွင် ပြည်တွင်းနှင့်ပြည်ပ ကြိုတင်မဲနှစ်မျိုးလုံးခွင့်ပြုပြီး ၁၆ နိုင်ငံတွင် ပြည်တွင်းကြိုတင် မဲသာခွင့်ပြုထားမှု၊ ထိုသို့ ကြိုတင်မဲပေးခွင့်ပြုရာတွင်လည်း နိုင်ငံ ၁၅ နိုင်ငံကသာ မဲဆန္ဒရှင်များအားလုံးကို လွတ်လပ်စွာ ကြိုတင်မဲပေးခွင့်ပြုထားပြီး ကျန်နိုင်ငံ ၅၅ နိုင်ငံတွင် ကြိုတင်မဲပေးခွင့်ရှိသူ မဲဆန္ဒရှင်အမျိုးအစားများကို သီးခြားသတ်မှတ်ထားမှုများနှင့် ပတ်သက်၍လည်းကောင်း ရှင်းလင်းတင်ပြသည်။

ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌက တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ EAO များ၏ လှုပ်ရှားမှုများ၊ တပ်မတော်အနေဖြင့် စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာများတွင် တိုးတက်မှုများရရှိအောင် ဆောင်ရွက်နိုင်မှုများ၊ မူးယစ်ဆေးဝါးနှင့် တရားမဝင် မှောင်ခိုလုပ်ငန်းများ၊ တရားမဝင်လုပ်ငန်းများ နှိမ်နင်းရေးဆောင်ရွက်မှုများကို တပ်မတော်နှင့် ပြည်သူ့လုံခြုံရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့၊ ပြည်သူ့စစ်အဖွဲ့များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### အထွေထွေဆွေးနွေး

ထို့နောက် ကော်မရှင်အဖွဲ့ဝင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောက ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အစိုးရအဖွဲ့ဝန်ကြီးဌာနများ၏ ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေများ၊ ပညာရည်မြှင့်တင်ရေး ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကော်မရှင်အဖွဲ့ဝင် အမှုဆောင်ချုပ် ဦးအောင်လင်းဒွေးက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ ပို့ဆောင်နေမှုအခြေအနေများ၊ ရွေးကောက်ပွဲနည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်နေမှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေးက မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM) များ အသုံးပြုမှုနှင့်ပတ်သက်၍ ပြည်သူများ သိရှိနားလည်စေရေး မီဒီယာများမှ အသိပညာပေးလျက်ရှိမှု၊ ဆန္ဒမဲပေးခွင့်ရှိသည့် ပြည်သူများအားလုံး ဆန္ဒမဲပေးကြစေရေး၊ ရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပဆောင်ရွက်နိုင်မှသာ ပြည်သူများလိုလားတောင့်တလျက်ရှိသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်မာစွာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်မည့် အခြေအနေများအား အများပြည်သူသိရှိအောင် ဆောင်ရွက်သွားရန်လိုအပ်မှု အခြေအနေများနှင့် ပတ်သက်၍လည်းကောင်းရှင်းလင်းတင်ပြကြသည်။

### ဖြည့်စွက်မှာကြား

တင်ပြမှုများနှင့်စပ်လျဉ်း၍ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပနိုင်မည့် မြို့နယ်များ ပိုမိုတိုးတက်ရရှိရေး ဆောင်ရွက်ရမည့် စစ်ဆင်ရေး၊ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ ရွေးကောက်ပွဲအား အပိုင်းလိုက်ကျင်းပပြုလုပ်သွားမည့် အခြေအနေများနှင့် မြန်မာအီလက်ထရောနစ် မဲပေးစက် (MEVM) များအသုံးပြုနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှု၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံရေးပါတီများ၏ လူပုဂ္ဂိုလ်လုံခြုံရေး၊ ပါတီရုံးများ လုံခြုံရေး၊ ရပ်ကွက်အလိုက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန်ကိစ္စရပ်များ၊ အရည်အချင်းရှိသည့်ရဲတပ်ဖွဲ့ဝင်များဖြစ်စေရေး ဆောင်ရွက်သွားရန်ကိစ္စရပ်များ၊ တပ်မတော်အနေဖြင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး မီဒီယာများမှ စည်းရုံးလှုံ့ဆော်ခြင်းနှင့် ပညာပေးမှုများ ဆောင်ရွက်သွားရမည့် အခြေအနေများ၊ ဒီမိုကရေစီစနစ်ကို လိုလားသူများအနေဖြင့် ရွေးကောက်ပွဲဖြစ်မြောက်အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး အားပေးထောက်ခံမှုများကို မြှင့်တင်ဆောင်ရွက်ပေးသွားရမည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဖြည့်စွက်မှာကြားသည်။

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မိမိတို့အနေဖြင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အဓိက ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ **နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲ အောင်မြင်မှုမရှိစေရေး အဖျက်အမှောင့်လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့် အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လိုကြောင်း၊**

အွန်လိုင်းငွေကြေး လိမ်လည်မှုနှင့် ပတ်သက်၍လည်း ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းနိုင်ရန်လိုကြောင်း၊ ပိုက်စိပ်တိုက် သတင်းရယူဖော်ထုတ်၍ တရားဥပဒေနှင့်အညီ နှိမ်နင်းသွားရမည်ဖြစ်ကြောင်း၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် မြေပြင်အုပ်ချုပ်ရေးဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများနှင့် အတူတကွပူးပေါင်း၍ ထိထိရောက်ရောက် ဖော်ထုတ်အရေးယူသွားရမည်ဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေး၊ အွန်လိုင်းငွေကြေးလိမ်လည်မှုတိုက်ဖျက်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးတို့နှင့်ပတ်သက်၍ မိမိတို့အနေဖြင့် အလေးထားကိုင်တွယ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မိမိတို့ကော်မရှင်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လိုအပ်သည့်လမ်းညွှန်မှုများပြုနိုင်ရန်၊ ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များအားလုံးအနေဖြင့် လုပ်ငန်းရပ်များအားလုံး အောင်မြင်စေရေးနှင့် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အားလုံးက အစဉ်တစိုက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းသတင်းရရှိသည်။ (မဝ)

**နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို မလိုလားသူများနှင့် အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲအောင်မြင်မှုမရှိစေရေး အဖျက်အမှောင့် လုပ်ရပ်များကို လုပ်ဆောင်လာနိုင်မည်ဖြစ်သကဲ့သို့ ထိုးနှက်မှုများကိုလည်း လုပ်ဆောင်လာနိုင် . . .**

**မူးယစ်ဆေးဝါး၊ အွန်လိုင်းလောင်းကစားမှု စသည်တို့ဖြင့် တစ်ဖက်လှည့်ထိုးနှက်မှုများ လုပ်ဆောင်လာနိုင်ပြီး နိုင်ငံ၏လုံခြုံရေး၊ ဒေသတွင်းလုံခြုံရေးကို ထိခိုက်စေနိုင်သည့်အသွင်ဖြင့် ပုံဖော်လုပ်ဆောင်လာနိုင်၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများကို မိမိတို့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိသကဲ့သို့ ယခုထက်ပိုမို၍ ထိထိရောက်ရောက် တိုက်ဖျက်ဆောင်ရွက်သွားနိုင်ရန်လို . . .**



နောင်ချိုမြို့နယ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ ဒေသခံတိုင်းရင်းသားပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

၇၈၁၇ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည်။

ထို့ပြင် ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် အကြမ်းဖက်သမားများ ဖျက်ဆီးခဲ့သည့် နောင်ချိုမြို့နယ် ပြည်သူ့ဆေးရုံကြီးအား ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ကာ ဩဂုတ် ၂ ရက်တွင် ပြန်လည်ဖွင့်လှစ်ပေးခဲ့ပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြည်သူ့ဆေးရုံကြီး၌ ပြင်ပလူနာ ၈၉ ဦးတို့ကို ငှက်ဖျားရောဂါ၊ တုပ်ကွေးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဒေသခံတိုင်းရင်းသားပြည်သူ ၄၈ ဦးကို သွေးအမျိုးအစား စစ်ဆေးပေး၍ အမျိုးသား လေးဦးကို ငှက်ဖျားပိုးစစ်ဆေးပေးခြင်းနှင့် အမျိုးသမီး တစ်ဦးကို သွေးလွန်တုပ်ကွေးရောဂါ စစ်ဆေးပေးခြင်းများ ဆောင်ရွက်ပေးသည်။ ၎င်းအပြင် ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် ၃၂ ဦး တက်ရောက်ဆေးကုသမှုခံယူလျက်ရှိရာ ဆေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (မဝ)

# အိန္ဒိယသမ္မတနိုင်ငံ၏ ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်း တက်ရောက်




ရန်ကုန် ဩဂုတ် ၁၂

အိန္ဒိယသမ္မတနိုင်ငံ၏ ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ်ရှိ မြဝတီမီဒီယာစင်တာ၌ ကျင်းပရာ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၁) ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H. E. Mr. Abhay Thakur နှင့် ဇနီး၊ တာဝန်ရှိသူများက ပြည်ထောင်စုဝန်ကြီး ဦးတင်အောင်စန်းနှင့် ဇနီး၊ အခမ်းအနားသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က မင်္ဂလာဆီမီးထွန်းညှိပြီး အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် အိန္ဒိယနိုင်ငံသံအမတ်ကြီးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီးက အိန္ဒိယသမ္မတနိုင်ငံ၏ ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ဂုဏ်ပြုစကား ပြောကြားသည်။

ဆက်လက်၍ အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့က ရိုးရာယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြရာ အခမ်းအနားသို့ တက်ရောက်လာကြသူများက ကြည့်ရှုအားပေးကြပြီး မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ ဒုတိယသံအမတ်ကြီးက ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် အိန္ဒိယနိုင်ငံယဉ်ကျေးမှုအဖွဲ့ကို ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဇနီး၊ အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ဂုဏ်ပြုပန်းခြင်း ပေးအပ်ကြသည်။

ယင်းနောက် အိန္ဒိယသမ္မတနိုင်ငံ၏ ၇၉ နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ယဉ်ကျေးမှုဖျော်ဖြေပွဲနှင့် ညှော်ခံပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များကို အိန္ဒိယနိုင်ငံသံအမတ်ကြီးနှင့် ဇနီးတို့က ညစာဖြင့် တည်ခင်းဧည့်ခံကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များ၊ အိန္ဒိယနွယ်ဖွားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

၁။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန်းထွေးအား သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီသည် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာဥမ္မာစံအား ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၂၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၂၂ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါတည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၂၂ ပါတီအနက် ဦးစိုးပု ခေါင်းဆောင်သည့် **ပအိုဝ်းအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့်နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန် လျှောက်ထားသည့် နိုင်ငံရေးပါတီ ၂၂ ပါတီအနက် တစ်ပါတီကို မှတ်ပုံတင်ခွင့် ငြင်းပယ်ခဲ့ပြီး ၁၈ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့သည်။ ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# လယ်ဝေးမြို့နယ်အတွင်း သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဩဂုတ် ၁၂

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့မွန်းလွဲပိုင်းက လယ်ဝေးမြို့နယ်အတွင်းရှိ သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ကွင်းဆင်းစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လယ်ဝေးမြို့နယ် တလုပ်ပင်ကျေးရွာရှိ ကြံတိုင်းအောင် သမဝါယမအသင်းပိုင်မြေ ၉၇ ဒသမ ၆၅ ဧကပေါ်၌ ဒို့မြန်မာသမဝါယမအသင်းနှင့် ကြံတိုင်းအောင်သမဝါယမအသင်းတို့ အကျိုးတူပူးပေါင်း၍ ဒေသနွားမျိုး အကောင် ၁၅၀ မွေးမြူထားမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမအသင်းများအနေဖြင့် ဒေသနွား အကောင် ၅၀၀ မွေးမြူရေးစီမံချက်တွင် ပထမအဆင့် အကောင် ၁၅၀ မွေးမြူနိုင်ခဲ့ပြီး ကျန်ရှိသောနွားများ သတ်မှတ်ရက်တွင် ရောက်ရှိရေး ချိတ်ဆက်ဆောင်ရွက်ရန်၊ နွားစာရရှိရေး မွန်ဗားဆားမြက်၊ နေပီယာမြက် ၂၇ ဧကစိုက်ပျိုးထားမှုကို ရှင်သန်အောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် သမဝါယမအသင်းများစိုက်ပျိုးထားသည့် နေပီယာမြက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် မြွေရိုးကျောင်းစုကျေးရွာအုပ်စု ရုံးတောကျေးရွာ ရွှေဝါထွန်း(၂) စိုက်ပျိုးထုတ်လုပ်ရေးသမဝါယမအသင်း၏ အသင်းပိုင်လယ်မြေ ခုနစ်ဧကတွင် စိုက်ပျိုးထားသော အောင်နိုင်တိုး အထွက်တိုးစပါးမျိုးများ ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုစစ်ဆေးပြီး သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ရရှိလာသော စပါးများကို တိုင်းဒေသကြီး၊ ပြည်နယ် သမဝါယမအသင်းစုချုပ်များ၊ မြို့နယ်သမဝါယမအသင်းစုများနှင့် ပူးပေါင်းချိတ်ဆက်၍ ဝယ်ယူကြိတ်ခွဲ ဖြန့်ဖြူးရောင်းချရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ စပါးရိတ်သိမ်းပြီးပါက မြေပဲ၊ နှမ်း၊ ပြောင်း သီးနှံများ ဆက်လက်စိုက်ပျိုးနိုင်ရေး လိုအပ်သည့် မျိုးကို သမဝါယမအသင်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရန်၊ မိုးစပါးစိုက်ပျိုးနိုင်ရေး အချိန်မီပျိုးထောင်၍ လိုအပ်သည်များ ကြိုတင်ပြင်ဆင်ရန် မှာကြားကာ လုပ်ငန်းလိုအပ်ချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။



**(သတင်းစဉ်)**

# နောင်ချိုမြို့သို့ ပြန်လည်ဝင်ရောက်နေထိုင်ကြသည့် ပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းဆောင်ရွက်



**နေပြည်တော် ဩဂုတ် ၁၂**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့သို့သွားရောက်၍ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား၊ ကျောင်းသူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးခြင်းလုပ်ငန်းကို One Stop Service ဖြင့်စိစစ်ထုတ်ပေးနေမှုကိုလည်းကောင်း၊နိုင်ငံသားကတ်ရရှိပြီးသူများကို Biographic/Biometric ကောက်ယူကာ Unique ID နံပါတ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်ပေးနေမှုကိုလည်းကောင်း၊ စာသင်ခန်းများအတွင်း ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုမှတစ်ဆင့် နောင်ချိုမြို့ မြို့လယ်သာသနာ့ဗိမာန်၌ ယာယီရုံးခန်းဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန နောင်ချိုမြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက နောင်ချိုမြို့သို့ပြန်လည်ဝင်ရောက်လာကြသည့်ဒေသခံတိုင်းရင်းသားပြည်သူများကို ၎င်းတို့နေရပ်စွန့်ခွာစဉ်ပျက်စီး၊ပျောက်ဆုံးသွားသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြန်လည်စိစစ် ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးပြီး One Stop Service ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်များကို သက်ဆိုင်ရာကာယကံရှင်ပြည်သူများထံပေးအပ်သည်။

ဆက်လက်၍ နိုင်ငံသားကတ်ရရှိပြီးသူများကို Biographic/Biometric ကောက်ယူကာ Unique IDနံပါတ်ထုတ်ပေးနေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုအားပေးကာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားကတ်လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ကျောက်မဲခရိုင်နှင့် မြို့နယ်ဦးစီးမှူးရုံး၊ နမ္မတူနှင့်သီပေါမြို့နယ်ဦးစီးမှူးရုံးများ၊ အဆိုပါဓမ္မာရုံ၌ ယာယီရုံးများဖွင့်လှစ်ထားရှိမှု အခြေအနေကို ကြည့်ရှုကာ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ သက်ဆိုင်ရာမြို့များ၌ မြို့နယ်ရုံးများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကြိုတင်စီစဉ်ထားရှိရေး၊ လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့တင်ပြဆောင်ရွက်ကြရေးမှာကြားကာ ဝန်ထမ်းများအတွက် ထောက်ပံ့ငွေ၊ဆန်အိတ်များနှင့်စားသောက်ဖွယ်ရာများကိုပေးအပ်ပြီး ဓမ္မာရုံရှေ့၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ရရှိရေးအတွက် လာရောက်ဆောင်ရွက်ကြသည့် ဒေသခံပြည်သူများကို လုပ်ငန်းဆိုင်ရာအခက်အခဲများကိုမေးမြန်း၍ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက်နောင်ချိုမြို့၌ အကြမ်းဖက်ဖြစ်စဉ်များကြောင့် နောင်ချိုမြို့နယ်ဦးစီးမှူးရုံး မီးလောင်ပျက်စီးမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရုံးပြန်လည်တည်ဆောက်ရေးအတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နောင်ချိုမြို့ စိန်ရတနာကျောင်းတိုက်၌ ကျောက်မဲခရိုင်အတွင်းရှိ အမျိုးသားဝန်ထမ်းများ ယာယီနေရာချထားမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးကာ ဝန်ထမ်းများ၏ နေထိုင်၊စားသောက်ရေးအဆင်ပြေစေရေးအတွက် တာဝန်ရှိသူများက ဖြည့်ဆည်းဆောင်ရွက်ပေးရေးမှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကျင်းပ

**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ သစ်တောရပ်ကွက်ရှိ မြို့တော်ခန်းမ၌ကျင်းပပြုလုပ်ရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆုရရှိသူများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို ရှမ်းပြည်နယ်လူမှုရေးရာဝန်ကြီးက ဖတ်ကြားသည်။

ယင်းနောက် အပြည်ပြည်ဆိုင်ရာတွင် ကဏ္ဍအလိုက် ထူးချွန်ဆုရလူငယ်များနှင့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်ပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

ဆက်လက်၍ လူငယ်စွမ်းရည်ဂုဏ်ပြုတေးသီချင်းနှင့် ထာဝရပြည်ထောင်စုတိုင်းရင်းသား ယဉ်ကျေးမှုအကတို့ဖြင့် ဖျော်ဖြေတင်ဆက်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အသိပညာပေးဟောပြောသည့် ဆရာမ နှစ်ဦးနှင့် ဖျော်ဖြေတင်ဆက်ပေးခဲ့သည့်အဖွဲ့များအား ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးစကားပြောကြားပြီး ခင်းကျင်းပြသထားသော လှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများအား လိုက်လံကြည့်ရှု အားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

(၅၀၁)




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်နိုင်ဇော်ဦး ထူးချွန်ဆုရ လူငယ်တစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများမပါ)။

**မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက်ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန်ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနား ကျင်းပ




**နေပြည်တော် ဩဂုတ် ၁၂**

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ Hotel Max ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် Jeng Phang နော်တောင်၊ ဒေါက်တာချောချောစိန်၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ အပြည်ပြည်ဆိုင်ရာ ပြိုင်ပွဲများတွင် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်များ၊ မသန်စွမ်းလူငယ်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့် လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့် ကင်းထောက်လူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်နှင့် သိပ္ပံကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်ဖွံ့ဖြိုးရေးဆောင်ရွက်နေသည့် အဖွဲ့အစည်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က ကုလသမဂ္ဂအဖွဲ့၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ချမှတ်ထားသည့်ဆောင်ပုဒ်မှာ "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့" (Local Youth Actions For The SDGs And Beyond) ဖြစ်ပြီး နိုင်ငံတစ်နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်သည့်အခါတွင် လူသားအရင်းအမြစ်သည် အဓိကစွမ်းအားစုများဖြစ်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်ဆီသို့ လျှောက်လှမ်းရာတွင် ယနေ့လူငယ်များ၏ စွမ်းအားများနှင့် အဓိကအခန်းကဏ္ဍမှ ဦးဆောင်ပါဝင်စေရန် ရည်ရွယ်ခြင်းဖြစ်ကြောင်း။

ယနေ့လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့်သူများ ဖြစ်သကဲ့သို့ အနာဂတ်နိုင်ငံတော်၏ အကောင်း၊ အဆိုးသည်လည်း ယနေ့လူငယ်များ၏စွမ်းဆောင်ရည်၊ ကိုယ်ကျင့်တရား၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုတို့အပေါ် မှီတည်နေသည့်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စနစ်တကျ ပြုစုပျိုးထောင်ပေးခြင်းအားဖြင့် နိုင်ငံတော်၏အနာဂတ်ကို အကောင်းဆုံးပုံဖော်ဖန်တီးနိုင်သည့် လူငယ်မောင်မယ်များ ဖြစ်ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် Mr.Antonio Guterres က အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အတွက်ပေးပို့သည့်သဝဏ်လွှာကို မြန်မာနိုင်ငံ လူငယ်ရေးရာလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးဇော်မင်းထက်က ဖတ်ကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌတို့က ထူးချွန်ဆုရလူငယ်များကို ဂုဏ်ပြုဆုငွေများနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့နှင့် လူငယ်စကားဝိုင်းအတွက် အလှူငွေပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က လက်ခံရယူသည်။

ဆက်လက်၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ပြသသည်။

ထို့နောက် ဒုတိယဝန်ကြီးဦးဇော်မင်းထက်နှင့် တာဝန်ရှိသူများက မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်းနှင့် အနာဂတ်လူငယ်များအဖွဲ့အား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများနှင့် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုဆုငွေ၊ ဂုဏ်ပြုမှတ်တမ်းလွှာများနှင့် ဂုဏ်ပြုဆုတံဆိပ်များကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ လူငယ်စကားဝိုင်းကို ဆက်လက်ကျင်းပရာ ဒေါ်ကြည်စင်ရွှေက Moderator အဖြစ်ဆောင်ရွက်ပြီး ပါဝင်ဆွေးနွေးသူများအနေဖြင့် ဦးကမ္ဘာထွန်း၊ မသိမ့်နေခြည်သက်ပိုင်၊ ဒေါ်စုစုဖြိုး၊ မရွှန်းလက်မီမီခိုင်နှင့် မသီရိထက်ဇော်တို့က ယဉ်ကျေးမှုအမွေအနှစ်နှင့် လူငယ် (Cultural Heritage and Youth)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများနှင့် နည်းပညာ(Environmental Challenges and Technology)နှင့် အရည်အသွေးပြည့်ဝသော ပညာရေးမှသည် အောင်မြင်သော စီးပွားရေးလမ်းကြောင်းသစ်များဆီသို့(From Quality Education to Successful Economic Pathways ) စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြကာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးကြသူများက ပြန်လည်ဖြေကြား၍ ဒုတိယဝန်ကြီး ဦးဇော်မင်းထက်က နိဂုံးချုပ်အမှာစကားပြောကြားသည်။

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ လူမှုအကျိုးပြုလုပ်ငန်းများအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရေသပ္ပာယ်ခြင်း၊ ဘုရားရင်ပြင်တော်တွင် သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကြမ်းတိုက်ခြင်းနှင့် ကရုဏာကမ္ဘာဘိုးဘွားရိပ်သာ၌ အဘိုး၊ အဘွားများကို ခေါင်းဖြီးပေးခြင်း၊ ခြေသည်း၊ လက်သည်းများ ညှပ်ပေးခြင်း၊ နှိပ်နယ်ပေးခြင်း၊ အားပေးစကားများပြောခြင်း စသည်တို့ကို လုပ်ဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် တက်ရောက်




**မန္တလေး ဩဂုတ် ၁၂**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ကြီးမှူး၍ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မဟာအောင်မြေ့နယ်ရှိ Y Mandalay Hotel ခန်းမတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီး အားကစားဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မန္တလေး ပညာရေးဒီဂရီကောလိပ်မှ ကျောင်းအုပ်ကြီး၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)မှ အုပ်ချုပ်သူများ၊ နည်းပြများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ တက်ရောက်လာကြသူများက နိုင်ငံတော်သီချင်းကို သီဆိုကာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံအား အလေးပြု၍ အခမ်းအနားကို ဖွင့်လှစ်ပြီးနောက် အမှတ်(၁၄)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူများက မင်္ဂလာပါတေးသီချင်းဖြင့် ဂုဏ်ပြုတင်ဆက်ကြသည်။

အခမ်းအနား၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် လူငယ်စွမ်းအားမှသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရန်အတွက် ဗလငါးတန်နှင့် ပြည့်စုံသည့် လူတော်လူကောင်းများ ဖြစ်လာစေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခေတ်မီတိုးတက်လာသော အဆင့်မြင့်ပညာရေးနှင့် နည်းပညာတိုးတက်ဖွံ့ဖြိုးမှု အရှိန်အဟုန်တို့ကိုအခြေခံပြီး ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဟန်ချက်ညီစွာ မြှင့်တင်ပေးနိုင်ရန်နှင့် ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ ဆောင်ပုဒ်ဖြစ်သည့် "လူငယ်စွမ်းအားမှသည် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဆီသို့" အတိုင်း လူငယ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် အားလုံး ဝိုင်းဝန်းဖော်ဆောင်ကြိုးစားသွားကြရမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကိုဖတ်ကြားပြီး ၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်ချက်မှတ်တမ်း Video clip ကို ပြသခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို အစီအစဉ်အတိုင်းကျင်းပပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများက မန္တလေးတိုင်းဒေသကြီးမှ ထူးချွန်လူငယ်များ၊ နိုင်ငံတကာအားကစားပြိုင်ပွဲများနှင့် လူငယ်များနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် အကအဖွဲ့များကို ဂုဏ်ပြုဆုငွေများ ချီးမြှင့်ခဲ့ကြောင်းနှင့် ကျောင်းသူများ၏ ကပြဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

**အိမ်ပြင်ပ၌ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်




တာဝန်ရှိသူတစ်ဦးထံ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူတစ်ဦးက ၎င်းနှင့်အတူပါရှိလာသည့် လက်နက်အပ်နှံစဉ်။



ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့ဝင် ၁၀၄ ဦးအား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကျင်းပစဉ်။

**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော်အစိုးရသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်၍ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာကြသူများကိုလည်း လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDF အမည်ခံအဖွဲ့မှ အဖွဲ့ဝင် အမျိုးသားဦးရေ ၁၀၀ နှင့် အမျိုးသမီး လေးဦး စုစုပေါင်း ၁၀၄ ဦးသည် လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်လာကြသည်။

အဆိုပါ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမှ အဖွဲ့ဝင်များနှင့် PDFအမည်ခံအဖွဲ့များမှ အဖွဲ့ဝင်များသည် အတင်းအဓမ္မ စုဆောင်းခံကြရခြင်း၊ အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် လူမျိုးရေးခွဲခြားဆက်ဆံမှုနှင့် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဗိုလ်ကျနိုင်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုများကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာနေထိုင်ရခြင်းနှင့် တပ်မတော်၏တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည် အကျိုးပြုလိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်အား စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်းပြန်လည်ဝင်ရောက်လာကြသည့် ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချိုမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင် အမျိုးသား ဦးရေ ၉၀ နှင့် အမျိုးသမီး နှစ်ဦး၊ NH PDF အဖွဲ့ဝင် အမျိုးသား သုံးဦး၊ KIA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ ကျောက်ဆည် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မိုးကုတ် PDF အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး၊ ပင်းတယမြို့နယ်အတွင်းမှ DPLA အဖွဲ့ဝင်အမျိုးသား နှစ်ဦး၊ နမ့်ဆန်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား တစ်ဦးနှင့် မိုးမိတ်မြို့နယ်အတွင်းမှ TNLA အဖွဲ့ဝင် အမျိုးသား တစ်ဦး၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ်အတွင်းမှ မန္တလေး PDF အဖွဲ့ဝင် အမျိုးသမီး တစ်ဦး စုစုပေါင်း၁၀၄ ဦးတို့ကို တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပွဲကို ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံသင်တန်းကျောင်း၌ပြုလုပ်ရာ ပြင်ဦးလွင်တပ်နယ်မှ တာဝန်ရှိသူများ၊ ခရိုင်၊မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာခဲ့ကြသည့် အဖွဲ့ဝင်များနှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ဦးစွာ တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေ စိုးမိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသူများက ၎င်းတို့နှင့်အတူ ပါရှိလာသည့် Type-81 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည်အတောင့် ၃၀၊ Type-82 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် နှစ်ခု၊ ၎င်းကျည်အတောင့် ၂၁၀၊ MA-3 တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၁၀ တောင့်၊ လက်ပစ်ဗုံးမျိုးစုံ ၁၂ လုံးတို့ကို လွှဲပြောင်းအပ်နှံရာ တာဝန်ရှိသူတစ်ဦးကလက်ခံရယူပြီး တာဝန်ရှိသူများက သေနတ်တစ်လက်လျှင် ဆုကြေးငွေကျပ် သိန်း ၅၀နှုန်းဖြင့် သေနတ်သုံးလက်အတွက် ငွေကျပ်သိန်း ၁၅၀နှင့်လက်ပစ်ဗုံး တစ်လုံးလျှင် ဆုကြေးငွေကျပ် သုံးသိန်းနှုန်းဖြင့် လက်ပစ်ဗုံး ၁၂ လုံးအတွက် ငွေကျပ် ၃၆ သိန်း စုစုပေါင်းငွေကျပ် ၁၈၆ သိန်းနှင့် ထောက်ပံ့ပစ္စည်းများကိုပြန်လည်ထောက်ပံ့ပေးအပ်ရာ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများက လက်ခံရယူကြသည်။

ယင်းနောက် တာဝန်ရှိသူများက ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ဝန်ခံကတိလက်မှတ်ရေးထိုးစေပြီး မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းအပ်နှံပေးကြသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပြီး လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း အခုကဲ့သို့ ကြားသိရပါသည်-

"သမီးကခရီးသွားရင်းနဲ့ပေါ့နော် သမီးဦးလေးက စစ်သားဆိုတော့ သမီးကို ဖမ်းတာပေါ့။ ဖမ်းပြီးတော့မှ နင့်ဦးလေးက စစ်သား နင် PDF ထဲဝင်မှာလား။ မဝင်ရင် နင့်မိသားစုကို တစ်ခုခုလုပ်မယ်ဆိုပြီးတော့ ခြိမ်းခြောက်တာပေါ့။ ခြိမ်းခြောက်ပြီးတဲ့အခါကျတော့ မိသားစုကိုတော့ မလုပ်ပါနဲ့ပေါ့နော်။ သမီးပဲ အဲဒီအထဲဝင်မယ်ဆိုပြီးတော့ အနစ်နာခံပြီးတော့ အဲဒီအထဲဝင်သွားခဲ့တယ်။ ဝင်ပြီးတော့ အဲဒီမှာ သင်တန်းတွေ အတင်းတက်ခိုင်းတယ်။ တက်ခိုင်းပြီးတော့မှ သင်တန်းမှာပေါ့နော်။ သင်တန်းမှာ သင်တန်းဆင်းရင်းနဲ့ မူးလဲတာတောင်မှပေါ့ ဘာမှမလုပ်ပေးဘူးပေါ့။ မထူနဲ့ဘာညာ အဲဒီလိုမျိုးပြောတယ်။ ပြီးတော့ ထမင်းစားရတာကျတော့လည်း အဲဒီမှာအဆင်မပြေဘူးပေါ့နော်။ တစ်နေ့ကို (နှစ် နပ်ပဲ ကျွေးတယ်)။ ပြီးတော့ ထမင်းကလည်း အချိန်နဲ့စားရတာဆိုတော့ စားရတာအဆင်မပြေဘူး။ ပြီးတော့တစ်ခါတစ်ခါကြရင် ထမင်းသိုးတွေဘာတွေ စားရတာပေါ့နော်။ သင်တန်းဆင်းပြီးတဲ့အခါကျတော့လည်း အဲဒီမှာနေပြီးတော့မှ ထမင်းတွေဘာတွေ ချက်ခိုင်းတယ်။ အဲဒီလိုမျိုးပေါ့နော်။ အလုပ်တွေဘာတွေလုပ်ခိုင်းတယ်။ ပြီးတော့တခြားနယ်တွေမှာပေါ့ သူတို့ရန်ပုံငွေရဖို့အတွက် မဲတွေဘာတွေ လိုက်ရောင်းခိုင်းတယ်။ တစ်နေကုန်လိုက်ရောင်းပြီး ပြန်လာတယ်။ ပြီးလို့ရှိရင် အဲဒီမဲကိုသူတို့က ဖောက်ပေးလားဆို မဲလည်းမဖောက်ပေးဘူး။ အဲဒီပိုက်ဆံတွေကို အလွဲသုံးစားလုပ်တယ်ပေါ့နော်။ အဲဒီလုပ်ရပ်တွေကိုလည်း သမီးတို့က မကြိုက်ဘူးပေါ့။ အဲဒီမှာပေါ့နော် ကင်းတွေဘာတွေလည်း စောင့်ရတယ်။ ကင်းတွေစောင့်လို့ရှိရင်လည်း အရမ်းအေးတယ်။ အရမ်းအေးလို့ရှိရင် သူတို့က စောင်တွေဆိုလည်း လုံလုံလောက်လောက် မပေးဘူးပေါ့နော်။ သမီးတို့ အဝတ်အစားတွေ၊ အနွေးထည်တွေမရှိဘူး။ အဲဒီလိုမျိုးထားတယ်။ ပြီးလို့ရှိရင် ထမင်းစားရင်လည်း အဲဒီလိုမျိုးပေါ့နော်။ ဟင်းက မကောင်းဘူး။ ပဲဟင်းပေါ့ အဲဒီလိုမျိုးတွေနဲ့ စားရတယ်။ အဲဒီလို သူတို့ရဲ့လုပ်ရပ်တွေပေါ့။ သူတို့ရဲ့ အခုပိုက်ဆံအလွဲသုံးစားလုပ်နေမှုတွေ၊ တခြားလုပ်ရပ်တွေပေါ့နော်။ သူများဟာတွေကို အနိုင်ကျင့်နေတာတွေ၊ သူများပိုက်ဆံတွေကို လိမ်ပြီးတော့မှ ပြည်သူ့အတွက် လုပ်နေပါတယ်ဆိုပြီးတော့မှ အဲဒီလိုမျိုးတွေ ပြောနေတာပေါ့။ အဲဒီလိုမျိုးတွေကိုလည်း သမီးတို့မကြိုက်တဲ့အတွက် အဲဒီထဲကနေ ထွက်ပြေးပြီးတော့ ဒီဘက်ကိုအလင်းလာဝင်ခြင်းဖြစ်ပါတယ်။အခုကျန်ရှိနေတဲ့ အဖွဲ့သားတွေ၊ ကျန်တဲ့သူတွေရော သမီးတို့လို အနိုင်ကျင့်ခံရတာကို ပြီးတော့ အတင်းအဓမ္မခေါ်ခံရတာမျိုး ရှိတဲ့သူတွေလည်းရှိကြတယ်။




အဲဒီလိုရှိတဲ့သူတွေလည်း တပ်မတော်ဘက်က အလင်းဝင်တဲ့သူတွေကို နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ သမီးကိုလည်း တပ်မတော်က အလင်းဝင်တဲ့အတွက် ဘာမှမလုပ်ဘူး။ ကောင်းကောင်းမွန်မွန်ပဲထားတယ်။ ကောင်းကောင်းမွန်မွန်ပဲ မိဘလက်ထဲပြန်အပ်တယ်။ အဲဒါကြောင့်မို့ ကျန်ရှိနေတဲ့ သူတွေကိုလည်း အမှားကိုသိပြီး အမှန်ကိုပြန်ပြင်နိုင်အောင်လို့ တပ်မတော်ထဲကို အလင်းဝင်ပါလို့ သမီးကပြောချင်ပါတယ်"ဟု ပြောသည်။

"အကြမ်းဖက်TNLAထဲ ရောက်လာတဲ့ အကြောင်းရင်းကတော့ ကျွန်တော်တို့ရွာကိုလာပြီးတော့ အတင်းအဓမ္မဆွဲခေါ်တာပေါ့။ တချို့က မင်းတို့မလိုက်ရင် မင်းတို့မိဘကို ခေါ်သွားမယ် အိမ်တွေကို မီးရှို့မယ်လို့ ခြိမ်းခြောက်ပါတယ်။ ဒါကြောင့်မိသားစုကိုငဲ့ပြီးတော့ ကျွန်တော်အဲဒီအဖွဲ့ထဲကို ရောက်သွားပါတယ်။ အဲဒီမှာ အစားလည်းဆင်းရဲတယ်။ အနေလည်း ဆင်းရဲတယ်။ ဆေးဝါးလည်း မပြည့်စုံဘူး။ လေ့ကျင့်ခန်းလည်း ကြမ်းကြမ်းတမ်းတမ်း လုပ်ရတယ်။ အသက်ကြီးပိုင်းတွေဆိုရင် လေ့ကျင့်ခန်းမလုပ်နိုင်ရင်ရိုက်တယ်။ဆူတယ်၊ ကန်တယ်၊ ရေထဲစိမ်တယ်။ တချို့ဆို မူးလဲတယ်။ ပြန်မထူခိုင်းဘူး ဒီအတိုင်းပဲထားခိုင်းတယ်။ တချို့ဆိုရင် နေပူလှန်းလို့ လှုပ်ရင် သေနတ်တွေနဲ့ ခြိမ်းခြောက်တာပေါ့။ မင်းတို့ကို ပစ်သတ်လို့ရတယ်။ ငါတို့အဖွဲ့အစည်းမှာ လူသတ်ပိုင်ခွင့်ရှိတယ်ဆိုပြီး ခြိမ်းခြောက်ပါတယ်။ တချို့ထွက်ပြေးတဲ့ရဲဘော်တွေလည်းရှိတယ်။ သင်တန်းကွင်းမှာ စိတ်ပင်ပန်းလို့ ပြန်မိရင်ရိုက်တယ်၊ နှက်တယ်၊ ထုတယ်။ မင်းတို့ဘာကြောင့် ထွက်ပြေးတာလည်းလို့ မေးတယ်။ မင်းတို့အာဏာရှင်တိုက်ထုတ်ဖို့ ဝင်လာတာ မဟုတ်ဘူးလားလို့မေးတယ်။ ကျွန်တော်တို့အမြင်မှာတော့ ဒီသင်တန်းကွင်းမှာ လေ့ကျင့်ခန်းလုပ်ခိုင်းတာ အာဏာရှင် ထက်ဆိုးနေတာပေါ့။ ရိုက်တယ်၊ကြမ်းတယ် ပြောတော့ အာဏာရှင်မကြိုက်ဘူးလေး ဘာလေးနဲ့ တကယ်တမ်း အာဏာရှင်က သူတို့ဖြစ်နေတယ်။ TNLA အဖွဲ့နဲ့ DPLA အဖွဲ့မှာဆိုရင် ဒီအဖွဲ့အစည်းလည်း သိပ်မရှိတော့ဘူးပေါ့နော်။ အလင်းဝင်ချင်တဲ့သူတွေလည်းရှိတယ်။ ထွက်ပြေးလွတ်မြောက်တဲ့ ရဲဘော်တွေလည်းရှိတယ်။ တပ်မတော်ထဲ အလင်းဝင်လာဖို့ ဖိတ်ခေါ်ပါတယ်။တပ်မတော်က ညှဉ်းပန်းနှိပ်စက်တာတွေမရှိဘူး။ သူတို့ပြောခဲ့သမျှဟာတွေ ဘာမှမဟုတ်ဘူး၊ နွေးနွေးထွေးထွေးကြိုဆိုပါတယ်။ ရှေ့ဆက်ပြီး အလင်းဝင်ပြီးတော့ ကျွန်တော်တို့ကျောင်းတက်ချင်တဲ့ ရဲဘော်တွေလည်း ကျောင်းနေလို့ရတယ်။ မိဘနဲ့ လွတ်လွတ်လပ်လပ်




နေအိမ်မှာ တောင်ယာလုပ်စားချင်လည်း ရတယ်။ ဘာမှကြောက်စရာမလိုဘူး။ အေးအေးဆေးဆေး ဖော်ဖော်ရွေရွေပဲ အစားအသောက်ကောင်းလည်း ကျွေးတယ်။ ဒါကြောင့်မို့ အလင်းဝင်ရောက်ဖို့ ဖိတ်ခေါ်ပါတယ်"ဟု ပြောသည်။ (၅၀၁)

# တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဩဂုတ် ၁၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဓမ္မာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၃၂ ဦးတို့ကို အရိုးအကြောရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို ဒလတပ်နယ်မှတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

---

☆ **ကျောဖုံးမှအဆက်**

ဝမ်းသာဂုဏ်ယူပါတယ်။ ကျွန်မ အကောင်းဆုံးလုပ်နိုင်အောင် ကြိုးစားမယ်ဆိုတဲ့စိတ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ပြိုင်ပွဲနှစ်ရပ်စလုံးမှာ ဗြိတိန်အတွက် ရွှေတံဆိပ်ဆု ရယူပေးနိုင်ခဲ့တာကိုလည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ မီတာ ၁၀၀၀၀ အပြေးပြိုင်ပွဲမှာ ၃၃ နှစ်အကြာ တင်ထားတဲ့စံချိန်တစ်ရပ်ကိုလည်း ရိုက်ချိုးနိုင်ခဲ့တဲ့အတွက် ပိုပြီးတော့ ဂုဏ်ယူရပါတယ်။ ပြိုင်ပွဲရဲ့အစောပိုင်းမှာ ပြေးနေရင်းနဲ့ ကိုယ့်ကိုယ်ကိုယ်အားမရခဲ့ဘူး။ လေးလံနေတယ်လို့ခံစားရတယ်။ ငါမှဟုတ်ရဲ့လားလို့လည်း တွေးနေမိတယ်။ ဒါပေမဲ့လည်း ကျွန်မရဲ့ ခြေလှမ်း တစ်လှမ်းတိုင်းကို ပရိသတ်တွေက အားပေးနေတဲ့အတွက် စိတ်ဓာတ်တက်ကြွပြီး အမြန်နှုန်းမြှင့်တင်နိုင်ခဲ့တာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။


Ref: Espn


Trs : AZL

---

❑ **မိုးထစ်ချုန်းရွာနိုင်မှုအဆက်**

ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၁ ပေခန့် ရှိနိုင်သည်။




သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုရှောင်ရှားနိုင်ရန်နှင့် ပြည်တွင်းရေကြောင်းသွားလာရေး၊ လေကြောင်းပျံသန်းရေးနှင့် ဆည်မြောင်းတာတမံများအနေဖြင့် လိုအပ်သည်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားနိုင်ရန် သတိပေးနိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

---

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နိုင်

**နေပြည်တော် ဩဂုတ် ၁၂**

"ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတို့၌ ဩဂုတ် ၁၃ ရက်တွင် လေဖိအားနည်းရပ်ဝန်း (Low Pressure Area)ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

---

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | |
|---|---|---|
| ၁။ | ကာကွယ်ရေးဝန်ကြီးဌာန | (https://www.mod.gov.mm) |
| ၂။ | ဥပဒေရေးရာဝန်ကြီးဌာန | (https://www.mlis.gov.mm) |
| ၃။ | ပြန်ကြားရေးဝန်ကြီးဌာန | (https://www.moi.gov.mm) |
| ၄။ | Myawady Webportal | (https://myawady.net.mm) |
| ၅။ | Myanmar National Portal | (https://myanmar.gov.mm) |

---

## ၂၀၂၅ ခုနှစ် ဩဂုတ် ၁၂ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၈၉၀၀၀၀ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

---

## သံလွင်မြစ်ရေနှင့် စစ်တောင်းမြစ်ရေအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့်ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

အလားတူ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်နှင့် မဒေါက်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ရန် သတိပေးနိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

---

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"နိုင်ငံတစ်ခုရဲ့ လူသားအရင်းအမြစ်ဆိုတာကို နားမလည်ဘဲ ဆရာ၊ ဆရာမတွေကို အဓိကထား ခြိမ်းခြောက်သတ်ဖြတ်နေတဲ့တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ၁၃-၈-၂၀၂၅ ရက် **(ယနေ့)** မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"လုံးပါးပါးသွားတော့မယ့် NUG ဦးဆောင်တဲ့ မုဒိမ်းကျင့်၊ လူသတ်၊ ဆက်ကြေးကောက်တဲ့ တော်လှန်ရေး"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ခေတ်သစ်လူမှုအန္တရာယ်နှင့် ကောလာဟလ

နေလင်းသူ

သတင်းမီဒီယာသည် ခေတ်သစ်လူမှုအသိုင်းအဝိုင်း၏ အရေးပါသော အစိတ်အပိုင်းဖြစ်ပြီး သတင်းအချက်အလက်၊ ပညာရေး၊ ဖျော်ဖြေရေးနှင့် လူထုဆက်သွယ်ရေးတို့အတွက် အဓိကကျသော အခန်းကဏ္ဍမှပါဝင်နေသည်။ မီဒီယာသည် လူ့အဖွဲ့အစည်းအတွက် အသိပညာမီးရှူးတန်ဆောင်တစ်ခု ဖြစ်သော်လည်း ကျယ်ဝန်းသောကွန်ရက်များကြားတွင် အန္တရာယ်ရှိသောအဆိပ်အတောက်များလည်း ရှိနေတတ်သည်။ မီဒီယာအဆိပ်သင့်မှုဆိုသည့် သတင်းအဆိပ်သင့်မှုအန္တရာယ်သည် မိမိတို့ နေ့စဉ်လူမှုစီးပွားဘဝတို့အပေါ်တွင် များစွာသက်ရောက်နေပြီး အမှားများစွာဖြစ်ပေါ်လာနိုင်သဖြင့် မီဒီယာ၏တန်ဖိုးကို နားလည်ပြီး ကောင်းစွာအသုံးချတတ်ရန်လိုသည်။

ခေတ်သစ်လူမှုအန္တရာယ်သည် နည်းပညာတိုးတက်မှု၊ စီးပွားရေးပြောင်းလဲမှုနှင့် ယဉ်ကျေးမှုအသွင်ကူးပြောင်းခြင်းတို့ကြောင့် ပေါ်ပေါက်လာသော လူမှုဘဝအတွက် စိန်ခေါ်မှုများဖြစ်သည်။ ခေတ်သစ်လူမှုအန္တရာယ်သည် ပိုမို ရှုပ်ထွေးပြီး လူသားတို့၏ ရွေးချယ်မှုများနှင့် သက်ဆိုင်လေ့ရှိသည်။ နည်းပညာတိုးတက်လာမှုနှင့်အတူ ဆိုရှယ်မီဒီယာနှင့် ဂိမ်းစွဲလမ်းမှု၊ သတင်းအမှားများပျံ့နှံ့မှု၊ အွန်လိုင်းမှခြိမ်းခြောက်မှု၊ အလုပ်အကိုင်မတည်ငြိမ်မှု၊ စိတ်ကျန်းမာရေးထိခိုက်မှုများကို ဖြစ်စေနိုင်သည်။ "ခေတ်သစ်လူမှုအန္တရာယ်များသည် လူသားတို့ကိုယ်တိုင်ဖန်တီးမိသောရလဒ်ဖြစ်သည်။ ခေတ်သစ်လူမှုအန္တရာယ်များ၏ သဘောသဘာဝသည် နယ်နိမိတ်မရှိ နက်ရှိုင်းစွာပျံ့နှံ့နိုင်ပြီး နိုင်ငံရေး၊ စီးပွားရေးနှင့်ဂေဟစနစ်တို့ကို ချိတ်ဆက်ဖျက်ဆီးနိုင်သည်"ဟု လူမှုဗေဒပညာရှင် Ulrich Beck ၏ အဆိုအရ သိရသည်။

ယနေ့ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်၊ သတင်းခေတ်ဟုဆိုသည့်အတိုင်း နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ ကျန်းမာရေး အစရှိသည့်အကြောင်းအရာမျိုးစုံ၊ သတင်းမျိုးစုံသည် လူမှုကွန်ရက်များမှတစ်ဆင့် အချိန်နှင့်တစ်ပြေးညီ ကြားသိနေရသည်။ ယနေ့မြန်မာနိုင်ငံအနေဖြင့်လည်း မဟုတ်မမှန်လုပ်ကြံသတင်းများ၊ သွေးထိုးလှုံ့ဆော်မှုများ၊ ဝါဒဖြန့်ချိမှုများနှင့် မီဒီယာအဆိပ်သင့်မှုအများဆုံးခံနေရသည့်နိုင်ငံဖြစ်သည်။ နေ့စဉ်ကြားနေရသည့်အကြောင်းအရာများ၊ သတင်းအချက်အလက်များသည် မှန်ကန်တိကျသော သတင်းအကြောင်းအရာများရှိသကဲ့သို့ အခြေအမြစ်ခိုင်လုံမှုမရှိသော၊ သိမ်ဖျင်းစေသောအကြောင်းအရာများလည်း ပါဝင်နေတတ်သည်။ အဆိုပါအကြောင်းအရာများထဲမှ လူအများကြားတွင် အလွယ်တကူလျင်မြန်စွာပျံ့နှံ့ပြီး အပြောများလာသောအကြောင်းအရာများကို "ကောလာဟလ"ဟုဆိုကြသည်။ ကောလာဟလဆိုသည်မှာ အတည်မပြုရသေးသည့် သတင်း၊ အခြေအမြစ်မရှိသော၊ မှားယွင်းသော သတင်းအချက်အလက်များဖြစ်ပြီး လူ့အဖွဲ့အစည်းအတွင်းသို့ ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် မတော်တဆပျံ့နှံ့ခြင်းများဖြစ်စေနိုင်သည်။

ကောလာဟလနှင့်ပတ်သက်၍ မြန်မာအဘိဓာန်တွင် "တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသောကြွေးကြော်စကား၊ ကြိုတင်ဖြစ်ပေါ်နေသောသတင်း၊ အခြေအမြစ်မရှိသောသတင်း" ဟူ၍ ဖွင့်ဆိုထားသည်။ စိတ်ပညာရှင်များကမူ "ကောလာဟလဟူသည် လူတစ်ဦး၏နှုတ်မှ အခြားတစ်ဦးသို့ ပြောဆိုဖြန့်ချိသည့် ယုံကြည်မှုသတင်းစကားဖြစ်သည်။ သို့သော် ထိုသတင်းစကားသည် မှန်ကန်မှု ရှိ၊ မရှိဟူသော အထောက်အထားမရှိ" ဟူ၍ ဖွင့်ဆိုထားပါသည်။ ထို့ပြင် တိတိကျကျမမှန်ကန်သော်လည်း တစ်ဆင့်စကားဖြင့် ပျံ့နှံ့နေသော သတင်းဟူ၍လည်းကောင်း၊ နှုတ်စကား၊ အတင်းအဖျင်း၊ တီးတိုးစကားအနေဖြင့် ပျံ့နှံ့နေသော်လည်း အခြေအမြစ်မတိကျသော မစိစစ်နိုင်သည့်သတင်းဟူ၍လည်းကောင်း အသီးသီးဖွင့်ဆိုကြသည်။

ကောလာဟလသတင်းများသည် တိကျခိုင်လုံသည့်အခြေအမြစ်မရှိသော်လည်း လူအများသည် တစ်ဆင့်စကားပြောဆိုမှုမှ ယုံကြည်မှုသို့ကူးပြောင်းလာပြီး မလိုလားအပ်သော စစ်ရေး၊ နိုင်ငံရေး၊ စီးပွားရေး၊ ဘာသာရေး၊ စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးစသည်တို့တွင် အခက်အခဲများ ဖြစ်ပေါ်လာစေနိုင်သည့်အတွက် အကျိုးဆက်များကိုလည်း သတိပြုရမည်ဖြစ်သည်။

ထို့ကြောင့် ကောလာဟလသတင်းများသည် မည်သည့်အကြောင်းကြောင့် ပြန့်ပွားတတ်သည်ကို ဦးစွာလေ့လာရန် လိုအပ်မည်ဖြစ်သည်။ ကောလာဟလသတင်းများသည် သာမန်အချိန်ကာလများထက် စစ်ရေး၊ လုံခြုံရေး၊ နိုင်ငံရေး၊ စီးပွားရေးမတည်မငြိမ်ဘဲ အကျပ်အတည်းဖြစ်နေချိန်များတွင် ပိုမိုပေါ်ပေါက်တတ်သည်ကို တွေ့ရသည်။

ကောလာဟလသတင်းဆိုသည်မှာ မူလထုတ်လွှင့်သူ၏ စိတ်ခံစားမှုအပေါ်မှီ၍ ပေါ်ပေါက်လာတတ်သည်ဖြစ်ရာ ကောလာဟလသတင်းများကို ကြောက်ရွံ့စိုးရိမ်စိတ်မှဖြစ်ပေါ်လာသော ကောလာဟလသတင်း၊ မုန်းတီးရွံရှာစိတ်မှဖြစ်ပေါ်လာသော ကောလာဟလသတင်း၊ မျှော်လင့်တမ်းတစိတ်မှ ဖြစ်ပေါ်လာသော ကောလာဟလသတင်းဟူ၍ သုံးမျိုးခွဲခြားနိုင်သည်။

ကောလာဟလများသည် အဓိကအားဖြင့် အခြေအနေနှစ်ရပ်ကြောင့်ဖြစ်ပေါ်လာတတ်ကြောင်း သိရှိရသည်။ ကောလာဟလသတင်းသည် လူတို့အတွက် အရေးပါသော၊ စိတ်ဝင်စားဖွယ်ဖြစ်သောအကြောင်းအရာဖြစ်ခြင်း၊ ခိုင်လုံသောသတင်းအချက်အလက်မရရှိခြင်းတို့ကြောင့် ပေါ်ပေါက်လာတတ်သည်။

လူတို့၏ စိတ်ခံစားမှုအခြေအနေကိုလိုက်၍ ကောလာဟလသတင်းအမျိုးမျိုးသည် အသွင်သဏ္ဌာန်အမျိုးမျိုးဖြင့် ပေါ်ပေါက်လာတတ်သည်။

ဒုတိယအခြေအနေဖြင့် လတ်တလောဖြစ်ပေါ်နေသောအကြောင်းအရာများကို တရားဝင်သတင်းဌာနများမှ အချိန်နှင့်တစ်ပြေးညီဖော်ပြနိုင်ခြင်းမရှိသောအခါ လူ့အဖွဲ့အစည်းအတွင်း တစ်ဆင့်စကား၊ တစ်ဆင့်နားဖြင့် ကောလာဟလများပေါ်ပေါက်နိုင်သည်ကိုလည်း တွေ့ရှိရသည်။

ကောလာဟလနှင့်ပတ်သက်၍ ဗုဒ္ဓဒေသနာတော်လာဝါးမျိုးရှိကြောင်း သိရသည်။

**❖လူ့အဖွဲ့အစည်းနှင့် လူမှုမီဒီယာများကြား စိန်ခေါ်မှုများလျော့ပါးစေရန်နှင့် ခေတ်သစ်လူမှုအန္တရာယ်များ လျော့ပါးစေရန်အတွက် ဒစ်ဂျစ်တယ်ခေတ်ဟုခေါ်သော ယနေ့အချိန်အခါတွင် "မီဒီယာနှင့် သတင်းအချက်အလက်သိနားလည်မှုပညာရပ်"သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ်လိုအပ်သောပညာရပ်တစ်ခုဖြစ်သည်။ လူငယ်တချို့က သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှု အားနည်းသည့်အတွက် သတင်းအချက်အလက်မှားများ၏ သွေးဆောင်ဖြားယောင်းမှုကို ခံနေရခြင်းပင်ဖြစ်သည်။ ❖**

**ကပ္ပကောလာဟလ**

ကပ္ပကောလာဟလာသည် "ကမ္ဘာပျက်လိမ့်မည်"ဟူသောကောလာဟလာသည် ကမ္ဘာမပျက်မီ နှစ် တစ်သိန်းအလိုတွင် စတင်ဖြစ်ပေါ်ပြီး ကမ္ဘဝါစရနတ်များ ကြွေးကြော်ကြခြင်းဖြစ်သည်။

**ဗုဒ္ဓကောလာဟလ**

"လောကသုံးပါးတွင် ဘုရားပွင့်လိမ့်မယ်၊ ဘုရားပွင့်လိမ့်မယ်"ဆိုသည့် ကောလာဟလသည် ဘုရားမပွင့်မီ နှစ် ၁၀၀၀ ၌ စတင်ဖြစ်ပေါ်ပြီး သုဒ္ဓါဝါသဘုံရှိ အနာဂါမ်ဗြဟ္မာကြီးများ ကြွေးကြော်ကြခြင်းဖြစ်သည်။

**စက္ကဝတ္တိကောလာဟလ**

စက္ကဝတ္တိကောလာဟလသည် စကြာမင်းမပေါ်မီ နှစ် ၁၀၀ အလိုတွင် စတင်ဖြစ်ပေါ်ပြီး ကမ္ဘဝါစရနတ်များ ကြွေးကြော်ကြခြင်းဖြစ်သည်။

**မင်္ဂလာကောလာဟလ**

မင်္ဂလာကောလာဟလသည် မင်္ဂလသုတ်မဟောကြားမီ ၁၂ နှစ်အလိုတွင် စတင်ဖြစ်ပေါ်ပြီး သုဒ္ဓါဝါသဘုံရှိ အနာဂါမ်ဗြဟ္မာကြီးများ ကြွေးကြော်ကြခြင်းဖြစ်သည်။

**မောနိယကောလာဟလ**

မောနိယကောလာဟလသည် မောနိယရဟန်းမပေါ်မီ ခုနစ်နှစ်အလိုတွင် စတင်ဖြစ်ပေါ်ပြီး သုဒ္ဓါဝါသဘုံရှိ အနာဂါမ်ဗြဟ္မာကြီးများ ကြွေးကြော်ကြခြင်းဖြစ်သည်။

သာသနာတော်နှင့်ဆိုင်သည့် ကောလာဟလများကို သုဒ္ဓါဝါသဘုံရှိ အနာဂါမ်ဗြဟ္မာကြီးများကြွေးကြော်ကြပြီး လောကီဆိုင်ရာကောလာဟလများကို ကမ္ဘဝါစရနတ်များ ကြွေးကြော်ခဲ့ကြကြောင်း သိရှိရသည်။ ယနေ့အချိန်အခါတွင် ဖြစ်ပေါ်နေသော သတင်းအမှားများ၊ ကောလာဟလများကိုမည်သည့် အဖွဲ့အစည်း၊ မည်သို့သောပုဂ္ဂိုလ်များက ဖြန့်ဝေ၊ ကြွေးကြော်နေကြသနည်းဆိုသည်မှာ စဉ်းစားဆင်ခြင်စရာကောင်းလှသည်။

ယနေ့အချိန်အခါသည် ကောလာဟလများ အလွယ်တကူပျံ့နှံ့သော၊ ဖြန့်ရလွယ်သောအချိန်အခါဖြစ်ပေသည်။ သတင်းမှားများကြောင့် လူမှုကွန်ရက်မီဒီယာ၏ အဆိပ်သင့်ခြင်းများသည် နည်းပညာတိုးတက်လာသည်နှင့်အတူ အရှိန်အဟုန်ဖြင့် ပျံ့နှံ့လျက်ရှိသည်။ ၎င်းတို့၏ဆိုးကျိုးများသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအပြင် လူမှုအဖွဲ့အစည်းများထိ လူမှုဆက်ဆံရေးကိုပါ ထိခိုက်စေနိုင်သည်။ ထို့ကြောင့် လူမှုကွန်ရက်မှ သတင်းများကိုလက်ခံခြင်းမပြုမီ "ဘယ်သူဖန်တီးတာလဲ၊ ဘာအတွက်ဖြန့်တာလဲ၊ အထောက်အထားရှိရဲ့လား"စသည့်အချက်များအပြင် ဆန့်ကျင်ဘက်အမြင်များကိုလည်း ရှာဖွေဖတ်ရှုလေ့လာသင့်သည်။ သတင်းအဆိပ်သင့်မှုသည် ခေတ်၏ကြီးမားသောစိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ ဒစ်ဂျစ်တယ်ခေတ်တွင် သတင်းအချက်အလက်များသည် လျှပ်တစ်ပြက်နီးပါးပျံ့နှံ့နိုင်ပြီး သတင်းအဆိပ်သင့်မှုဟုခေါ်ဆိုနိုင်သည့် အန္တရာယ်ရှိသောသတင်းအချက်အလက်များ၏ ခြိမ်းခြောက်မှုကလည်း နေ့စဉ်နှင့်အမျှ တိုးပွားလာနေသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အဖွဲ့အစည်းများ၊ ပြည်ပသတင်းမီဒီယာများ၏ မီဒီယာအဆိပ်သင့်မှုများကို တုံ့ပြန်ချေဖျက်ဆောင်ရွက်ခဲ့သည်။ မဟုတ်မမှန်လုပ်ကြံသတင်းများကို တုံ့ဆိုင်းတွေဝေမှုမရှိဘဲ နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် သတင်းစာရှင်းလင်းပွဲများ၊ ပညာပေးရေးသားမှုများနှင့် ပြည်သူများ သိသင့်သိထိုက်သော အကြောင်းအရာများကို ချက်ချင်းလက်ငင်း တုံ့ပြန်ဆောင်ရွက်ခဲ့သည်။

လူ့အဖွဲ့အစည်းနှင့် လူမှုမီဒီယာများကြား စိန်ခေါ်မှုများလျော့ပါးစေရန်နှင့် ခေတ်သစ်လူမှုအန္တရာယ်များလျော့ပါးစေရန်အတွက် ဒစ်ဂျစ်တယ်ခေတ်ဟုခေါ်သော ယနေ့အချိန်အခါတွင် "မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုပညာရပ်" သည် သတင်းမှားများကို တိုက်ဖျက်ရန်အတွက် မရှိမဖြစ်လိုအပ်သော ပညာရပ်တစ်ခုဖြစ်သည်။ လူငယ်တချို့က သတင်းတု၊ သတင်းမှားများအပေါ် စိစစ်နိုင်မှုအားနည်းသည့်အတွက် သတင်းအချက်အလက်မှားများ၏ သွေးဆောင်ဖြားယောင်းမှုကို ခံနေရခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မီဒီယာနှင့် သတင်းအချက်အလက် သိနားလည်မှုပညာရပ်ကို လူတိုင်းနားလည်သင့်သည်။

မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုပညာရပ်တွင် မီဒီယာအကြောင်းနားလည်သိရှိခြင်း၊ သတင်းအချက်အလက်များကို ရှာဖွေစုဆောင်းနိုင်ခြင်း၊ ဒစ်ဂျစ်တယ်နည်းပညာကို ထိရောက်စွာအသုံးချနိုင်ခြင်းတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ပေါင်းစပ်ပညာရပ်တစ်ခုဖြစ်သည်။ မီဒီယာနှင့်သတင်းအချက်အလက်သိနားလည်မှုပညာရပ်ကို နားလည်ခြင်းဖြင့် အတုအပသတင်းများကိုခွဲခြားနိုင်ခြင်း၊ အချက်အလက်အမှန်များအပေါ်အခြေခံ၍ ဆုံးဖြတ်ချက်ကောင်းမွန်စွာချနိုင်ခြင်း၊ ဒီမိုကရေစီအတွက် အထောက်အကူဖြစ်စေသည့် နိုင်ငံသားတာဝန်များ ကျေပွန်စွာထမ်းဆောင်နိုင်ခြင်း၊ ဆိုက်ဘာခြိမ်းခြောက်မှုများမှ ကာကွယ်နိုင်ခြင်း၊ အချက်အလက်များကို အကျိုးရှိစွာအသုံးချနိုင်ခြင်း စသည့် အကျိုးကျေးဇူးများကို ရရှိစေမည်ဖြစ်သည်။

မီဒီယာအဆိပ်အတောက်သည် နိုင်ငံတစ်နိုင်ငံ၏ အသက်သွေးကြောတစ်ခုဖြစ်သည့် အမျိုးသားသွေးစည်းညီညွတ်ရေးကို ဖြိုခွဲဖျက်ဆီးစေနိုင်သည်။ အဆိပ်မိနေသည့် သက်ရှိသတ္တဝါများမှာ မလှုပ်ရှားနိုင်၊ အားအင်ချည့်နဲ့ပြီး နောက်ဆုံးလုံးပါးပါးသေဆုံးရတတ်သည်။ ထို့အတူ မီဒီယာအဆိပ်သင့်နေသည့် နိုင်ငံတစ်နိုင်ငံသည်လည်း အမျိုးသားရေးအားမာန်များ၊ စည်းလုံးညီညွတ်မှုများ တဖြည်းဖြည်းလုံးပါးပါးချည့်နဲ့လာပြီး အဆုံးတစ်နေ့တွင် ကျရှုံးနိုင်ငံအဖြစ် ဆိုက်ရောက်သွားနိုင်သည်။ ထို့ကြောင့် မီဒီယာအသိပညာမြှင့်တင်ခြင်း၊ သတင်းအချက်အလက်များကို ဆင်ခြင်တုံတရားဖြင့် ဝေဖန်ပိုင်းခြားခြင်းဖြင့်လည်းကောင်း၊ ခေတ်သစ်လူမှုအန္တရာယ်နှင့် ကောလာဟလကို ကာကွယ်ခြင်းဖြင့်လည်းကောင်း တိုးတက်ကောင်းမွန်သော လူမှုအသိုင်းအဝန်းကို ဖော်ဆောင်နိုင်မည်ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။

**ကိုးကား**

– **www.moi.gov.mm**




ဩဂုတ် ၁၁ ရက်မှအဆက်

ကူးတို့စက်လှေသည် လျှော်ကျွန်းကြီး၊ လျှော်ကျွန်းငယ်တောင်တန်းများ ရေလက်ကြားက ထွက်ပြီး နောင်တော်မြစ်ပြင်ကျယ်ကို ဖြတ်ကူးလိုက်သည်။ သလူမော်ကျွန်းကို ရေးရေးမြင်နေရပေပြီ။ သလူမော်ကျွန်းမှာ ပင်လယ်ပြင်ထဲသို့ထိုးထွက်နေသောကျွန်းဖြစ်ပေရာ ပန်းချီဆန်လှသည်။ ကျွန်းဖျားတောင်ကုန်းလေးပေါ်တွင် ကညင်ပင်တန်းကို အဝေးကလှမ်းကြည့်လျှင် ပင်လယ်ရေပြင်ထဲတွင် အလှရှုခင်းပန်းချီကားတစ်ချပ်ကဲ့သို့ မျက်စိပသာဒရှိလှသည်။

ဟော ကူးတို့စက်လှေ သလူမော်ရွာသို့ ဆိုက်ကပ်လိုက်လေပြီ။ သို့သော် ကမ်းခြေတွင် တစ်စုံတစ်ယောက်သောသူကိုမျှမတွေ့ရ။ သေနဲ့သာကျွန်းမှ လိုက်ပါလာသူ ခရီးသည်ကတော့ ကမ်းသို့တက်သွားလေပြီ။ ထိုစဉ် ထူးခြားသည့် မြင်ကွင်းတစ်ခုကြောင့် လှမိုးတို့ လန့်ဖျပ်သွားကြ၏။ အကြောင်းသော်ကား သေနတ်ကိုယ်စီလွယ်ထားသူများသည် ကမ်းခြေတောစပ်မှ ဖြုန်းခနဲထွက်လာကြသည်ကို မြင်တွေ့လိုက်ရ၍ဖြစ်သည်။ လက်နက်ကိုင်များက သေနဲ့သာကျွန်းမှလိုက်လာခဲ့သူခရီးသည်နှင့်ပူးကပ်ပြီး စကားပြောဖြစ်နေကြသည်ကိုလည်း တွေ့လိုက်ကြရသည်။

"စက်လှေ ဆက်မထွက်နဲ့ဟေ့။ စက်လှေပိုင်ရှင်ကော၊ ခရီးသည်တွေကော တက်ခဲ့ကြပါ"

သူတို့ဆီက အမိန့်ပေးသံများ ဆက်တိုက်ထွက်ပေါ်လာသည်။ စက်လှေပေါ်ရှိသူများ အကုန်လုံးကမ်းသို့ တက်လိုက်ကြရ၏။ လက်နက်ကိုင်များအနီးတွင် ခရီးသည်များ ကြောက်ကြောက်ရွံ့ရွံ့ စုရပ်လိုက်ကြရသည်။

"တို့က ဗမာပြည်ကွန်မြူနစ်ပါတီကပဲ ကျုပ်က တိုက်ခိုက်ရေးတပ်ရဲ့တပ်မှူး ဗိုလ်ရဲထွန်းပဲ"

လှမိုး သေနတ်သမားများကိုကြည့်ပြီး ကြောက်သွားသည်။

"ခင်ဗျားတို့ ဒီရွာမှာပဲ ညအိပ်ကြပါ။ ပစ္စည်းတွေကိုတော့ ဒီအတိုင်းလှေပေါ်မှာထားခဲ့ကြ ဘာမှ မဖြစ်စေရဘူး"

ခရီးသည်များစိတ်ပျက်သွားကြသည်။ လှမိုးမှာ အဖေကြီးမျက်နှာကို မော့ကြည့်လိုက်၏။

"ဒီည တို့ဒီစက်လှေနဲ့ ခရီးထွက်စရာရှိတယ်။ ခင်ဗျားတို့ မနက်ဖြန်မှ ကိုယ့်ခရီးဆက်ထွက်ကြပါ"

ဗိုလ်ရဲထွန်းဆိုသူက စကားကို ခပ်ပြတ်ပြတ်ပြောပြီး သူ့တပ်သားများနှင့် ရွာဘက်သို့ ပြန်လှည့်သွား၏။ ခရီးသည်များကလည်း စိတ်မချမ်းမြေ့ခြင်းကြီးစွာဖြင့် သူတို့နောက်သို့ လိုက်သွားကြသည်။ ခရီးသည်များကို ရွာလယ်ဘုံဇရပ်ကြီးမှာ ယာယီတည်းခိုကြရန် စီစဉ်ပေးကြ၏။ ထမင်းအတွက်ကိုတော့ ရွာသားများက ထမင်းထုပ်ပို့ကြသည်။

"အဲဒါ သူပုန်တွေလေသားရဲ့"

"ဟုတ်လား၊ သေနတ်ကြီးတွေနဲ့ ကြောက်စရာကြီးပဲ"

လှမိုးမှာ အဖေ့ကို အားကိုးတကြီးမော့ကြည့်၍။

(၄)

ရိုးတောင်ဦးမှ အရှူးအမူးထိုးစစ်ဆင်လာသော မြောက်လေသရမ်းကြောင့် လှမိုးတို့ချမ်းလိုက်သည်မှာ ပြောစရာမရှိ။ အဖေကြီးကိုထွန်းစိန်က တခိုက်ခိုက်တုန်နေသောသားလေးကို ရင်ဘတ်အောက်သွင်းပြီး မိဘမေတ္တာကိုယ်ငွေ့ပေးထား၏။ သာလာယံဇရပ်ကြီးဆိုတော့ ဟင်းလင်းပြင်မို့ ပိုဆိုးသည်။ အရှေ့ဆီက ရောင်နီဦးတော့သန်းလာပြီ။ မြန်မြန်မိုးလင်းစေလိုသောဆန္ဒသည် ခရီးသည်တိုင်း နှလုံးသားထဲ ရောက်နေကြ၏။

"ခရီးသည်တွေ နိုးကြပြီလားဟေ့"

သည်အသံကို လှမိုး ကောင်းကောင်းမှတ်မိသည်။ အသံက ကျယ်ပြီးကြည်သည်။ စက်လှေပိုင်ရှင် အသံပင်တည်း။ စက်လှေပိုင်ရှင်မှာ သံတွဲနယ်သားဟု သိရ၏။ သံတွဲသားများမှာ ရခိုင်များပင်ဖြစ်ကြသော်လည်း ဗမာလေသံလိုပင် စကားပြောကြသည်။ သို့သော် ရခိုင်လေသံများကြားတွင် စက်လှေပိုင်ရှင်၏ အသံက ထူးခြားနေသည်။ ခရီးသည်များ အိပ်ရာက ထထိုင်လိုက်ကြသည်။

"ညတုန်းကဗျာ ဒီက ပြောက်ကျားတွေ သေနဲ့သာကျွန်းမှာ ရဲသားလေးနှစ်ယောက်ပဲရှိတယ်ဆိုပြီး သွားတိုက်ကြတာလေ"

ခရီးသည်များ ရင်တထိတ်ထိတ်ဖြင့် နားထောင်နေကြသည်။

"ဘယ်ဟုတ်မလဲဗျာ၊ မနေ့က သေနဲ့သာကနေ တက်လိုက်လာတဲ့လူက သူတို့သူပုန်တွေထဲကပဲ။ အဲဒါ ဟိုမှာ ရဲသားဘယ်နှယောက်ရှိတယ်ဆိုတာ သွားလေ့လာတာပဲဖြစ်မှာပါ"

ခရီးသည်များ ငြိမ်သက်နေကြ၏။

"ဟိုမှာက ရဲသား သုံးယောက်ထဲရှိတာ။ အဲဒါ တစ်ယောက်က ကျောက်ဖြူကို ခဏပြန်သွားတော့ နှစ်ယောက်လောက်ကျန်တာလောက်ကို အေးအေးဆေးဆေးပဲဆိုပြီး သွားတိုက်ကြတာဗျာ"

"အဲဒါ သူတို့နိုင်လာလား"

စက်လှေပိုင်ရှင်ပြောနေတုန်းမှာပင် ခရီးသည်တစ်ယောက်က ဝင်ဖောက်မေးလိုက်သည်။

"ဘယ်ကနေ ဟိုကလဲ နှစ်ယောက်သာပြောတယ်။ ချလိုက်တာမှ သူတို့ထက်တောင် ကျည်ထွက်များတယ်"

"မနက်လင်းလာရင် ဒီကောင်တွေ အထိနာတော့မှာလေ။ ဟိုက ကတုတ်ကျင်းကောင်းကောင်းနဲ့ နေရာယူထားကြတာ။ ဒါကြောင့် ခွေးပြေးဝက်ပြေးပြေးပြီး စက်လှေပေါ်ပြေးဆင်းလာကြပါရော့လား"

"ကောင်းတယ်"

ခရီးသည်တစ်ယောက်ထံမှ ဆန္ဒနှလုံးသားပွင့်ထွက်သံပင်ဖြစ်သည်။

"ကဲ ခင်ဗျားတို့ကို ကျွန်တော်တောင်းပန်ပါရစေ။ ကျွန်တော် စိတ်ကောလူကော နေမကောင်းဖြစ်သွားပြီး သေကံမရောက်သက်မပျောက်လို့ ပြန်ရောက်လာတာ။ ရှေ့ဆက်ခရီးထွက်ဖို့ ကျွန်တော့်မှာ အင်အားမရှိတော့ဘူး။ ကျွန်တော်လာကတည်းက သိပ်လဲ နေမကောင်းဘူး ကျောက်ဖြူပဲ ပြန်တော့မယ်။ ခင်ဗျားတို့ ဒီရွာကပဲ အဆင်ပြေသလိုစီစဉ်ပြီး သွားလိုက်ကြပါ"

စက်လှေပိုင်ရှင်ကား လက်ပြနှုတ်ဆက်ပြီး ပြန်သွားလေပြီ။ လှမိုးတို့မှာ မတ်တတ်ရပ်၍ လမ်းမှာ ငိုရမည့်အဖြစ်ပင်။

(၅)

"ဦးရွှေမောင် တက်ခတ်တာ နည်းနည်းဆွဲခတ်စမ်းပါဗျာ။ တော်ကြာရေကျလာရင် ဘယ်မှမရောက်ဘဲ ဘင်္ဂလားပင်လယ်ထဲ ရောက်သွားလိမ့်မယ်နော်"

ကိုထွန်းစိန်က ပဲ့ကိုင်ရာကနေ တက်ခတ်နေသော ဦးရွှေမောင်ကို လှမ်းပြောလိုက်သည်။ လှမိုးတို့သားအဖမှာ သလူမော်ရွာတွင် သောင်တင်နေတုန်း ကူးတို့သည်လိုက်ရှာရာ ရွာပြင်ကွင်းစပ်တွင် တဲကလေးထိုးပြီး ဘဝရပ်တည်နေကြသော ဦးရွှေမောင်နှင့် ဒေါ်ရွှေဘုံတို့ အဘိုး၊ အဘွားလင်မယားကို သွားတွေ့၏။ လူများကသာ ရွှေမောင်၊ ရွှေဘုံဖြစ်နေကြတာ ဆင်းရဲလိုက်သည်မှာလည်း ပြောမနေနဲ့ တာတေကို လန်နေတာ။ လူပုံကညွှက်ညွှက် တဲပျက်က ယိုင်ယိုင်ဆိုတာမျိုးပေ။ သားထောက်သမီးခံမရှိတော့ ပိုဆိုးသည်။

ယခု လှမိုးတို့သားအဖကို သည်အဘိုး၊ အဘွားလင်မယား သလူမော်ရွာကနေ သရက်တောင်ရွာဆီ လိုက်ပို့ရမှာ အဘိုးကြီးတစ်ယောက်ထဲဆို လှော်အားခတ်အားနည်းသောကြောင့် အဘွားကြီးကိုပါခေါ်လာခဲ့ခြင်းဖြစ်သည်။ အဘိုး၊ အဘွားလင်မယားကလည်း ဘယ်ညာတွဲဆိုင်းတွဲကာ တက်နှစ်ချောင်းဖြင့် လှော်ခတ်လာကြသည်။ ကိုထွန်းစိန်က ပဲ့ကိုင်ပေးသည်။ ပဲ့ကိုင်သည်ဆိုသော်လည်း တက်မကို အသေကိုင်ပြီး ရေထဲနှစ်ကာ စင်းပေးထားခြင်းမျိုးမဟုတ်။ အားကောင်းမောင်းသန်ယောကျ်ားကြီးမို့ မောင်းရင်းအားသွင်းကာ ဖိလှော်၏။ သို့သော် အဘိုး၊ အဘွားလင်မယားမှာ ဝန်နှင့်အားမမျှသဖြင့် ရှန်းအားကထင်သလောက်ဖြစ်မလာ။ တစ်ချီခတ်၍ တစ်တောင်မရွေ့။ နှစ်ချီခတ်၍ တစ်တောင်မရွေ့။ သည်လိုပုံနှင့် မိုးကြီးချုပ်တော့မည်ဟု ကိုထွန်းစိန်တွေးလိုက်ပေပြီ။

"ဦးရွှေမောင်ရေ ပဲ့စင်ဘက်ကိုလာခဲ့ပါ။ ပဲ့ကိုင်လှည့် ကျွန်တော်လာခတ်ပေးမယ်နော်"

ကိုထွန်းစိန်နှင့် ဦးရွှေမောင် နေရာချင်းလဲလိုက်ကြ၏။ ကိုထွန်းစိန်က ရောက်လိုဇောဆန္ဒက အလွန်ပြင်းပြနေပေရာ ခတ်တက်ကို ရေထဲနာနာနှစ်ပြီး လူကိုယ်ကြီးပက်လက်လန်အောင်ထိ ဆွဲခတ်လိုက်၏။ လှေကတော့ တော်တော်ရွေ့သည်။ ဤတွင် အခက်အခဲတစ်ခုနှင့် ရင်ဆိုင်ရပြန်သည်။ ဒေါ်ရွှေဘုံ ခန္ဓာကိုယ်လျော့ရဲရဲလေးနှင့် ခတ်တက်ဆွဲအားက သိပ်မရှိ။ ကိုထွန်းစိန်က ဆွဲခတ်လေ ဒေါ်ရွှေဘုံဘက်သို့ လှေက ဝိုက်ပြီးလည်သွားလေဖြစ်နေသည်။ လှေလမ်းကြောင်းကမဖြောင့်တော့ လှေက ထင်သလောက်မပြေး။ အရေးထဲ ဘေးလှိုင်းကလေးက လာလိုက်သေးသည်။ လှေမှာ ကလေးများ ဘေးတိုက်ကြိုးခုန်တမ်းကစားသလိုမျိုးဖြစ်နေ၏။

"ဒေါ်ရွှေဘုံရေ နည်းနည်းလောက် အားထည့်ပေးစမ်းပါဗျာ။ ရေကျသွားရင် ဒုက္ခများကြလိမ့်မယ်နော်"

ဒေါ်ရွှေဘုံကတော့ ဘာမျှပြန်မပြော။ ညှစ်အားသုံးပြီး ကြိုးစားခတ်၏။ မျက်နှာပြင် ညိုညစ်ညစ်ကလေးမှာ ချွေးများစီးကျနေ၏။ ပင်ပန်းလွန်း၍ နှာခေါင်းပေါက်များလည်း ကျယ်နေပြီ။ လှမိုးမှာ အဘွားကြီးကိုကြည့်ပြီး သနားသွားသည်။ အဘွားကြီး၏လှုပ်ရှားမှုကိုကြည့်နေရင်း ရင်ထဲမချိသလို ခံစားလာရသည်။

"အဘွား၊ အဘွား တအားပင်ပန်းနေပြီ။ သား တက်ခတ်ပေးမယ်နော်"

"နေပါစေ သားလေးရယ်"

"မဟုတ်ဘူးအဘွား၊ အဘွားကို သား သနားလွန်းလို့ပါ"

"သားက တက်ခတ်တတ်လို့လား"

"ရတယ်အဘွား၊ သား တက်လဲလှော်တတ်တယ်၊ တက်လဲ ခတ်တတ်တယ်။ ကိုယ့်ရွာချောင်းမှာ သူငယ်ချင်းတွေနဲ့ ကစားနေကျပါ"

သည်တစ်ချီမှာတော့ အဘွားဒေါ်ရွှေဘုံ ခတ်တက်စင်က ဆင်းပေးလိုက်သည်။ လှမိုး လှေထုပ်တန်းပေါ်တွင်ဝင်ထိုင်လိုက်ပြီး ခတ်တက်ကို ရှေ့တိုးနောက်လှန် ဆွဲခတ်လိုက်တော့၏။ လှမိုးတို့ သားအဖမှာ ခတ်တက်ကို ပြိုင်တူဆွဲခတ်လိုက်ကြရာ လှေမှာ ပြေးအားကောင်းသွားသလိုရှိ၏။

"သား ခတ်တက်ကိုကိုင်တာ တအားကြီးအားထည့်ပြီး ဆုပ်မကိုင်နဲ့နော်။ လက်ဝါးပြင်တွေ အရေလန်ကုန်လိမ့်မယ်"

"ဟုတ်ကဲ့ပါ အဖေ"

အဘွားဒေါ်ရွှေဘုံကတော့ မည်မျှထိပင်ပန်းသွားလေသည်မသိ။ လှေကပ်စင်ပေါ်တွင် ခွေခွေကလေးအိပ်နေပေပြီ။ လှမိုးမှာ ထမင်းလုံးကြီးကို သယ်ပိုးသွားနေသော ပုရွက်ဆိတ်လေးကို ကိုယ်အားမမျှလုပ်အားပြနေသည်ဟု ဆိုလောက်ပေသည်။

စာမျက်နှာ ၂၅ သို့ ➤

# မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၉၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မင်းကင်း ဩဂုတ် ၁၂**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၈၉၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မင်းကင်းမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၁၂၅၇ ကေစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လ ပထမပတ်မှစတင် စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၈၉၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"မိုးသီးနှံ စိုက်ပျိုးရာသီ မင်းကင်းမြို့နယ်မှာ နှမ်းကေ ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ကေ ၈၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီစွာ စိုက်ပျိုးနိုင်ဖို့အတွက်လဲ ဆောင်ရွက်ပေးနေပါတယ်။ နှမ်းစိုက်ကေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့ အထွက်နှုန်းကောင်းမွန်ဖို့၊ GAPနည်းစနစ်တွေနဲ့စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု မင်းကင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမာန်ကျော်ဝင်းက ပြောပြသည်။

နှမ်းကို တစ်ကေပန်းတိုင် အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ထုတ်လုပ်မှုနှင့် ဈေးကွက်လိုအပ်ချက်ဖြစ်သော ဝယ်လိုအားမြှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မင်းကင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဟေမန်ကျော်ဝင်းက ပြောပြ၍ သိရသည်။ (၂၀၆)

# မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**မြောင်းမြ ဩဂုတ် ၁၂**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မြောင်းမြမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ယခုနှစ် ဇွန်လအတွင်း ငါးတန်ပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ မြောင်းမြမြို့နယ် ရေထွက်ကုန် ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များသည် ငါးတန်များ အပါအဝင် အခြားရေထွက်ကုန် များကို ရန်ကုန်ဈေးကွက်သို့တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ငါးတန်ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ပြီးခဲ့တဲ့လကထက် ငါးတန်ပိဿာချိန် တော်တော်များများ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီမြို့နယ်ကနေထွက်တဲ့ ရေထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကိုတင်ပို့ရောင်းချလျက်ရှိပါတယ်။ ငါးတန် တင်ပို့အားကောင်းလာတော့ ရေလုပ်ငန်းနဲ့ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်'' ဟုမြောင်းမြ မြို့နယ်ရေထွက်ကုန် ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်နွယ်က ပြောပြသည်။

မြောင်းမြမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးတန် ၁၀ ပိဿာလျှင် ငွေကျပ် ၁၇၅၀၀၀ ထိဈေးပေါက်နေကြောင်း၊ အဆိုပါ ငါးတန်များကိုရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေရခြင်းကြောင့် ရေလုပ်ငန်းလုပ်ကိုင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

➤ **စာမျက်နှာ ၂၄ မှအဆက်**

လှမိုးမှာ တစ်နာရီလောက် တက်ခတ်လိုက်ချိန်တွင် ချွေးများဖြိုင်ဖြိုင်ထွက်ကုန်ပြီ။ မောလိုက်သည်မှာ ပြောစရာမရှိ။ ရင်ဘတ်ကလေး တဒုန်းဒုန်းမြည်ပြီး အသက်ရှုသံပြင်းနေ၏။ သို့သော် လှမိုးကား ပင်ပန်းသည်ဟုမပြော။ လုံးဝမပင်ပန်းသလို အဖေ့ဘက်လှည့်ပြီး ပြုံးပြ၏။

"အဖေ့သားကြီး တအားပင်ပန်းနေပြီ"

"ရပါတယ် အဖေ သား မပင်ပန်းပါဘူး"

သားအတွက် အဖေကြီးပူပန်နေမည်စိုး၍ လှမိုး အေးအေးဆေးဆေးပဲ ပြောလိုက်သည်။

"နေတောင်ဝင်တော့မှာပါလား အဖေရယ်"

"ဟုတ်တယ်သား မြစ်ကြီးနှစ်မြစ်ကို ဖြတ်ပြီးလာခဲ့ရတာလေ"

"ရောက်တော့မှာပါ ဟိုရှေ့ ဖြူးရုံမော်လေးကိုလှည့်လိုက်ရင် ကိုယ့်ရွာကို ရောက်ပြီလေ"

လှမိုးမှာ တက်ခတ်ရင်း နောက်ဘက်သို့လှည့်ကြည့်လိုက်၏။ ထုံးဖြူဖွေးဖွေးစေတီများနှင့် သရက်တောင်ရွာဘုရားကြီးကုန်းကို နေရောင်မှိန်မှိန်အောက်တွင် လှမ်းမြင်လိုက်ရသည်။ လှမိုး အားတက်သွား၏။ ခတ်တက်ကိုလည်း ခပ်တင်းတင်းဆွဲခတ်လိုက်၏။ လှေမှာ ဖြူးရုံတန်းကြီး ကြီးစိုးနေသော သောင်မော်တစ်ခုကို ကွေ့ပြီးလှည့်လိုက်၏။

"ဟော ရောက်ပြီသားရယ် ရောက်ပြီ"

လှမိုးတို့သားအဖ ပစ္စည်းများကို ကုန်းပေါ်တင်အပြီးမှာ ဦးရွှေမောင်တို့ကို ကူးတို့ပို့ခလေးပေးလိုက်၏။ မောင်တစ်ထမ်းမယ်တစ်ရွက်သက်ကြားအိုဇနီးမောင်နှံနှစ်ယောက်ကတော့ မြစ်ရေအကျနှင့် ဖြည်းဖြည်းချင်းလှော်ခတ်သွားကြလေပြီ။

လှမိုးလက်ဝါးပြင်လေးနှစ်ဖက်ကို အသာအယာဖြန့်ကြည့်လိုက်၏။

"ဟာ သား လက်ဝါးမှာ အရေတွေလန်ထွက်နေပါရော့လား"

လှမိုးလက်ဝါးပြင်မှာ အရေများလန်ပြီး သွေးရည်ကြည်ဥနေသော အဖြစ်ကို မြင်တွေ့လိုက်ရာ အဖေကြီးကိုထွန်းစိန်နှလုံးသားတွင် ဝေဒနာတစ်ခုဖြစ်တည်သွားသည်။

"နည်းနည်းလေးပါ အဖေကြီးရာ"

"သား အခုလိုဖြစ်နေတာ အဓိကအကြောင်းတရားက ပြည်တွင်းစစ်ကြောင့်ပဲကွဲ့"

"ဟုတ်တယ်နော်ဖေကြီး၊ အဲဒီသူပုန်တွေကသာ သားတို့မော်တော်ကို မယူဘူးဆိုရင် သားတို့ဘာမှမဖြစ်ဘူး"

"ကဲ သား ရွာဘက်တက်သွားလိုက်၊ အမေ့ကိုပြော အဖေကြီးပစ္စည်းတွေနဲ့ကျန်ခဲ့တယ်။ ပစ္စည်းသယ်ရအောင် အိမ်နားကလူတွေ အကူအညီခေါ်လာခဲ့ပါလို့ ပြောနော်"

"ဟုတ်ကဲ့ပါ အဖေ"

လှမိုး အဝတ်လွယ်အိတ်ကလေးကိုလွယ်ပြီး ရွာဆီသို့ ဦးတည်လျှောက်လာခဲ့သည်။

လှမိုး မူလတန်းကျောင်းသားအရွယ်ကတည်းက ပြည်တွင်းစစ်၏ သားကောင်ငယ်လေးတစ်ကောင်အဖြစ် ခံယူတတ်ခဲ့လေပြီကော။

**(၁၉၅၉ ခုနှစ်က အဖြစ်အပျက်အား ပြန်လည်ခံစားရေးဖွဲ့ထားပါသည်။)**

## မြန်မာမျိုးတွေ ပညာဖြိုးစေ

- ပညာသာ လေ့လာကြ
  ယနေ့ကာလ ခေတ်အခြေ၊
  ဉာဏ်ပညာ မြင့်မားမှ
  ဝင့်ကြွားနိုင်ပေ၊
  ကမ္ဘာ့ တိုင်း နိုင်ငံတွေ
  ပြိုင်စံဖွေကာ သင်ယူတုန်း၊
  နည်းပညာ စွမ်းပကားနဲ့
  ခမ်းနားပုံ အဆင့်အတန်းကာလကလည်း
  မှန်းလို့ မဆုံး။
- တွေဝေလျှင် တစ်ပန်းရှုံး
  လှမ်းအုံးပ ခေတ်အမီ၊
  နည်းပညာ ရေစီးလမ်းက
  ကြမ်းလှပေသည်၊
  ရပ်နေက မျောလိမ့်မည်
  ဇောစိတ်တည်ကာ ကူးနိုင်မှ၊
  အများနှယ် ပညာပန်းကို
  လှမ်းဆွတ်နိုင်စွ။
- မြတ်ပညာ မချို့မှ
  ကိုယ့်ဘဝလည်း လှပေမယ်၊
  ဇာတိဂုဏ် မျိုးဂုဏ်မြင့်
  တန်ခိုးအဟုန်ဝင့်ထည်၊
  ပညာနဲ့ ပြည်ကျိုးသယ်
  စည်ဖြိုးကြွယ်မဲ့ မြန်ပြည်လှ၊
  ပညာတတ် အစုညီမို့
  ဘုံမဟီ ကမ္ဘာတစ်ရိုးမှာဖြင့်
  မြန်မာမျိုးတွေ ဘုန်းအမြင့်
  အိုကွယ်...
  အပြုံးဝင့်နိုင်စွ။ ။

**လွမ်းလေးကို(သရက်)**

# လှိုင်းဘွဲ့မြို့နယ် လှကမန်းကျေးရွာ၌ VRFPစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**လှိုင်းဘွဲ့ ဩဂုတ် ၁၂**

ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လှကမန်းကျေးရွာ၌ ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း (VRFP) ရန်ပုံငွေ ဆဋ္ဌမအကြိမ် ထုတ်ချေးခြင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လှိုင်းဘွဲ့မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်နိုင်ထွန်းနှင့် ဝန်ထမ်းများက VRFP စီမံကိန်းကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ဆောင်ရွက်ရခြင်း ဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများ အနေဖြင့် VRFP စီမံကိန်းရန်ပုံငွေကို ထိရောက်အောင်မြင်အောင် ဆောင်ရွက် ကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက လှကမန်းကျေးရွာရှိ VRFP စီမံကိန်း ရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၂၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၆ ဦးကို ရန်ပုံငွေကျပ် ၄၃၂ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **ကိုသက်**

# သက်သေခံဥပဒေပုဒ်မ-၃၂(၁)အကြောင်း သိကောင်းစရာ

စိန်လှိုင်ဖိုလ်

နိုင်ငံတော်တရားရုံးချုပ်၏ လမ်းညွှန်စီရင်ထုံးများသည် ပြဋ္ဌာန်းဥပဒေ၏ ဖော်ညွှန်းသည့် အနှစ်သာရကို မီးမောင်းထိုးပြသည့်နှယ် လွန်စွာမှပင်တန်ဖိုးရှိပါသည်။ မူလရုံးအပါအဝင် အောက်အယူခံရုံးအဆင့်ဆင့်က စီရင်ဆုံးဖြတ်ချက်များအပေါ် မကျေနပ်သူက အမြင့်ဆုံးတရားရုံးဖြစ်သော နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံမှုများ စသည်ဖြင့် တင်သွင်းရာတွင် ဥပဒေနှင့်အညီမဟုတ်သော လွဲမှားတိမ်းစောင်းနေသော စီရင်ဆုံးဖြတ်ချက်များကို တရားရုံးချုပ်က ပြင်ဆင်တည့်မတ်ခဲ့သည်များကို အများပြည်သူ သိရှိနိုင်ရန် ရေးသားတင်ပြပါဦးမည်။

ရာဇသတ်ကြီးပုဒ်မ-၃၀၂ (၂) အမှုတစ်ခုတွင် တစ်ဦးတစ်ယောက်က အခြားတစ်ဦးကို ပြစ်မှုကျူးလွန်သူမှာ မည်သူမည်ဝါဖြစ်သည်ဟု ပြောဆိုခဲ့သည်။ ပြောဆိုခဲ့သူသည် တရားခွင်တွင် သက်သေအဖြစ် အစစ်ဆေးမခံရသေးမီ ကွယ်လွန်ခဲ့သည်။ ထိုအမှုကို စစ်ဆေးစီရင်သော တရားသူကြီးက တရားခံကို အပြစ်ပေးရာ၌ ကွယ်လွန်သူ ပြောကြားချက်ကို ထည့်သွင်းစဉ်းစားခဲ့သည်။ အမှန်မှာ ထိုကဲ့သို့ ပြောဆိုချက်သည် ဥပဒေအရ သက်သေခံမဝင်ကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ဖူးပါသည်။

**အမှုဖြစ်စဉ်အကျဉ်း**

မင်းဘူးခရိုင်၊ ကုတင်ကုန်းရွာ၌ မိုးမရွာသဖြင့် ၁၃၂၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက် (၁၉၆၅ ခုနှစ်၊ ဇွန်လ ၇ ရက်)ည ၉ နာရီအချိန်တွင် ရွာသားများသည် မိန်းမတစ်ဖက်၊ ယောကျ်ားတစ်ဖက် လွန်ဆွဲကြသည်။ လူပေါင်း ၃၀ ခန့်သည် မပန်းမြိုင်၏ အိမ်ရှေ့နှစ်တောင်ခန့်အကွာတွင် လွန်ဆွဲကြခြင်းဖြစ်သည်။ လွန်ပွဲကို ဘေးမှ ကြည့်ရှုသူ တချို့ရှိသည်။

မောင်နီသည် မပန်းမြိုင်၏ အိမ်နှင့် ၂၃ ပေခန့်အကွာ သနပ်ပင်အောက် မြေကြီးပေါ် ထိုင်၍ကြည့်နေသည်။ ၎င်း၏အနီး၌ ကိုချောနှင့် ကိုစံရင်ဆိုသူတို့ရှိသည်ဟုဆိုသည်။ မောင်နီ၏ညီ မောင်စာပန်းသည် မပန်းမြိုင် အိမ်ပေါ်၌နေ၍ လွန်ပွဲကို ကြည့်ရှုနေသည်။ ထိုကဲ့သို့ လွန်ဆွဲနေကြစဉ် "ခွပ်"ဆိုသော အသံကြားရပြီး လွန်ဆွဲသည့်လူများ ရုတ်ရုတ်ရက်ရက်ဖြစ်ကာ ထွက်ပြေးကြသည်။ မောင်စာပန်းသည် အိမ်ပေါ်မှကြည့်လိုက်ရာ အစ်ကိုဖြစ်သူ မောင်နီလဲနေသည်ကိုတွေ့ရပြီး ၎င်း၏အနီးမှ လူတစ်ယောက် ထွက်ပြေးသောကြောင့် လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်သောအခါ မောင်သံချောင်းဆိုသူ ဖြစ်သည်ကိုတွေ့ရသည်ဟု မောင်စာပန်းကဆိုသည်။ မောင်စာပန်းသည် ကိုလှမောင်အိမ်၌ ဝတ်တက်နေသော အစ်ကိုမောင်ဦးသိန်းနှင့် ရွာသားတစ်ဦးဖြစ်သည့် ကိုသိန်းဟန်တို့ကို သွားခေါ်ပြီးကြည့်ရာ မောင်နီမှာ ဦးခေါင်း၌ ဒဏ်ရာတွေ့ရသည်။ မောင်နီမှာ အရိုက်ခံရပြီးနောက် စကားမပြောနိုင်တော့ပေ။

မောင်နီကို ရွာဆေးပေးခန်းသို့ သယ်ဆောင်လာကာ ဆေးထည့်ပြီး စကုရဲတပ်ဖွဲ့စခန်းမှတစ်ဆင့် မင်းဘူးမြို့ပြည်သူ့ဆေးရုံသို့ပို့လိုက်ရာ ဆရာဝန် ဒေါ်စန်းစန်းမြင့်က လက်ခံကုသသော်လည်း မောင်နီသည် နံနက် ၉ နာရီ ၄၅ မိနစ်အချိန်တွင် သေဆုံးသွားလေသည်။ မောင်နီ၏ ဦးခေါင်းနောက်စေ့တွင် ဦးခွံရိုးကွဲသွားသည့် ပေါက်ပြဲသော ဒဏ်ရာတစ်ချက်တွေ့ရသည်။ ထိုဒဏ်ရာကြောင့် ဦးနှောက်ပေါက်ပြဲသွားသည်ကို တွေ့ရလေသည်။ ထိုဒဏ်ရာသည် မုချသေစေမည့် ဒဏ်ရာတစ်ခုဖြစ်ကြောင်း ဆရာဝန်က ထင်မြင်ချက်ပေးသွားသည်။

အချင်းဖြစ်ညက မောင်နီ၏ခယ်မဖြစ်သူ မညိုကြီးသည် လွန်ဆွဲရာတွင် ဝင်ရောက်ဆင်နွှဲခဲ့ပြီး အချင်းမဖြစ်မီ ဖိနပ်ပျောက်သဖြင့် လိုက်ရှာစဉ် မောင်သံချောင်းကို လွန်ကြိုးစနှင့် ဝါးတုတ်တစ်ချောင်းကို ဖင်ခုထိုင်နေသည်ကို တွေ့လိုက်ရသည်။ အချင်းဖြစ်ပွားပြီးနောက် မောင်သံချောင်းဖင်ခုထိုင်သည့် ဝါးတုတ်ကို မောင်နီအနီး၌ တွေ့ရသည်ဟု အဆိုရှိလေသည်။

အထက်ပါ သက်သေအထောက်အထားများအရ မောင်သံချောင်းအပေါ် မောင်နီကိုရိုက်သတ်ခဲ့သည်



ဟုဆိုကာ ရုံးတင်တရားစွဲဆိုရာ မောင်သံချောင်းက "မိမိသည် လွန်ပွဲ၌ ပထမကိုယ်တိုင်ဝင်ရောက်ဆင်နွှဲကြောင်း၊ ထို့နောက်ဘေးမှထိုင်ကာကြည့်၍ အားပေးနေစဉ် လူရိုက်သံကြားရပြီး လွန်ဆွဲသူများ ရုတ်ရုတ်ရက်ရက်ထွက်ပြေးကြသဖြင့် မိမိလည်း အိမ်အရောက်ပြန်ပြေးရကြောင်း၊ မောင်နီကို မိမိမရိုက်ရကြောင်း ထုချေသော်လည်း မင်းဘူးမြို့ ဒုတိယအထူး (ရာဘက်စက်ရှင်) တရားသူကြီးက မောင်သံချောင်းအပေါ် ရာဇသတ်ကြီးပုဒ်မ -၃၀၂ (၂)အရ အလုပ်နှင့်ထောင်ဒဏ်(၁၀)နှစ်ကျခံစေရန် အမိန့်ချမှတ်ခဲ့ပါသည်။ မောင်သံချောင်းက နိုင်ငံတော်တရားရုံးချုပ်သို့ အယူခံဝင်ခဲ့ပါသည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ယခုအမှုတွင် သေသူမောင်နီကို မောင်သံချောင်းက ရိုက်သည်ဆိုသော စွပ်စွဲချက်နှင့်ပတ်သက်၍ မျက်မြင်သက်သေ တင်ပြနိုင်ခြင်းမရှိခဲ့ပေ။ သို့ရာတွင် အောက်ရုံးတရားသူကြီးက **(က) ရိုက်သံကြားရပြီးနောက်မောင်သံချောင်းသည်မောင်နီလဲနေရာအနီးမှ ထွက်ပြေးသွားသည်ကို မောင်စာပန်းက တွေ့မြင်လိုက်ရခြင်း၊ (ခ) အချင်းဖြစ်ပွားပြီးနောက် ဆွဲကြိုးချသေဆုံးသွားသည့် မောင်စံရင်က ရွာခေါင်းကိုဖိုးညဏ်ကို ဆွဲကြိုးချမသေမီ မောင်နီကိုရိုက်သောသူမှာ မောင်သံချောင်းဖြစ်သည်ဟု ပြောဆိုခဲ့ခြင်း၊ (ဂ) မောင်နီအရိုက်မခံရမီ မောင်သံချောင်းသည် လွန်ကြိုးနှင့် မောင်နီအနီး၌ တွေ့ရသော ဝါးတုတ်ကို ဖင်ခုထိုင်လျက်ရှိသည်ကို မညိုကြီးက တွေ့မြင်ခဲ့ရခြင်း စသည့်အချက်သုံးရပ်အပေါ်** မူတည်၍ မောင်သံချောင်းကို အပြစ်ပေးခဲ့ခြင်းဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ခဲ့ပါသည်။

မောင်စာပန်းသည် အချင်းဖြစ်ပွားပြီးနောက် ချက်ချင်းသော်လည်းကောင်း၊ နောက်နေ့နံနက်၌ ရဲစခန်း၌ပေးခဲ့သော တိုင်ချက်၌သော်လည်းကောင်း၊ နောင်ရဲက စစ်ဆေးသောအခါတွင်လည်းကောင်း မောင်သံချောင်းကို လဲနေသည့်မောင်နီအနီးမှ ထွက်ပြေးသွားသည်ကို တွေ့မြင်လိုက်ရကြောင်း ထုတ်ဖော်ပြောဆိုခဲ့ခြင်းမရှိပေ။ သေသူနှင့် မောင်စာပန်းတို့၏ အစ်ကိုဖြစ်သူ မောင်ဦးသိန်းကလည်း မောင်နီသေဆုံးရသည့် ကိစ္စနှင့်ပတ်သက်၍ ဆွေမျိုးများတိုင်ပင်ကြရာ၌ မောင်စာပန်းက ဘာမှမပြောကြောင်း ဝန်ခံထားသဖြင့် မောင်သံချောင်းကို မောင်နီလဲသည့်နေရာအနီးမှ ထွက်ပြေးသည်ကို မြင်လိုက်ရသည်ဆိုသော **မောင်စာပန်း၏ ရုံးရှေ့ထွက်ဆိုချက်မှာ ချဲ့ထွင်ပြောဆိုသည့် ထွက်ချက်တစ်ခုဖြစ်ကြောင်း ယုံမှားဖွယ်မရှိနိုင်**ဟု တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့ပါသည်။

မောင်သံချောင်းသည် ထိုညက အခြားရွာသားများနည်းတူ လွန်ပွဲတွင် လာရောက်အားပေးလျက်ရှိနေရာ လူရိုက်သံကြားသဖြင့် လွန်ဆွဲသူများ တစ်ကွဲတစ်ပြားထွက်ပြေးကြသည့်နည်းတူ ၎င်းလည်း ထွက်ပြေးခဲ့ဟန် လက္ခဏာရှိရာ ထိုသို့အများနည်းတူ ထွက်ပြေးကာမျှဖြင့် ၎င်းသည်မောင်နီကိုရိုက်သူဖြစ်ရမည်ဟု မဆိုနိုင်ကြောင်း စိစစ်ဝေဖန်ခဲ့ပါသည်။

အချင်းဖြစ်ညက မောင်နီ၏အနီးတွင် မောင်ချောနှင့် မောင်စံရင်ဆိုသူတို့ ရှိနေကြကြောင်း၊ သက်သေအထောက်အထားရှိသည်။ မောင်ချောမှာ မောင်သံချောင်းက မောင်နီကိုရိုက်သည်ဆိုသော စွပ်စွဲချက်ကို အထောက်အကူမပြုသဖြင့် အစိုးရရှေ့နေကြီးက သက်သေအဖြစ်မစစ်ဆေးခဲ့ကြောင်း၊ မောင်စံရင်မှာ အချင်းဖြစ်ပွားပြီးနောက် ဆွဲကြိုးချကာ သတ်သေသွားသဖြင့် သက်သေအဖြစ်မစစ်ဆေးရကြောင်း၊ သို့ရာတွင် မောင်စံရင်သည် ဆွဲကြိုးချမသေမီ ရွာခေါင်းကိုဖိုးညဏ်ကို မောင်နီကို ရိုက်သောသူမှာ မောင်သံချောင်းဖြစ်သည်ဟု ပြောခဲ့သည်ဟုဆိုသည်။ ထိုပြောဆိုချက်ကို အောက်ရုံးတရားသူကြီးသည် မောင်သံချောင်းကို အပြစ်ပေးရာ၌ ထည့်သွင်းစဉ်းစားခဲ့သည်။ အမှန်မှာ ထိုကဲ့သို့သော ပြောဆိုချက်သည် ဥပဒေအရ သက်သေခံမဝင်ကြောင်း တရားရုံးချုပ်က စိစစ်သုံးသပ်ဝေဖန်ခဲ့ပါသည်။

**သက်သေခံဥပဒေပုဒ်မ-၃၂(၁)အရ လူတစ်ဦးတစ်ယောက်သည် မည်သည့်အကြောင်းကြောင့် သေဆုံးရသည်ဆိုသော ပြဿနာပေါ်ပေါက်နေလျှင် မည်သည့်အကြောင်းကြောင့် မိမိသေဆုံးရသည်ဆိုသော ထိုသူ၏ သေခါနီးပြောဆိုချက်ကို သက်သေခံအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။** အသတ်ခံရသူက ၎င်းအသတ်ခံရသည့်ကိစ္စနှင့် ပတ်သက်သော ပြောဆိုချက်သာလျှင် ထိုလူသေဆုံးသွားပါမူ သက်သေခံဝင်မည်ဖြစ်သည်။ အသတ်ခံရသူ၏ ပြောဆိုချက်မဟုတ်ဘဲ အခြားသူတစ်ယောက်ယောက်၏ပြောဆိုချက်ကို သက်သေခံဥပဒေပုဒ်မ-၃၂ (၁)အရ အသုံးမချနိုင်ကြောင်း **ကွန်ဝါပါလ်ဆင်းနှင့် နိုင်ငံတော် အေအိုင်အာရ် ၁၉၄၈ အလာဟာဘတ် စာ-၁၇၀ (၁၇၁)** အမှုစီရင်ထုံးကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့ပါသည်။

ယခုအမှုတွင် မောင်နီသည် မည်သို့မည်ပုံ သေဆုံးရသည်ဆိုသော ပြဿနာပေါ်နေရာ မောင်နီမသေမီ ပြောခဲ့သော စွပ်စွဲချက်ကိုသာ သက်သေခံအဖြစ် အသုံးပြုနိုင်မည်ဖြစ်သည်။ မောင်စံရင် မည်သို့မည်ပုံ သေဆုံးရသည်ဆိုသော ပြဿနာမပေါ်ပေါက်သဖြင့် မောင်စံရင် ဆွဲကြိုးချမသေမီက ပြောဆိုခဲ့သော ပြောဆိုချက်ကို ဤအမှု၌ သက်သေခံအဖြစ် အသုံးမချနိုင်ကြောင်း၊ သို့ဖြစ်ရာ မောင်စံရင်က ၎င်းမသေမီ ကိုဖိုးညဏ်ကို ပြောပြခဲ့သည်ဆိုသော ပြောပြချက်ကို အောက်ရုံးအနေဖြင့် ထည့်သွင်းစဉ်းစားခဲ့ခြင်းမှာ မှားယွင်းနေကြောင်း တရားရုံးချုပ်က စိစစ်ဝေဖန်သုံးသပ်ခဲ့ပါသည်။

အချင်းဖြစ်နေ့ညက မောင်သံချောင်းသည် လွန်ကြိုးနှင့် ဝါးတုတ်ကို ဖင်ခုထိုင်ထားသည်ဟု မညိုကြီးက ထွက်ဆိုထားသည်။ မညိုကြီးက ဖိနပ်ပျောက်၍လိုက်ရှာရင်း မြင်ရသည်ဟုဆိုသည်။ မောင်သံချောင်း ဖင်ခု၍ထိုင်ထားသောတုတ်မှာ မောင်နီအနီး၌ တွေ့ရသောတုတ်ပင်ဖြစ်သည်ဆိုသော မညိုကြီး၏ ထွက်ချက်မှာ တွေ့မြင်ရသည့် အချိန်ကာလနှင့် ဝေဖန်ကြည့်လျှင် များစွာယုတ္တိမရှိကြောင်း၊ ညအချိန်လူအများကြား၌ ဖင်ခုထိုင်ထားသည့်တုတ်ကို အသေအချာ မှတ်မိသည်ဆိုခြင်းမှာ သဘာဝမကျကြောင်း တရားရုံးချုပ်က ထောက်ရှုဝေဖန်သုံးသပ်ခဲ့ပါသည်။

အထက်ပါအကြောင်းအရပ်များကို ပေါင်းစပ်ကြည့်လျှင် မောင်သံချောင်းသည် သေသူမောင်နီကို ရိုက်ခဲ့သည့်လက်သည်ပင် ဖြစ်သည်ဆိုသော အထောက်အထားမှာ ခိုင်လုံခြင်းမရှိကြောင်း ပေါ်လွင်ရာ အောက်ရုံး၏ အမိန့်နှင့်စီရင်ချက်ကို ပယ်ဖျက်လိုက်ပြီး မောင်သံချောင်းကို ဤအမှုနှင့် ပတ်သက်၍ တရားသေလွှတ်ရန် အမိန့်ချမှတ်လိုက်ပါသည်။ **မောင်သံချောင်း (အယူခံတရားလို)နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ(အယူခံတရားခံ) ၁၉၆၆ ခုနှစ်၊ ရာဇဝတ်အယူခံမှုအမှတ်-၁၆၀** စီရင်ထုံးကို ရည်ညွှန်းကိုးကား ရေးသားတင်ပြခြင်းဖြစ်ပါသည်။

ဤအမှုက အလင်းပြလိုက်သည့် အချက်မှာ တရားရုံးရှေ့တွင် သက်သေအဖြစ် ထွက်ဆိုအစစ်ခံခဲ့ရခြင်းမရှိဘဲ သေဆုံးသွားသူတစ်ဦးက အချင်းဖြစ်ကိစ္စတစ်ခုတွင် မည်သူကမည်သူ့ကို ပြစ်မှုကျူးလွန်ခဲ့ကြောင်း တစ်စုံတစ်ဦးကို မသေမီက ပြောဆိုခဲ့သည်ဆိုရာတွင် သက်သေအဖြစ် မစစ်ဆေးခဲ့ရသူတစ်ဦး၏ ပြောဆိုချက်အပေါ် အမှုကိုစီရင်ဆုံးဖြတ်ရာတွင် ထည့်သွင်းဆုံးဖြတ်ရန် မဟုတ်ကြောင်းပင် ဖြစ်ပါသည်။

# ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ကျွန်းလှ ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ၇၂၄၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျွန်းလှမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၂၃၃ ဧကစိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်၍ စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၇၂၄၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျွန်းလှမြို့နယ်မှာ မြေပဲ ၇၂၃၃ ဧကစိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၂၄၅ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကော မြေပဲစိုက်ပျိုးမှုအနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောပြသည်။

ကျွန်းလှမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှု မရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ အသိပညာပေး လုပ်ငန်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက နိုင်ငံတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် မြေပဲကို ဒေသမရွေး ကြိုးပမ်းစိုက်ပျိုးသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

# ဆင်ပေါင်ဝဲမြို့နယ် သမန်းကြီးကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေ ထုတ်ချေး

ဆင်ပေါင်ဝဲ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ညံတောအင်းကျေးရွာအုပ်စု သမန်းကြီးကျေးရွာ၌ ကျေးလက်နေ ပြည်သူများ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ် လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေ ထုတ်ချေးခြင်းကို အဆိုပါကျေးရွာ၌ ယနေ့နံနက်ပိုင်းက ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးနှင့် စည်းမျဉ်းစည်းကမ်းများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ကျေးရွာစီမံကိန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် သိန်း ၄၄၀ ကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကော်မတီဝင်များက သမန်းကြီးကျေးရွာရှိ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ဦးရေ ၁၃၀ အတွက် ရန်ပုံငွေကျပ် သိန်း ၄၄၀ ကို အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ပြောပြ၍ သိရသည်။ **ငြိမ်းသူ(စလင်း)**

# ပျော်ဘွယ်မြို့နယ် ဖက်တောကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

ပျော်ဘွယ် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဖက်တောကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပျော်ဘွယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဟိန်းနှင့် တာဝန်ရှိသူများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ ဖက်တောကျေးရွာ၌ ဆိုလာရေတင်စနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းများနှင့်အညီအချိန်မီပြီးစီးရေး ဆောင်ရွက်သွားကြရန် ဆွေးနွေးမှာကြားသည်။



ဖက်တောကျေးရွာ၌ စိုက်ပျိုးရေရရှိရေးအတွက် အကျယ် လေးလက်မခွဲ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းတူးဖော်ခြင်းနှင့် ဆိုလာစနစ်ဖြင့်သုံးသော ရေပန့်၊ ၃ ဒသမ ၅ ကီလိုဝပ် ဆိုလာတပ်ဆင်ခြင်း လုပ်ငန်းများကို ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၉ ဒသမ ၃၄ သန်းဖြင့် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူ၍ ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# စလင်းမြို့နယ် မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း စစ်ဆေး

စလင်း ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြောင်းကောက်ကျေးရွာအုပ်စု မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ မြောင်းကောက်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် ၃၆ ဒသမ ၃ သန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှုနှင့် စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါ မြောင်းကောက်ကျေးရွာ၌ ယခု ပဉ္စမနှစ်စက်ဝန်းတွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းလုပ်ကိုင်ကြသော စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၆ ဦးကို ငွေကျပ် ၃၆ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။ **သန်းသန်းစိုး**



# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဖျာပုံ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇူလိုင်လအတွင်းပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ဖျာပုံမြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက ပန်းခရုပိဿာချိန် ၄၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒီဘက်က ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေတာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့လက တင်ပို့ရောင်းချခဲ့တဲ့ ရေထွက်ကုန်တွေထဲမှာ ပန်းခရုပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ရန်ကုန်ဈေးကွက်က ဒီဘက်က ပန်းခရုတွေကို အဝယ်လိုက်နေပါတယ်။ တင်ပို့ရောင်းချခဲ့တဲ့ ပန်းခရုတွေက လတ်ဆတ်မှုနဲ့ သန့်ရှင်းမှုအပေါ်မူတည်ပြီး ဈေးနှုန်းအပြောင်းအလဲရှိပါတယ်။ ပန်းခရုတွေ တင်ပို့အားတက်လာတော့ ရေလုပ်ငန်းရှင်တွေ အဓိကအဆင်ပြေလာပါတယ်'' ဟု ဖျာပုံမြို့နယ်ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသူက ပြောပြသည်။

ဖျာပုံမြို့နယ်မှ တင်ပို့ရောင်းချခဲ့သည့် ပန်းခရုတစ်ပိဿာလျှင် ၂၁၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသမှ ပန်းခရုများအပြင် အခြားရေထွက်ကုန်များ အရောင်းအဝယ် ကောင်းလာသည့်အတွက် ရေလုပ်သားများ၊ တစ်နိုင်တစ်ပိုင် အရောင်းအဝယ်လုပ်ငန်းရှင်များ၊ ပွဲရုံလုပ်ငန်းရှင်များ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ အလုပ်အကိုင် အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ပြင်သစ်နိုင်ငံတောင်ပိုင်း Aude စီရင်စုတွင် လောင်ကျွမ်းနေသောတောမီးကို ရာနှုန်းပြည့်မထိန်းချုပ်နိုင်သေး



ပဲရစ် ဩဂုတ် ၁၂

ပြင်သစ်နိုင်ငံ တောင်ပိုင်း Aude စီရင်စုတွင် လောင်ကျွမ်းနေသောတောမီးကို ရာနှုန်းပြည့် မထိန်းချုပ်နိုင်သေးကြောင်း ဒေသဆိုင်ရာ မီးသတ်တပ်ဖွဲ့မှ အကြီးအကဲဖြစ်သူက ဩဂုတ် ၁၁ ရက်တွင် ပြောကြားခဲ့ကြောင်း သိရသည်။

ဩဂုတ် ၅ ရက်က စတင်လောင်ကျွမ်းခဲ့သည့် တောမီးသည် ဩဂုတ် ၁၁ ရက်ထိ လောင်ကျွမ်းနေဆဲဖြစ်ပြီး ပြင်သစ်နိုင်ငံတွင် အကြီးမားဆုံး တောမီးလောင်ကျွမ်းမှုတစ်ခုဖြစ်ကြောင်း၊ အဆိုပါ တောမီးကြောင့် သစ်တောမြေဟက်တာ ၁၆၀၀၀ ပျက်စီးဆုံးရှုံးခဲ့ကြောင်း၊ တောမီးလောင်ကျွမ်းမှုပြင်းထန်သည့်အတွက် မီးသတ်သမားတစ်ဦး သေဆုံးကာ မီးသတ်သမား ၁၉ ဦး နှင့် အရပ်သား ခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ တောမီးကြောင့် နေအိမ်ပေါင်းများစွာ ပျက်စီးခဲ့ကြောင်း သိရသည်။

"တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ဖို့ ကြိုးစားနေပါတယ်။ ရာသီဥတုနဲ့ ပူပြင်းခြောက်သွေ့မှုကြောင့် ပြင်းထန်နေပါတယ်။ လက်ရှိအချိန်ထိတော့ ရာနှုန်းပြည့် မထိန်းချုပ်နိုင်သေးပါဘူး"ဟု မီးသတ်တပ်ဖွဲ့အကြီးအကဲ ခရစ္စတိုဖီမဂ္ဂနီက ပြောကြားခဲ့သည်။

တောမီးကြောင့် ပိတ်ထားသည့် ဒေသဆိုင်ရာဌာနဆိုင်ရာလမ်းများအားလုံးကို ပြန်လည်ဖွင့်လှစ်လိုက်ပြီ ဖြစ်သော်လည်း ပြန်လည် လောင်ကျွမ်းနိုင်သည့် အန္တရာယ်ကြောင့် တောမီးဇုန်အတွင်းလမ်းများကို ပိတ်ထားဆဲဖြစ်ကြောင်း၊ တောမီးလောင်ကျွမ်းမှုကို ရာသီဥတုဖောက်ပြန်မှု၏ သက်ရောက်မှုကြောင့်ဟု သတ်မှတ်ခဲ့ပြီး လူများသတိရှိရန် တိုက်တွန်းသည့် လိမ္မော်ရောင်အပူလှိုင်းသတိပေးချက် ထုတ်ပြန်ထားကြောင်း ပြင်သစ်အာဏာပိုင်များက ပြောကြားခဲ့သည်။

Ref : Sputnik News

Trs : KZ

# တူကီယဲနိုင်ငံတွင် မြေငလျင်လှုပ်ခတ်မှုကြောင့် လူတစ်ဦးသေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိကာ လူနေအိမ်ခြေတချို့ ပျက်စီးခဲ့

အင်ကာရာ ဩဂုတ် ၁၂

တူကီယဲနိုင်ငံ ဘာလီကီဆာရ် စီရင်စုတွင် ဩဂုတ် ၁၀ ရက်က ပြင်းအား ၆ ဒသမ ၁ မဂ္ဂနီကျူရှိသည့် မြေငလျင်လှုပ်ခတ်ခဲ့မှုကြောင့် လူတစ်ဦး သေဆုံးပြီး ၂၉ ဦး ဒဏ်ရာရရှိခဲ့ကာ လူနေအိမ်ခြေတချို့ ပျက်စီးခဲ့ကြောင်း တူကီယဲ ပြည်ထဲရေးဝန်ကြီးဌာနက ထုတ်ပြန်သွားခဲ့သည်ဟုဩဂုတ် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

ငလျင်ဒဏ်သင့် ဇရိယာများတွင် တူကီယဲသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့အစည်းမှ ဝန်ထမ်းများက ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ပေးနေပြီး မြေငလျင်လှိုင်းဒဏ်သင့်



ဇရိယာများတွင်လည်း ပျက်စီးဆုံးရှုံးမှုများရှိခဲ့ကြောင်း၊ မြေငလျင်လှိုင်းဒဏ်သင့် ဇရိယာများတွင် အစ္စတန်ဘူလ်မြို့လဲ ပါဝင်နေပြီး ပျက်စီးဆုံးရှုံးမှုများ ရှိခဲ့ကြောင်း သိရသည်။

မြေငလျင်ဒဏ်သင့် ဇရိယာများတွင် နေထိုင်သောဒေသခံများကို ကယ်ဆယ်ရေးလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရေးအတွက် ကယ်ဆယ်ရေးဝန်ထမ်းအင်အားအမြောက်အမြားကို စေလွှတ်ပေးထားပြီး ပျက်စီးခဲ့သည့် လူနေအိမ်ခြေများမှ ဒေသခံများကိုလည်း ယာယီကယ်ဆယ်ရေးစခန်းများတွင် နေရာချပေးထားကြောင်း သမ္မတအာဒိုဂန်က ပြောကြားခဲ့သည်။

တူကီယဲနိုင်ငံသည် မကြာခဏ မြေငလျင်အန္တရာယ်ဖြစ်ရင်ဆိုင်နေရသည့် နိုင်ငံဖြစ်ပြီး အဆိုးရွားဆုံးသောမြေငလျင်အဖြစ် ၂၀၂၃ ခုနှစ်က တူကီယဲအရှေ့တောင်ဘက်ပိုင်းတွင် ပြင်းအား ၇ ဒသမ ၈ မဂ္ဂနီကျူရှိ လျှင်လှုပ်ခတ်ခဲ့ပြီး လူဦးရေ ၅၀၀၀၀ ထက်မနည်း သေဆုံးခဲ့ကြောင်း တူကီယဲ သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေး အဖွဲ့အစည်းမှ သိရသည်။

Ref : Russia Today

Trs : Sai Sat

# အင်္ဂလန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုကြောင့် ကျန်းမာရေးလုံခြုံမှုသတိပေးချက် အဝါရောင်အဆင့်အဖြစ်သတ်မှတ်

လန်ဒန် ဩဂုတ် ၁၂

အင်္ဂလန်နိုင်ငံတွင် အပူလှိုင်းဖြတ်သန်းနေပြီး အပူချိန်မှာ ၃၅ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ကာ ကျန်းမာရေးလုံခြုံမှုဆိုင်ရာ အဝါရောင်အဆင့်သတိပေးချက် သတ်မှတ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အေဂျင်စီက ထုတ်ပြန်သွားခဲ့သည်ဟု ဩဂုတ် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

အပူချိန် မြင့်တက်မှုသည် ဩဂုတ် ၉ ရက်က စတင်ခဲ့ခြင်းဖြစ်ပြီး ဩဂုတ် ၁၁ ရက်ထိသုံးရက်ဆက်တိုက် အပူချိန်မြင့်တက်ခဲ့ခြင်းဖြစ်ကြောင်း၊ အအေးဓာတ်မြင့်မားသည့် အင်္ဂလန်နိုင်ငံအတွက် စံချိန်တင် အပူချိန်မြင့်တက်မှုဖြစ်ကြောင်း၊ အင်္ဂလန်နိုင်ငံ အရှေ့ဘက်ပိုင်းတွင် အပူချိန်မြင့်တက်မှုဖြစ်ပေါ်နေခြင်းဖြစ်ပြီး အနောက်ဘက်ပိုင်းတွင် လေဖိအားနည်းနေကြောင်း၊ ထိုသို့သော အခြေအနေကြောင့် လာမည့်ငါးရက်ဆက်တိုက် အပူချိန် ဆက်လက်မြင့်တက်မည်ဖြစ်ကြောင်း Met Office မှ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

"အင်္ဂလန်နိုင်ငံအရှေ့ဘက်ပိုင်းမှာ အပူလှိုင်းဖြတ်သန်းပြီးတော့ အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နေပါတယ်။ အနောက်ဘက်ပိုင်းမှာလဲ လေဖိအား နည်းနေတဲ့အတွက် မကြာခင် အပူချိန်မြင့်တက်မှုတွေနဲ့ ရင်ဆိုင်ရနိုင်တယ်။ လက်ရှိမှာတော့ အပူချိန်ပမာဏဟာ ၃၅ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေပါတယ်။ လာမဲ့ ငါးရက်ဆက်တိုက် အပူချိန်မြင့်တက်မှုတွေဖြစ်ပေါ်နိုင်ပါတယ်။ အပူချိန်မြင့်တက်လာရင်တော့ ၁၉၉၀ ပြည့်နှစ်က စံချိန်တင်မြင့်တက်ခဲ့တဲ့ အပူချိန်ပမာဏ ၃၅ ဒသမ ၂ ဒီဂရီ စင်တီဂရိတ်ကို ကျော်လွန်သွားနိုင်ပါတယ်" ဟု Met Office မှ သုတေသီတစ်ဦးက ပြောကြားသွားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၁၂၀၀၀ ပျက်စီး

ဝါရှင်တန် ဩဂုတ် ၁၂

အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်တွင် ဩဂုတ် ၁၀ ရက်က တောမီးလောင်ကျွမ်းမှုဖြစ်ပွားနေပြီး တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောမြေ ဧက ၁၂၀၀၀ ထိ ပျက်စီးနေပြီဖြစ်ကြောင်း ကော်လိုရာဒို မီးသတ်တပ်ဖွဲ့က အတည်ပြုထုတ်ပြန်သွားခဲ့သည်ဟု ဩဂုတ် ၁၁ ရက် သတင်းများတွင် ဖော်ပြထားသည်။

တောမီးသည် ကော်လိုရာဒိုပြည်နယ်အနောက်ဘက်ပိုင်းတွင် ဖြစ်ပေါ်နေခြင်းဖြစ်ပြီး အမှတ်(၁၃) အဝေးပြေးလမ်းမကြီးအား ယာယီပိတ်ထားရကြောင်း၊ အပူချိန်မြင့်တက်မှုနှင့် လေတိုက်နှုန်းကြောင့် တောမီးကိုထိန်းချုပ်နိုင်ရန် ခက်ခဲနေပြီး မီးသတ်တပ်ဖွဲ့အနေဖြင့် လည်းလူနေအိမ်ခြေများ ကာကွယ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိကြောင်း၊ ကော်လိုရာဒိုပြည်နယ်အနောက်ဘက်ပိုင်းရှိ ကောင်တီနှစ်ခုမှ ဒေသခံတချို့ ဘေးလွတ်ရာရွှေ့ပြောင်းနေရပြီး တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် လေကြောင်းအကူအညီကိုရယူသွားမည်ဖြစ်ကြောင်း ကော်လိုရာဒိုမီးသတ်တပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"တောမီးလောင်ကျွမ်းမှုဟာ အရှေ့ပေါ်အဆင့်ရောက်ဖို့ နီးစပ်နေပါတယ်။ အပူချိန်မြင့်တက်မှုနဲ့ လေတိုက်နှုန်းကြောင့် ထိန်းချုပ်ရခက်တဲ့အဆင့်ကို ရောက်ရှိနေပါတယ်။ လက်ရှိလောင်ကျွမ်းနေတဲ့ တောမီးဟာမီးသတ်တပ်ဖွဲ့ဝင်တွေအတွက်တော်တော်ကိုခက်ခဲစေတဲ့ တောမီးဖြစ်ပါတယ်။ တောမီးကြောင့် သစ်တောမြေ ဧက ၁၂၀၀၀ ထိ ပျက်စီးသွားခဲ့ပြီဖြစ်ပါတယ်။ တောမီးကိုထိန်းချုပ်နိုင်ဖို့ မထိခိုက်စေဖို့အတွက် ဦးစားပေး ပြီမီးသတ်ပေးနေပါတယ်။ ကောင်တီနှစ်ခုမှာ နေထိုင်တဲ့ ဒေသခံတချို့ကို ဘေးလွတ်ရာရွှေ့ပြောင်းဖို့အတွက် ညွှန်ကြားထားပါတယ်။ လက်ရှိအချိန်ထိတော့ အခြေခံအဆောက်အအုံတွေ လူနေအိမ်ခြေတွေပျက်စီးတာမျိုးတော့ မရှိသေးပါဘူး"ဟု ကော်လိုရာဒို မီးသတ်တပ်ဖွဲ့မှ သတင်းထုတ်ပြန်ရေး အရာရှိ ဘီတာနေက ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Sputnik News

Trs : Sai Sat

# ပါကစ္စတန်နိုင်ငံ Gilgit ခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းပြီး မြေပြိုမှုကြောင့် လူ ရှစ်ဦး သေဆုံးပြီး လေးဦး ဒဏ်ရာရရှိခဲ့

အစ္စလာမ်မာဘတ် ဩဂုတ် ၁၂

ပါကစ္စတန်နိုင်ငံ မြောက်ပိုင်းရှိ Gilgit ခရိုင်တွင် ဩဂုတ် ၁၁ ရက်က မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပြိုမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး လူရှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ယနေ့တွင် ပြောကြားခဲ့သည်။

ရဲတပ်ဖွဲ့၏အဆိုအရ မြေပြိုမှုသည် Gilgit-Baltistan ဒေသရှိ ခရိုင်တစ်ခုဖြစ်သည့် Gilgit တွင် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ မြေပြိုကျမှု ဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ၊ ရဲများနှင့် ဒေသခံများက အလျင်အမြန်သွားရောက်ကာ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သော်လည်း လူသေဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရမှုများ ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

"မြေပြိုမှုဖြစ်လာတာကတော့ မိုးသည်းထန်စွာ အဆက်မပြတ်ရွာခဲ့တဲ့အတွက်ကြောင့် ဖြစ်သွားတာပါ။ အခုလူသေဆုံးမှုနဲ့ ထိခိုက်ဒဏ်ရာရမှု ဖြစ်ခဲ့သူတွေကတော့ လတ်တလော မိုးသည်းထန်စွာရွာခဲ့တဲ့အတွက်ကြောင့် ဆိုးဆိုးရွားရွား ပျက်စီးသွားတဲ့လမ်းကြောင်းကို ပြုပြင်ဖို့ လုပ်ဆောင်နေတဲ့ စေတနာ့ဝန်ထမ်း အဖွဲ့သားတွေ ဖြစ်ပါတယ်။ မိုးရွာသွန်းမှုကြောင့် တောင့်တင်းမှုမရှိတဲ့ တောင်ကမ်းပါးကနေ ရွှံ့တွေနဲ့ ကျောက်တုံးတွေဟာ ရုတ်တရက်ပြိုကျခဲ့ပြီး အခုလိုဖြစ်သွားတာပါ။ ဒီလို ရဲရင့်တဲ့ စေတနာ့ဝန်ထမ်းတွေရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေကို အမြဲတမ်း အမှတ်ရနေမှာပါ" ဟု Gilgit Baltistan ဒေသ၏ ဝန်ကြီးချုပ် ဟာဂျီဂူဘားခန်းက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : KZ

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

# အမှန်နှင့်အမှားကြားက လူငယ်များ

**လင်းလက်**

**နုနယ်ပျိုမျစ်သော အရွယ်**

လူငယ်ဆိုသော ဝေါဟာရကို လေ့လာကြည့်သည့်အခါ တစ်နိုင်ငံနှင့်တစ်နိုင်ငံ သတ်မှတ်ချက်များမတူညီကြသော်လည်း ယေဘုယျအားဖြင့် ကုလသမဂ္ဂကအသက် ၁၅ နှစ်မှ ၂၄ နှစ်ကြားကာလကို လူငယ်ဟုသတ်မှတ်ထားသည်။ လူငယ်ဆိုသည်မှာ မိဘအုပ်ထိန်းသူတို့၏ ထိန်းချုပ်မှုအောက်မှလွတ်မြောက်၍ အရာရာကို မိမိကိုယ်ပိုင်စဉ်းစားဆုံးဖြတ်မှုတို့ဖြင့် လုပ်ပိုင်ခွင့်ရရှိသည့်အရွယ်ပင်ဖြစ်သည်။ သို့ဖြစ်ရာ လူငယ်ဆိုသည့်အရွယ်သည် အကူးအပြောင်းကာလဖြစ်သဖြင့် ဘဝတစ်ဆစ်ချိုး အရွယ်ဖြစ်သည်။ ထိုအရွယ်တွင် ယေဘုယျအားဖြင့် ဘဝအောင်မြင်မှုကိုဖြစ်စေသည့် ကောင်းသောလမ်းနှင့် ဘဝခါးခါးဖြင့် အမှားများကိုသာဖြစ်စေတတ်သည့် မကောင်းသော လမ်းဟူ၍ လမ်းနှစ်သွယ်ကို မှန်ကန်စွာရွေးချယ်ရသည့် အခိုက်အတန့်လည်းဖြစ်သည်။

အရွယ်သုံးပါးတွင် ပထမအရွယ်ဖြစ်သည့် ပညာရှာဖွေဆည်းပူးသည့်အရွယ်မှသည် ဒုတိယအရွယ် ဥစ္စာစီးပွားရှာဖွေရမည့် အရွယ်ကာလသို့ ဖြတ်သန်းသည့်အချိန်ကို လူငယ်အရွယ်ဟု ခေါ်ဆိုနိုင်သည်။ သင်ယူတတ်မြောက်ခဲ့သည့် ပညာရပ်များကို အကျိုးရှိရှိနှင့် မှန်ကန်မျှတစွာ အသုံးချနိုင်မည်ဆိုပါက တိုးတက်အောင်မြင်သည့် ဘဝကို ပိုင်ဆိုင်နိုင်မည်သာဖြစ်သည်။ ပန်းခင်းသောလမ်းကို လျှောက်လှမ်းမိ၍ ပန်းရောင်စုံတို့ ဖူးပွင့်သာယာလှပနေသည့်ဘဝကို ရယူပိုင်ဆိုင်လိုကြသည်က လူငယ်တိုင်း၏ဆန္ဒပင်ဖြစ်သည်။ ဘဝနှင့်ဆန္ဒထပ်တူကျ၍ အောင်မြင်မှုဆိုသည့် အရာကို ရယူပိုင်ဆိုင်လိုသည်ဟုဆိုပါလျှင် အောင်မြင်မှုကိုဖြစ်စေသည့် မှန်ကန်တည့်မတ်သည့် လုပ်ရပ်များကို လုပ်ကြဖို့လိုသည်။ လူငယ်ဘဝလန်းဆန်းတတ်ကြွသည့် အခိုက်အတန့်ကာလများသည် ဘဝအမှန်တရားများနှင့် ဝေးကွာသွား၍ မဖြစ်ပေ။ အမှန်အမှားကို ပညာဉာဏ်ဖြင့် ခွဲခြားနားလည်၍ ဘဝခရီးလမ်းကို အေးချမ်းတည်ငြိမ်စွာ လျှောက်လှမ်းနိုင်ဖို့ ကြိုးစားရမည်ဖြစ်သည်။

**အရာရာကိုပညာဖြင့် ရင်ဆိုင်**

မြန်မာအဘိဓာန်တွင် ပညာဆိုသည်မှာ ခွဲခြမ်းသိမြင်နိုင်သော အသိဉာဏ်၊ အတတ်"ဟု အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ ဘဝခရီးလမ်းအစ လောကဇာတ်ခုံပေါ်သို့ တက်လှမ်းခါစ လူငယ်များအနေဖြင့် ကြုံတွေ့လာရနိုင်သည့် လောကဓံ၏ စိန်ခေါ်မှုတိုင်းကို ပညာဒိုင်းဖြင့် ကာကွယ်ကျော်ဖြတ်နိုင်ဖို့လိုသည်။ ပညာရှိမှခွင့်သိသည် ဆိုသည့်စကားနှင့်အညီ အရာရာတွင် ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် အမှန်၊ အမှားကိုခွဲခြားဆောင်ရွက်ရမည့် လူငယ်များအနေဖြင့် ပညာဆိုသော တန်ဖိုးမဖြတ်နိုင်သည့် လက်နက်တစ်ပါးကိုစွဲကိုင်ထားရှိရမည်ဖြစ်သည်။

ပညာရှိတွေးကြည့်လျှင် ပြေးကြည့်တာထက်မှန်သည် ဆိုသည့်စကားနှင့်အညီ ပညာရှိတို့သည် အရာရာကို သူတစ်ပါးအားကိုးစရာမလိုဘဲ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဉာဏ်ဖြင့် မှန်မှန်ကန်ကန်တွေးတောဆင်ခြင်ဆုံးဖြတ်နိုင်သည်။ လူငယ်တို့၏ ဘဝတွင် ပြေးကြည့်ဖို့ပင် အချိန်မရဘဲ တဒင်္ဂ ရုတ်ခြည်းဆုံးဖြတ်ချက်ချရသည့်အခိုက်အတန့်များ ရှိနေတတ်သည်။ ပညာဉာဏ်နည်းပါးသူများ၏ ဆုံးဖြတ်ချက်သည် လက်တွေ့ဘဝနှင့် ဆန့်ကျင်ဘက်ဖြစ်နေတတ်သည်။ အသိပညာအတတ်ပညာတို့ကို ရှာဖွေဆည်းပူးခဲ့ပြီး ပညာရည်ပြည့်ဝ၍ နှလုံးရည်လှကြသူများသည် ဘဝအမှန်တရားများကို ကိုယ်တိုင်ရှာဖွေနိုင်သည်။ ကြုံလာရသမျှသော အခက်အခဲတိုင်းကို စိစစ်ဝေဖန်ပိုင်းခြားနိုင်သည့် ပညာစွမ်းအားဖြင့် ကျော်လွှားနိုင်ကြသည်။

**ဘယ်ဘက်ကရပ်တည်မလဲ**

အမှန်နှင့်အမှားဆိုသည့်အရာမှာ ဒင်္ဂါးပြား၏ မျက်နှာပြင်နှစ်ဖက်ကဲ့သို့သာဖြစ်သည်။ မိမိရပ်တည်ဆောင်ရွက်နေသောဘက်သည် မှားမှန်းမသိဘဲ လိုက်ပါဆောင်ရွက်မိသည့်အခါ ကပ်လျက်ရှိသော အမှန်တရားများကို ရှာဖွေနိုင်စွမ်းမရှိတော့ပေ။ မိမိသည်သာ အမှန်၊ မိမိ၏လုပ်ရပ်သည်သာ သဘာဝကျသည်ဟု ထင်မြင်မိတတ်ကြသည်။ စဉ်းစားတွေးခေါ်နိုင်စွမ်း နည်းသည့်အခါ ဒင်္ဂါးပြား၏ အခြားတစ်ဖက်၌ မိမိ၏ လုပ်ရပ်နှင့်မတူသော သဘာဝအမှန်တရားများ ရှိနေတတ်သည်ကို သတိပြုမိတော့မည်မဟုတ်ပေ။ အမှားကို မှားမှန်းသိသည့်အခါ ပြင်ဆင်ရန်ကြိုးစားကြသည်။

> ❖ ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏ ဆိုသည်နှင့်အညီ ငယ်စဉ်အခါ ပညာရှာဖွေရမည့်အရွယ်တွင် ပညာကို အပတ်တကုတ်လေ့လာလိုက်စားခဲ့သူများသည် အရာရာကို ပညာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုး ဒွန်တွဲနေသည့် လောက၌ ကျင်လည်နေရသည့် လူငယ်များအနေဖြင့် အရာရာကိုပညာဉာဏ်မျက်စိဖြင့် ခွဲခြား သိမြင်နိုင် စွမ်းရှိဖို့လိုသည်။ ❖

ပညာဉာဏ်နည်းပါးသူတို့အဖို့မှာမူ မိမိ၏ ရပ်တည်ချက်၊ လုပ်ရပ်တို့သည် မှားသည် မှန်သည်ကိုပင် မသိဖြစ်သဖြင့် ပြင်ဆင်ရန်မှာ မဖြစ်နိုင်တော့ခြင်းကြောင့် အမှားသံသရာလည်နေရတော့သည်။

တိုးတက်လာသည့် နည်းပညာနှင့်အတူလူငယ်များကြား ရေပန်းစားလာနေသည့် အရာများလည်း ရှိလာသည်။ ပညာရည်ပြည့်ဝသူများက အွန်လိုင်းနည်းပညာများကို အသုံးပြု၍ မိမိဘဝတက်လမ်းကို အလွယ်တကူ ရှာဖွေတွေ့ရှိသွားကြသည်။ နေအိမ်မှပင် အရောင်းအဝယ်ပြုလုပ်နိုင်သည်ထိ နည်းပညာနယ်ပယ်က ကျယ်ပြန့်လာသည်။ တစ်ဖက်တွင်လည်း ပညာဉာဏ်နည်းပါးသည့် လူငယ်များကို ပစ်မှတ်ထားလာသည့် အွန်လိုင်းဂိမ်းများ၊ ငွေကြေးလိမ်လည်မှုများ၊ ဒုစရိုက်လုပ်ငန်းများအတွက် ဆွဲဆောင်စည်းရုံးမှုများကလည်း တွင်ကျယ်လာပြီဖြစ်သည်။ အမုန်းစကားများကို ဖြန့်ဝေ၍ လူငယ်တို့၏ နုနယ်သောနှလုံးသားတို့တွင် ယမ်းခိုးများဝေကာ အနေမတတ်ဖြစ်ပြီး လူမှုပတ်ဝန်းကျင်ကို ဖျက်ဆီးသော အလုပ်များလုပ်ရန်ပင် မြူဆွယ်လာကြပြီဖြစ်သည်။ အမှန်တရားသည် ပင်ခါးသကဲ့သို့ဖြစ်စေအောင် ဆွဲဆောင်ရေးသားနေကြသည့်အဖျက်မီဒီယာများ၏ စာသားတွင် လူငယ်တို့၏နှလုံးသားများ ပျော်ဝင်သွားခြင်းမရှိဖို့လိုသည်။

**ပြောတိုင်းယုံရမှာလား**

နည်းပညာခေတ်တွင် လူငယ်များ၏ လက်အတွင်းသို့ အချိန်ခဏအတွင်း ကမ္ဘာပတ်နိုင်သည့် အင်တာနက်ဆိုသည့် အရာကရောက်ရှိလာပြီဖြစ်သည်။ အကျိုးရှိရှိအသုံးချတတ်မည်ဆိုပါက ဘဝအတွက် ပညာရပ်များကို နေ့မအားညမအားကြိုးစားရှာဖွေစုဆောင်းနိုင်သည့် အခြေအနေပင်ဖြစ်သည်။ ကမ္ဘာကြီးပေါ်တွင် ဖြစ်ပေါ်တိုးတက်နေသည့် နည်းပညာများကို ဖုန်းတစ်လုံးရှိရုံမျှဖြင့် လေ့လာနိုင်ကြပြီဖြစ်သည်။ ကမ္ဘာကြီးက ရွာကြီးတစ်ရွာဖြစ်နေပါသည်ဟုဆိုပါလျှင် ထိုရွာတွင် ကျင်လည်ရာ၌ ပညာဉာဏ်နည်းပါး၍ လမ်းမှားလိုက်မိဖို့ကလည်းအလွယ်လေးပင်ဖြစ်သည်။ အရှင်းဆုံးဥပမာတင်ပြရမည်ဆိုလျှင် လူမှုကွန်ရက်မီဒီယာသုံး၍ နည်းပညာကို အကျိုးရှိရှိ အသုံးချကာ စီးပွားဥစ္စာရှာဖွေစုဆောင်းနေကြသူများရှိသကဲ့သို့ ဂိမ်းကစားခြင်းကဲ့သို့သော လမ်းမှားလိုက်၍ မိုက်နေကြသည့်လူများလည်းရှိတတ်သည်။ ဘယ်သူသေသေ ငတေမာရင်ပြီးရောဆိုသည့် ဝိသမလောဘသားများ ရှိနေတတ်သည့် လောကသဘာဝကို အပြစ်ဟုပြောနေရမည်ဆိုပါလျှင် ပြီးနိုင်တော့မည်မဟုတ်ပေ။ ကိုယ်တိုင်ထိုသူတို့၏ မာယာကျော့ကွင်းအတွင်းသို့ မရောက်ရှိအောင် ကြိုးစားဖို့က အဓိကပင်ဖြစ်သည်။

လူမှုပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသောအရာများကို အချိန်နှင့်တစ်ပြေးညီ သိနိုင်သည်က နည်းပညာပင်ဖြစ်သည်။ ကမ္ဘာကြီး၏ အခြားတစ်ဖက်မိမိတို့လက်လှမ်းမမီနိုင်သည့် နေရာများတွင် ဖြစ်ပေါ်တိုးတက်နေသည်များကိုပင် မိမိ၏ လက်ကိုင်ဖုန်းအတွင်းမှ ကြည့်ရှုလေ့လာနိုင်ပြီဖြစ်သည်။ အေအိုင် – AI ဟုလူသိများသည့် ဉာဏ်ရည်တုနည်းပညာခေတ်စားလာသည့်အခါတွင် သတင်းတိုင်းက အမှန်ဟုယူဆရန် ခဲယဉ်းသွားလေသည်။ ကမ္ဘာကြီး၏ အခြားတစ်ဖက် မိမိတို့နှင့် သက်ဆိုင်ခြင်းမရှိသည့် နေရာဒေသတစ်ခုတွင် ဖြစ်ပွားနေသည့် အကျည်းတန်အရုပ်ဆိုးသည့် ဖြစ်ရပ်များကိုပင် မိမိတို့လူမှုပတ်ဝန်းကျင်အတွင်းဖြစ်ပွားနေသည့် အသွင်ဖြစ်အောင် ဖန်တီးပုံဖော်နေကြသူများကလည်း ရှိလာသည်။ နည်းပညာကိုမကောင်းသည့်ဘက်တွင် အသုံးချပြသည့်အခါ မျိုးဆက်သစ်လူငယ်များ၏ စိတ်အစဉ်တွင် ဒေါသ၊ မောဟ၊ မာန်မာန စသည့်အရာများကိန်းအောင်းသွားပြီး အဖျက်လုပ်ငန်းများကိုပင် လုပ်ဆောင်မိတတ်ကြသည်။

**ပညာဉာဏ်အလင်းတံခါးဖွင့်ထားပါ**

မိမိတို့၏ လူမှုစီးပွားဘဝတိုးတက်အောင် စွမ်းဆောင်ပေးမည့်သူများ၏ ရပ်တည်မှုနောက် လိုက်ပါဆောင်ရွက်ရမည့် မျိုးဆက်သစ်လူငယ်များကို အဖျက်လုပ်ငန်းများဘက် မရောက်ရောက်အောင် သွေးဆောင်စည်းရုံးနေသည့် သတင်းတု၊ သတင်းမှားများကလည်း အွန်လိုင်းမီဒီယာများပေါ်တွင် ပျံ့နှံ့နေသည်။ ထိုသတင်းများကို လူမှုပတ်ဝန်းကျင်အတွင်း ဖြန့်ဝေနေသူများသည် ဘယ်နေရာ၊ ဘယ်ဒေသ၊ ဘယ်အရပ်ကမှန်းမသိ နိုင်သည့်အနေအထားတွင်ရှိနေသည်ကို သတိပြုမိဖို့လိုသည်။ မည်သူကမည်သို့ပင်စည်းရုံးစေကာမူ ပညာဉာဏ်တရားဖြင့် အမှန်တရားများကို လက်ကိုင်ထားတတ်ကြသည့်လူငယ်များကိုမူ အမှောင်လမ်းသို့တွန်းပို့နိုင်လိမ့်မည်မဟုတ်ပေ။ လောက၌ ပညာနှင့်တူသော အလင်းရောင်သည်မရှိဆိုသည်နှင့်အညီ ပညာဉာဏ်အလင်းတံခါးဖွင့်ထားသူများအတွက် အမှန်တရားလမ်းကြောင်းပေါ်မှ သွေဖည်သွားကာ အမှောင်ဘက်ခြမ်းသို့ လျှောက်လှမ်းလိုခြင်းရှိလိမ့်မည်မဟုတ်ပေ။

အမှန်နှင့်အမှားကို ပိုင်းခြားဝေဖန်သုံးသပ်ဆုံးဖြတ်ရသည့်အခါတွင် အချက်အလက်အထောက်အထားများ ခိုင်မာနေဖို့လိုသည်။ သတင်းအချက်အလက်တစ်ခုကို အွန်လိုင်းမီဒီယာတစ်ခုတွင် တွေ့လိုက်သည်ဆိုကာမျှဖြင့် ယုံကြရမည်လားဆိုသည့် အတွေးမျိုးရှိသင့်သည်။ အဆိပ်အတောက်ဖြစ်စေသည့် သတင်းစကားများဖြန့်ဝေပေးလေ့ရှိသည့် အဖျက်မီဒီယာဖြစ်နေသည်ဆိုပါက ကိုယ်တိုင်ပင် အဖျက်သမားများဖြစ်သွားဖို့သာရှိသည်။ နေ့စဉ်မိမိကြည့်ရှုနေသည့် အရာများက မိမိ၏ နှလုံးသားကို အမုန်းတရားများဖြင့်သာ ပြည့်နှက်နေခြင်းမရှိရအောင် သတိထားဖို့လိုသည်။ စိတ်ရောကိုယ်ပါ ကျန်းမာရေးကိုပေးနိုင်မည့် သတင်းစကားများ၊ မိမိနှလုံးသားသို့ ပညာစွမ်းအားများဖြည့်စွမ်းပေးနိုင်သည့်အရာများ၊ အတတ်ပညာတစ်ခုခုကို ပေးအပ်နိုင်သည့် မီဒီယာများ၊ ပညာရေးကျန်းမာရေးအသိတို့ကိုပေးနေသည့် သတင်းချန်နယ်များ စသည့် ဉာဏ်အလင်းတံခါးပွင့်သွားစေမည့် နေရာများ၌သာ အချိန်ကို အကျိုးရှိရှိအသုံးချဖို့လိုသည်။

**အမှန်တရားဘက်တော်သားများ**

ပညာပြည့်ဝ၊ နှလုံးလှသော်၊ ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်၊ ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ ပြီးနိုင်စွာ၏ ဆိုသည်နှင့်အညီ ငယ်စဉ်အခါ ပညာရှာဖွေရမည့်အရွယ်တွင် ပညာကို အပတ်တကုတ်လေ့လာလိုက်စားခဲ့သူများသည် အရာရာကို ပညာဖြင့် ဖြေရှင်းဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ အမှန်နှင့်အမှား၊ အကောင်းနှင့်အဆိုးဒွန်တွဲနေသည့်လောက၌ ကျင်လည်နေရသည့် လူငယ်များအနေဖြင့် အရာရာကို ပညာဉာဏ်မျက်စိဖြင့် ခွဲခြားသိမြင်နိုင်စွမ်းရှိဖို့လိုသည်။ လူသားဆန်သော လူပီသသော လူတစ်ယောက်ဖြစ်ကာ လူသားနှင့် လူမှုပတ်ဝန်းကျင်အကျိုး သယ်ပိုးနိုင်ရေးပညာကပေးသော ခွန်အားများရှိထားကြမည်ဖြစ်သည်။ ပညာရဲရင့် ပွဲလယ်တင့်ဆိုသည့်စကားကို လက်ကိုင်ထား၍ ကိုယ်တိုင်ပညာဉာဏ်ကို လက်ကိုင်ထားပြီး အမှန်တရားဘက်တော်သားအဖြစ် ရပ်တည်နိုင်ရန် ကြိုးစားရမည်ဖြစ်သည်။

မိမိနှလုံးသားအတွင်း၌ ကိန်းအောင်းနေသော ပညာဉာဏ်အလင်းသည် မည်သည့်အကြောင်းနှင့်မျှ မှေးမှိန်ပျောက်ကွယ်သွားခြင်းရှိလိမ့်မည်မဟုတ်ပေ။ ဉာဏ်ပညာအလင်းတံခါးဖွင့်ထားသည့် လူငယ်များအနေဖြင့် မိဘအုပ်ထိန်းသူတို့၏ ကွပ်ကဲထိန်းချုပ်မှုအောက်မှ လွတ်မြောက်၍ ဘဝလမ်းခရီးကို ကိုယ်တိုင်မှန်ကန်တည့်မတ်စွာ လျှောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ကိုယ်တိုင်ပညာရည်ပြည့်ဝ၍ နှလုံးသား၌ မှန်ကန်သော အသိတရားများရှိထားပြီးသော လူငယ်များသည် နိုင်ငံတော်အတွက် ပြည်သူအတွက် အဖိုးထိုက်တန်သော ရတနာများ ဖြစ်လာမည်ဖြစ်သည်။ ထိုရတနာများကို တန်ဖိုးမဲ့မဖြစ်ရလေအောင် အရောင်တင်ပေးမည့် ဉာဏ်ပညာအလင်းတံခါးများ ဖွင့်ထားနိုင်ကြပါစေကြောင်း ရည်ရွယ်၍ ရေးသားတင်ပြလိုက်ရပါသည်။

**ကိုးကား**

**– နေ့စဉ်ထုတ်သတင်းစာများ**

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ရွှေဘို ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၂၅၃ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးကေ ၁၀၉၄၀၀ စိုက်ပျိုးရန်အတွက် လျာထားပြီး အဆိုပါစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇွန်လတတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၂၅၃ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ရွှေဘိုမြို့နယ်မှာစပါးကေ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ကေ၂၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ စပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာ၊ မျိုးတွေဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေအနေနဲ့ စပါးတွေ အချိန်မီစိုက်ပျိုးနိုင်ဖို့ ကွင်းဆင်း ဆောင်ရွက်ပေးနေပါတယ်" ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါးစိုက်ပျိုးရာတွင် အခက်အခဲမရှိ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ရွှေဘိုမြို့နယ်တွင် စပါးစိုက်တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယခုနှစ် ရွှေဘိုမြို့နယ်တွင် စိုက်ပျိုးထားသော စပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်စေရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ပိုးမွှားကျရောက်မှုကင်းထောက်ခြင်း၊ တမန်းနှီး ပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲခြင်း စသည့် စိုက်ပျိုးရေးဆိုင်ရာနည်းပညာပေးခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာမည်ဖြစ်သောကြောင့်စပါးကိုဒေသမရွေး ပိုမိုတိုးချဲ့ စိုက်ပျိုးသင့်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

ပြည် ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အုတ်ဆွဲကျေးရွာအုပ်စု ဝန်တင်ဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်း၊ Pipe Culvert ၃စင်း တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၁၁ ရက်က တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခိုင်ရွှေဝါ၊ ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးဇော်နှင့် ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ဝန်တင်ဆိပ်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်းနှင့် Pipe Culvert ၃ စင်း တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

ပြည်မြို့နယ် ဝန်တင်ဆိပ်ကျေးရွာ၌ လမ်းအရှည် ပေ ၃၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိ ကျေးလက်ကုန်ထုတ်လမ်းမြေနီကျောက်စရစ်ခင်းခြင်း လုပ်ငန်း၊ အချင်း ၂ ပေ၊ အရှည် ပေ၂၀ ရှိသော Pipe Culvert ၃ စင်း တည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေကျပ် ၄၇ ဒသမ ၂၁ သန်း အသုံးပြုပြီး တုန်ှင်းမဲ့ကေရီကုမ္ပဏီမှ တာဝန်ယူ၍ ယခုနှစ် ဩဂုတ် ၁ ရက်မှစတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၃၀ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ပြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုနိုင်






အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .

‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’




DAGON ဒဂုံ MALTA FRESH

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၂၆၁၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

ထာဝရလှပသော အပြုံးအတွက်

Fluoride ပါဝင်သောကြောင့် သွားများကို ဖြူဖွေးတောက်ပစေပါသည်။

DENTOMEC






ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၆၉၉၀၂၇၀၈၅၊ ၀၉ ၄၂၈၀၅၅၁၆၉
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

DENTIST RECOMMENDED FDA အမှတ်-2212 PCE 0013

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အထက (၂၇)ကျောင်းတွင် ပညာသင်ကြားနေသော မောင်မျိုးမြင့်သူ(Grade-9)နှင့် မခိုင်ဖူးငုံ (Grade-9)တို့၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ ဦးဇော်လင်းဖြစ်ပါကြောင်း။

**ဦးဇော်လင်း(၉/ပကခ(နိုင်)၀၄၉၈၂၄)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ သီရိမာလာအနောက် အကွက်(၂၀၈)၊ ရွှေလောင်းကြီးရပ်ကွက်နေ (ဘ) ဦးကြည်ဝင်းနှင့် ဒေါ်မာခင်တို့၏သား မောင်လှမိုးအောင်(၉/အမဇ(နိုင်)၀၇၄၆၂၅)သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ စိတ်ဆင်းရဲစေသောကိစ္စများ၊ ဂုဏ်သိက္ခာကျဆင်းစေသောကိစ္စများပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးကြည်ဝင်း(၉/အမဇ(နိုင်)၁၁၇၉၅၈)**
**ဒေါ်မာခင်(၅/ရဥန(နိုင်)၁၃၃၈၅၆)**

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ ၆၄ လမ်း၊ ၁၆ လမ်း၊ အကွက်(၉)နေ ဦးရဲလင်းထက် (ဘ) ဦးထင်လင်း(၉/အမဇ(နိုင်)၀၃၉၄၆၆)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ-798243)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-798882267**

## ပျောက်ဆုံးကြောင်း

ပြည်ကြီးတံခွန်မြို့နယ်၊ သင်ပန်းကုန်းရပ်ကွက်နေ မကော်ရွှေဆင်း (ဘ) ဦးကျော်ရင်လှ (၁၃/လရန(နိုင်)၀၇၉၃၉၂)၏ နိုင်ငံကူးလက်မှတ်အမှတ်(MA-397116)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-683955688**

## ကြော်ငြာစာ
## (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
## ကျောက်ဆည်ခရိုင်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် - ၅၄

**ကွယ်လွန်သူ ဦးဘီနီမာရိုး၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်း၍ အမှု**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ ကျောက်ဆည်မြို့၊ ဆူးကုန်းရပ်ကွက်တွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးဘီနီမာရိုး၏ ကျန်ရစ်ခဲ့သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဒေါ်ခင်ငွေးကြွယ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၅ ခုနှစ်၊ ဩဂုတ် ၂၆ ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)နေ့တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးဘီနီမာရိုး၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည်အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟုထင်မြင်လျှင်)ဆိုခဲ့သော ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၂၆ ရက်(၁၃၈၇ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်ခင်ငွေးကြွယ်၏လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ကျော့မေခိုင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ကျောက်ဆည်ခရိုင်တရားရုံး

## ပျောက်ဆုံးကြောင်း

ရှမ်းပြည်နယ်၊ ပန်ဆိုင်းမြို့၊ ရပ်ကွက်(၁)၊ အမှတ်(၆၈)နေ ဦးတုံဝင်ဂျန်း (ဘ) ဦးတုံရှောင်ကျန်း(၁၃/မဆတ(နိုင်)၀၃၀၅၀၈)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09-44043898**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## အမည်ပြောင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းမြန်မာကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade-12 Jasmine တန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးမျိုးမျိုးဆွေ၏သမီးဖြစ်သူ မနန်းသဒ္ဒါဆွေအား မသဒ္ဒါမျိုးဆွေဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မသဒ္ဒါမျိုးဆွေ**

**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ဆေးလိပ်သောက်ခြင်းသည် ခုခံအားစနစ်ကို ကျဆင်းစေသဖြင့် COVID-19 ရောဂါပိုး အလွယ်တကူ ကူးစက်ဝင်ရောက်နိုင်သောကြောင့် ရှောင်ကြဉ်သင့်သည်။




**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

COVID-19 ရောဂါပိုးကူးစက်မှုကို ကာကွယ်နိုင်ရန်နှင့် ကိုယ်ခံအားကောင်းမွန်နေစေရန် ဗီတာမင်စီ ပြည့်ဝစွာပါဝင်သည့် အသီးအနှံများကို စားသုံးသင့်သည်။ (လိမ္မော်၊ စတော်ဘယ်ရီ၊ ကီဝီ··· စသည်)



**COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်**

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမျှမက အစာကိုလည်း ကြေညက်စေသည်။



❖ ဖြစ်ပေါ်လာနိုင်သည့် ကမ္ဘာလုံးဆိုင်ရာပြတ်တောက်မှု(Global Disruptions)များကြောင့် ဖြစ်လာနိုင်သည့်ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် ဒေသဆိုင်ရာစီးပွားရေးပေါင်းစပ်မှု(Regional Economic Integration)များကို လုပ်ဆောင်ရန်လို...

❖ ဒေသတွင်းထုတ်လုပ်မှုကွင်းဆက်(Supply Chains)များကို အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် မတ် ၂၁ ရက်တွင် ပြုလုပ်သော ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# 2025 European Athletics U20 Championships ပြေးခုန်ပစ်ပြိုင်ပွဲတွင် ဖစ်ဇ်ဂျဲရိုက ဗြိတိန်အသင်းအတွက် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူး




**ဟယ်စင်ကီး ဩဂုတ် ၁၂**

ဖင်လန်နိုင်ငံတွင် ကျင်းပခဲ့သည့် 2025 European Athletics U20 Championships အမျိုးသမီးပြေးခုန်ပစ်ပြိုင်ပွဲ မီတာ ၃၀၀၀ နှင့် မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် ဗြိတိန်ကိုယ်စားပြု ပါဝင်ယှဉ်ပြိုင်ခဲ့သည့် အသက် ၁၉ နှစ်အရွယ် ဖစ်ဇ်ဂျဲရိုသည် ရွှေတံဆိပ်နှစ်ခု ဆွတ်ခူးနိုင်ခဲ့ကြောင်း ဗြိတိန်ပြေးခုန်ပစ်အဖွဲ့ချုပ်က ထုတ်ပြန်ခဲ့သည်ဟု ယနေ့တွင် ဖော်ပြခဲ့သည်။

ဖစ်ဇ်ဂျဲရိုသည် မီတာ ၃၀၀၀ အပြေးပြိုင်ပွဲ၌ ၈ မိနစ် ၄၆ ဒသမ ၃၉ စက္ကန့် စံချိန်ဖြင့် ပန်းဝင်ခဲ့ပြီး မီတာ ၃၀၀၀ ပြိုင်ပွဲ၏ အကောင်းဆုံးစံချိန်ကိုလည်း ရရှိခဲ့သောကြောင့် European Athletics U20 Championships ပြေးခုန်ပစ်ပြိုင်ပွဲတွင် ၃၃ နှစ်ကြာစံချိန်တင်ထားသော အကောင်းဆုံးစံချိန်ထက် လေးစက္ကန့်ပိုမြန်ခဲ့ကြောင်းလည်း သိရသည်။

ဖစ်ဇ်ဂျဲရိုက "မီတာ ၃၀၀၀ နဲ့ မီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွေမှာ ဗြိတိန်ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရခဲ့လို့ **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

## အာဆီယံ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ် ယှဉ်ပြိုင်မှုများ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဩဂုတ် ၁၂**

၁၃ ကြိမ်မြောက် အာဆီယံအမျိုးသမီးတံခွန်စိုက်ဘောလုံးပြိုင်ပွဲများကို ဩဂုတ် ၆ ရက်မှ ၁၉ ရက်ထိ ဗီယက်နမ်နိုင်ငံတွင် ကျင်းပလျက်ရှိရာ အဆိုပါပွဲစဉ်များအနက် မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ဖိလစ်ပိုင်အမျိုးသမီးလက်ရွေးစင်အသင်းတို့သည် ဩဂုတ် ၁၃ ရက် **(ယနေ့)** ည ၇ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။


အဆိုပါပွဲစဉ်ကို ယင်းနေ့ည ၆ နာရီ ၄၅ မိနစ်မှစတင်၍ MRTV Entertainment Channel မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။ **(သတင်းစဉ်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် ဩဂုတ် ၁၂**

ယနေ့ညနေ ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်တွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်လာနိုင်ခြင်းကြောင့်လည်းကောင်း ဩဂုတ် ၁၃ ရက်မှ ဩဂုတ် ၁၇ ရက်အတွင်း မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ **စာမျက်နှာ ၂၂ ကော်လံ ၁** ❑

**မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၁၂ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲအချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ**




**နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များနှင့် PDF အမည်ခံ အဖွဲ့ဝင် ၁၀၄ ဦး လက်နက်ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်** စာမျက်နှာ- ၂၁

**နောင်ချိုမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြား၊ ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆက်လက်ဆောင်ရွက်** စာမျက်နှာ- ၁၆

